# ကြေးမုံ The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်၊ ကြာသပတေးနေ့၊ (22-1-2015) (စ၀၉၃)


## ချမ်းသာခြင်းသည် အစဉ်လိုက်

မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ မနောသေဋ္ဌာ မနောမယာ၊
မနသာ စေ ပသန္နေန၊ ဘာသတိ ဝါ ကရောတိ ဝါ၊
တတော နံ သုခမန္ဝေတိ၊ ဆာယာ၀ အနပါယိနီ။

နာမ်ခန္ဓာလေးပါးတို့သည် စိတ်သာလျှင် ရှေ့သွားရှိကုန်၏။ စိတ်သာလျှင် အကြီးအမှူးဖြစ်ကုန်၏။ စိတ်ဖြင့်သာ ပြီးကုန်၏။ ကောင်းမြတ်ကြည်လင်သောစိတ်ထားဖြင့် အကယ်၍ ပြောဆို၍သော်လည်းကောင်း၊ ပြုလုပ်၍သော်လည်းကောင်း၊ ထိုအကြောင်းကြောင့် အရိပ်သည် လူ၏နောက်သို့ အစဉ်လိုက်နေသကဲ့သို့ ထိုသူ့ထံသို့ ချမ်းသာသည် အစဉ်လိုက်နေပေ၏။

(ယမကဝဂ်၊ ဓမ္မပဒ)

# ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် ပြင်ဆင်ထားရှိမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေးအဖွဲ့မှ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာအိဗ်လတ်တာမေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၄ နာရီက နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏမောင်လွင်၊ ဦးခင်ရီနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်ခံတွေ့ဆုံစဉ် နိုင်ငံတော်အစိုးရအနေဖြင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေးအတွက် ကူညီဆောင်ရွက်မည့်အခြေအနေများ၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတမှုရှိသည့် ရွေးကောက်ပွဲဖြစ်စေရန် ပြင်ဆင်ထားရှိမှုအခြေအနေများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်ပူးပေါင်း၍ လူမှုအဖွဲ့အစည်းပိုင်းဆိုင်ရာ၊ မဲဆန္ဒရှင်ပိုင်းဆိုင်ရာများနှင့် မီဒီယာပိုင်းဆိုင်ရာလုပ်ငန်းများတွင် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**



# ရထားတွဲဆိုင်းများ အဆင့်မြှင့်တင်ခြင်းနှင့် ရထားလမ်းပိုင်းများ တိုးချဲ့ပြေးဆွဲ



ပုဂံ-ကျောက်ပန်းတောင်းလမ်းပိုင်း၌ ရေနွေးငွေ့စက်ခေါင်း အထူးရထားဖြင့် ခရီးသွားများအား ဝန်ဆောင်မှုတိုးမြှင့်ပေးလျက်ရှိသည်။

**ညောင်ဦး ဇန်နဝါရီ ၂၁**

မကွေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံဘူတာကြီး အမှတ်(၁) စကြံတွင် ရန်ကုန်မှ ပခုက္ကူသို့ ထွက်ခွာလာသော အမှတ်(၆၁) အဆန်၊ (၆၂) အစုန်ရထားအား ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီခွဲက တွေ့မြင်ရသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဒေသခံပြည်သူများ စျေးနှုန်းသက်သာစွာ ခရီးသွားလာနိုင်ရန် ဝန်ဆောင်မှုများကို တိုးမြှင့်လုပ်ဆောင်ပေးလျက်ရှိသကဲ့သို့ ရထားလမ်းပိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရေးနှင့် တွဲဆိုင်းများ အဆင့်မြှင့်တင်မှုများ ဆောင်ရွက်လျက်ရှိသည်။

ယင်းကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ယခင်က ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆန်လမ်းပိုင်း၊ အစုန်လမ်းပိုင်း အသွား/အပြန် နေ့စဉ်ပြေးဆွဲလျက်ရှိရာတွင် ယခုအခါ

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**

## ထူးခြားသည့် ညအပူချိန်များ

| | | |
|---|---|---|
| ပူတာအို | ၄ | ဒီဂရီစင်တီဂရိတ် |
| လွိုင်လင် | ၄ | ဒီဂရီစင်တီဂရိတ် |
| ဟားခါး | ၅ | ဒီဂရီစင်တီဂရိတ် |
| ပြင်ဦးလွင် | ၅ | ဒီဂရီစင်တီဂရိတ် |
| မိုးကုတ် | ၅ | ဒီဂရီစင်တီဂရိတ် |

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် ညအပူချိန်များ ဆက်လက်လျော့နည်းနေမည်။


ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ဂ/၂၀၁၁၊ တဆထလ/တို(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)

RE GD.

ကွမ်းရွက်ပုံ ဆေးကောင်း

ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။

မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

RE GD

ဒူးနာ၊ ခါးနာ၊ ကျီးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးမော၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ

ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်

10111 Y 009386 ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၈/၂၀၀၈ တဆထလ/ တို(၀၃၃)

အမြို့မြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။

ကြေးမုံ စာတည်းရှုထောင့် ၂၂-၁-၂၀၁၅၊ ကြာသပတေးနေ့

# မွန်မြတ်သည့် ပရဟိတ

ပရဟိတဟူသည် အများအကျိုးကို သယ်ပိုးဆောင်ရွက်ခြင်း ဖြစ်သည်။ ပရဟိတ သုံးမျိုးရှိရာ မိမိဆွေမျိုး မိတ်ဆွေသူငယ်ချင်းများအား ကူညီစောင့်ရှောက်သည့် ရိုးရိုးပရဟိတ၊ မိမိနှင့် သိသည်ဖြစ်စေ၊ မသိသည်ဖြစ်စေ လိုအပ်နေသူအား ဆင်းရဲချမ်းသာမရွေး ကူညီစောင့်ရှောက်သည့် ထက်မြက်သော ပရဟိတနှင့် မည်သူ့ကိုမဆို မည်သည့်အကျိုးမျှ မမျှော်ကိုးဘဲ ကူညီလှူဒါန်းသော အမွန်မြတ်ဆုံးပရဟိတ ဟူ၍ တရားတော်တွင် ဆိုထားပါသည်။

မြန်မာတို့သည် သူတစ်ပါးအား ရိုင်းပင်းကူညီတတ်သူများဖြစ်သကဲ့သို့ ကောင်းမှုကုသိုလ်တို့ကို တတ်အားသရွေ့ ပြုလုပ်ကြသူများဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံကို ပေးကမ်းစွန့်ကြဲမှု အများဆုံးပြုလုပ်သည့် နိုင်ငံဟု နိုင်ငံတကာ စစ်တမ်းတစ်ခုတွင် ဖော်ပြထားပါသည်။ မြန်မာတို့အနေဖြင့် ပရဟိတလုပ်ငန်းများကို အစဉ်အလာမပျက် လုပ်ကိုင်လာကြရာတွင် ယခုအခါ မြန်မာနိုင်ငံ၌ လူမှုဘဝစောင့်ရှောက်ကူညီမှုပြုကြသော ပရဟိတ လူမှုအဖွဲ့ အစည်းများ မြောက်မြားစွာ ပေါ်ထွက်လာသည်မှာ ဝမ်းမြောက်ဖွယ် တွေ့ရပါသည်။

ပရဟိတလုပ်ကိုင်သူများမှာ မွန်မြတ်သူများဖြစ်ပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ကိုယ်စိတ် နှလုံးသုံးပါးစလုံး ယဉ်ကျေးသိမ်မွေ့စွာဖြင့် အချိန်၊ ငွေ၊ လူ အားသုံးအား စိုက်ထုတ်ပေးဆပ်သူများဖြစ်ပါသည်။ ပရဟိတလုပ်ကိုင်သူများသည် မိမိအကျိုးကိုမမျှော်ကိုးဘဲ တတ်အားသရွေ့ ပေးဆပ်သူများဖြစ်သဖြင့် ထိုသူတို့ကို နှလုံးလှပိုင်ရှင်များဟုပင် တင်စားခေါ်ဆိုနိုင်ပေသည်။ ၎င်းတို့သည် အချိန်ပြည့်တတ်စွမ်းသမျှ အကူအညီပေးတတ်ပြီး မိမိအကျိုးထက် အများအကျိုးကို သယ်ပိုးဆောင်ရွက်ကြသူများဖြစ်ပါသည်။

ပရဟိတလုပ်ငန်းများကို စိတ်ဝင်တစား လုပ်ကိုင်ကြရာတွင် ငွေကြေးတတ်နိုင်သူများက အင်တိုက် အားတိုက်ဆောင်ရွက်ကြသလို ငွေကြေးမတတ်နိုင်သူများ၊ အချိန်မပေးနိုင်သူများကလည်း ပရဟိတ စိတ်ရင်းခံဖြင့် မိမိတို့တတ်စွမ်းသမျှ ကူညီစောင့်ရှောက်မှုများ ပြုနိုင်ကြပါသည်။ ငွေကြေးအမြောက်အမြား အကုန်အကျခံ ကူညီစောင့်ရှောက်လှူဒါန်းမှ အလှူကြီးမဟုတ်ပါ၊ ညောင်စေ့လောက် စောင့်ရှောက်လှူဒါန်း ကူညီပါလျှင်လည်း ညောင်ပင်ကြီးလောက် အကျိုးထူးရနိုင်ပါသည်။

သို့သော် အများအကျိုးကိုအကြောင်းပြု၍ မိမိကိုယ်ကျိုးစီးပွားအတွက် ဦးစားပေးလုပ်ဆောင်လျှင်မူ ပရဟိတဟု မခေါ်ဆိုနိုင်ဘဲ 'အတ္တဟိတ' ဟုသာ ခေါ်ဆိုနိုင်မည်ဖြစ်သည်။ အရာရာတွင် အတ္တကို ရှေ့တန်း တင်လျှင် အလုံးစုံ ပြီးမြောက်အောင်မြင်မှုကို မရနိုင်ချေ။ လူမှုအသိုင်းအဝိုင်းအကြား အတ္တကိုရှောင်ပြီး ပရကို များများဆောင်နိုင်မှသာ လိုအပ်ချက်ကွက်လပ်များကို ဖြည့်ဆည်းပေးနိုင်မည့် မွန်မြတ်သော ပရဟိတလုပ်ငန်း ဖြစ်ပေလိမ့်မည်။

လောကတွင် လူအမျိုးအစား လေးမျိုးရှိသည်။ ကိုယ်ကျိုးတစ်ခုတည်းကိုသာ ပြုလုပ်သူ၊ အခြားသူ၏ အကျိုးကိုသာ ပြုလုပ်သူ၊ ကိုယ်ကျိုးလည်းမပြု၊ အများအကျိုးလည်း မပြုသူနှင့် ကိုယ်ကျိုးပြုလုပ်ပြီး အများအကျိုးလည်း ပြုလုပ်သူဟူ၍ အကျိုးပြုနှင့်အကျိုးမပြုသူ လူအမျိုးအစားကို ခွဲခြားပြဆိုထားပါသည်။ လူဟူသည် သာမန်ပုထုဇဉ်မျှသာဖြစ်ပါသည်။ အတ္တနှင့်ယှဉ်တွဲ၍ ရပ်တည်လာကြသူများဖြစ်သည်။ မိမိဘဝအတွက် တိုးတက်ရာ တိုးတက်ကြောင်းကို ဦးစွာကြိုးစားလုပ်ဆောင်ကြပြီးမှ အများအကျိုးအတွက် တတ်နိုင်သမျှ ဖြည့်စွမ်းတတ်ကြပေသည်။

မည်သို့ပင်ဖြစ်စေ ရခဲလှသည့် လူ့ဘဝတွင် အခက်အခဲရှိသူများ၊ အားနည်းသူများ၊ လိုအပ်ချက်ရှိသူများနှင့် ဒုက္ခရောက်နေကြသူများအား ကူညီစောင့်ရှောက်ပေးခြင်းသည် လူသားအချင်းချင်း ကိုယ်ချင်းစာတရားဖြင့် ကုသိုလ်ယူခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မွန်မြတ်သည့် ပရဟိတလုပ်ငန်းများတွင် ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် လူ့ဘောင်လောကသာယာချမ်းမြေ့အောင် ဖန်တီးပေးစွမ်းနိုင်ကြစေရန် ဆန္ဒပြုပါသည်။ ။

# သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ အလုပ်ရုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် ဥရောပသမဂ္ဂတို့ ပူးပေါင်း၍ ဥရောပသမဂ္ဂနှင့် မြန်မာနိုင်ငံ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ မိတ်ဖက်အဖြစ် ဆန္ဒအလျောက် သဘောတူညီချက်ချမှတ်နိုင်ရန် ကြိုတင်ပြင်ဆင်သည့် အဆင့်လုပ်ငန်းအစီအစဉ်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၀ ရက်ထိ နေပြည်တော် ဂရင်းအမရဟိုတယ်၌ ကျင်းပခဲ့သည်။

မြန်မာနိုင်ငံ အစိုးရအနေဖြင့် သစ်တောစီမံအုပ်ချုပ်မှုကို အထောက်အကူပြုရန်နှင့် သစ်တောများ ရေရှည်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းစဉ်များကို အထောက်အကူပြုရန်အတွက် ဥရောပသမဂ္ဂ၏ သစ်တောဥပဒေစိုးမိုးမှု၊ အုပ်ချုပ်မှုနှင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တာဝန်ရှိသူများသည် FLEGT လုပ်ငန်းစဉ်များ၌ ဆန္ဒအလျောက် မိတ်ဖက်အဖြစ် ဆောင်ရွက်ရန် သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး ကြိုတင်ပြင်ဆင်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

မြန်မာနိုင်ငံအနေဖြင့် FLEGT VPA လုပ်ငန်းစဉ်အတွင်း ကြိုတင်ပြင်ဆင်သည့် အဆင့်မှ စတင်ဆောင်ရွက်ရန် ၂၀၁၃ ခုနှစ်တွင် အဆိုပြုခဲ့ရာ မြန်မာနိုင်ငံအစိုးရ၏ ဦးစားပေးဆောင်ရွက်နေသည့် လုပ်ငန်းများတွင် ပါဝင်သော သစ်နှင့် သစ်တောထွက်ပစ္စည်းများ တရားဝင်ထုတ်လုပ်ရောင်းချနေကြောင်းနှင့် တာဝန်ယူမှုရှိသည့် စီမံအုပ်ချုပ်မှုဖြင့် ဆောင်ရွက်နေကြောင်းကို ဖော်ပြခြင်းဖြစ်သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအစိုးရကိုယ်စား ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနက မြန်မာနိုင်ငံအတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေမည့် FLEGT လုပ်ငန်းစဉ်များ အကောင်အထည်ဖော်သွားရန် ထပ်လောင်းကတိပြုခဲ့ကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

| ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း | | | | |
|---|---|---|---|---|
| ရန်ကုန် | ဇန်နဝါရီ ၂၁ | | | |
| ရန်ကုန် | ရွှေဈေး | ၆၉၉၃၀၀ - ၇၀၀၃၀၀ | | |
| မန္တလေး | ရွှေဈေး | ၆၉၉၃၀၀ - ၇၀၀၃၀၀ | | |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀ | ကျပ် |
| (ဃ) ဓာတ်ဆီ | တစ်လီတာ | ၈၁၄ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၀၂၄. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၁၈၃. ၄ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၆၄. ၇၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၁. ၂၇၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၂၈၂. ၇၂ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၆၀၉ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၈၆၃. ၇၀ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၉၃. ၉၉၇ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၃၆. ၇၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၇၆၄. ၇၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**


# စိုက်ပျိုးရေးလုပ်ငန်းကွင်းဆင်းဆောင်ရွက်

**ပြည် ဇန်နဝါရီ ၂၁**

ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးလှမြင့်သည် ဒုတိယတိုင်းဦးစီးမှူး ဦးမြင့်လွင်နှင့်အတူ ဇန်နဝါရီ ၁၈ ရက်က ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)ရှိ မြို့နယ်များသို့ သွားရောက်ကာ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူး၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ပုလဲသွယ်စပ်မျိုးစပါး (GW-1) တိုးချဲ့စိုက်ပျိုးရေး၊ နွေစပါးစိုက်ဧကအားလုံး GAP စနစ်ဖြင့် စိုက်ပျိုးရေး ဆွေးနွေးမှာကြားခဲ့သည်။

တိုင်းဦးစီးမှူးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက်ပိုင်းတွင် သစ်ချိုခြံသို့သွားရောက်၍ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်းခွင်မှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ စပ်မျိုးထုတ်နည်းပညာအား လက်တွေ့ကျကျသင်ယူနိုင်ရေးနှင့် အရည်အသွေးမီ မျိုးစေ့များထုတ်လုပ်နိုင်ရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**(၄၉၇)**




ကျောင်းဖွင့်လှစ်ခြင်း နှစ်(၂၀)ပြည့် ဆရာအာသာ SUCCESS Language Academy
ယနေ့မှစ၍ ဇန်နဝါရီလကုန်ထိ အပ်နှံသူများအတွက်
ကျောင်းသားသစ် (15% Discount နှင့်)
ကျောင်းသားဟောင်း (15% + ပုံမှန် Discount)
လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ
(မြို့လယ်ကျောင်း) အမှတ်(၁၁၉)Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
3 - 5:00 (Mon ~ Thurs) 19 Jan
3:30 - 5 (Mon ~ Thurs) 2 Feb
9 - 12:00 (Sat + Sun) 8 Feb

BASIC FOUR SKILLS ENGLISH
10-12:00 (Mon ~ Thurs) 19 Jan
1 - 4:00 (Sat + Sun) 25 Jan
3:30 - 5 (Mon ~ Thurs) 26 Jan
9 - 12:00 (Sat + Sun) 1 Feb
1 - 2:30 (Mon ~ Thurs) 2 Feb
6 - 7:30 (Mon ~ Thurs) 2 Feb

BASIC GRAMMAR
10-12:00 (Mon ~ Thurs) 26 Jan
7:30 - 9 (Mon ~ Thurs) 9 Feb

VOCAB ENRICHMENT
7:30 - 9 (Mon ~ Thurs) 26 Jan
10-11:30 (Mon ~ Thurs) 10 Feb

BASIC WRITING
10-12:00 (Mon ~ Thurs) 2 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
1 - 4:00 (Sat + Sun) 25 Jan
3 - 5:00 (Mon ~ Thurs) 2 Feb
9 - 12:00 (Sat + Sun) 8 Feb
10-12:00 (Mon ~ Fri) 9 Feb

INTERMEDIATE (ACADEMIC ENGLISH)
3:30 - 5 (Mon ~ Thurs) 2 Feb
10-11:30 (Mon ~ Thurs) 9 Feb

BASIC ENGLISH SPEAKING
7:30-10:30 (Sat + Sun) 24 Jan
1 - 2:30 (Mon ~ Thurs) 26 Jan
7:30 - 9 (Mon ~ Thurs) 2 Feb

PRE-INTERMEDIATE (4-SKILL ENGLISH)
10-11:30 (Mon ~ Thurs) 19 Jan
1 - 2:30 (Mon ~ Thurs) 26 Jan
7:30 - 9 (Mon ~ Thurs) 9 Feb
6 - 7:30 (Mon ~ Thurs) 23 Feb

IELTS (Preparation)
1 - 4:30 (Sat + Sun) 25 Jan
7:30-9:30 (Mon ~ Thurs) 9 Feb

IELTS Exam Practice
3:30 - 5 (Mon ~ Thurs) 12 Jan

BASIC FOUR SKILLS ENGLISH
1 - 2:30 (Mon ~ Thurs) 19 Jan
3:30 - 5 (Mon ~ Thurs) 19 Jan
3:30 - 5 (Mon ~ Thurs) 2 Feb
6 - 7:30 (Mon ~ Thurs) 10 Feb
3:30 - 5 (Mon ~ Thurs) 24 Feb
7:30 - 9 (Mon ~ Thurs) 25 Feb
10-11:30 (Mon ~ Thurs) 25 Feb

IELTS (Speaking)
1 - 2:30 (Mon ~ Thurs) 23 Feb

IELTS (Reading)
10 - 12:00 (Mon ~ Thurs) 9 Feb

IELTS (Writing)
9:30-12:30 (Sat + Sun) 31 Jan

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၏ Video Conferencing ချိတ်ဆက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်အတွက် အောက်ပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Polycom HDX 7000-720 & Accessories | (1)No. |
| (ခ) | Sony 48" LED TV | (2)Nos |
| (ဂ) | 3 KVA Online UPS (Prolink 3KVA) | (1)Unit |
| (ဃ) | လိုအပ်သော Accessories ပစ္စည်းအပြည့်အစုံ | |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၂၃ ရက်
တင်ဒါပိတ်မည့်ရက် - ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၆း၃၀ နာရီ

၃။ အဆိုပြုလွှာတင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၊ ရုံးအမှတ်(၂၂)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇-၄၀၄၂၃၂၊ ၀၆၇-၄၀၄၂၃၄ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

## ပြည်တွင်းရေးရာ

**■ ကျောဖုံးမှ**

ညနေပိုင်းတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် အဖွဲ့သည် နယူးဒေလီမြို့ Fortis Hospital သို့ ရောက်ရှိလေ့လာရာ ဆေးရုံကြီးကြပ်ရေးမှူး ဒေါက်တာ ရှာလီနီဘာလာနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် အသီးသီး ရှင်းလင်းဆွေးနွေးကြသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အိန္ဒိယသမ္မတရုံး၌ အိန္ဒိယနိုင်ငံ သမ္မတ ပရာနက်ဘ်မူခါဂျီနှင့် တွေ့ဆုံသည်။

**(သတင်းစဉ်)**



### ရင်းရင်းနှီးနှီးနှုတ်ဆက်

**ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**❖ ရထားတွဲဆိုင်းမှ**

ဧရာဝတီမြစ်ရိုးတစ်လျှောက်အတိုင်း ကားလမ်းနှင့်ဝေးကွာသော ဒေသခံပြည်သူများ အဆင်ပြေစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ချင်းပြည်နယ်စပ် ကလေးမြို့အထိ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသခံပြည်သူများ ဈေးနှုန်းသက်သာစွာဖြင့် သွားလာနိုင်ရေးအတွက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ လမ်းပိုင်းများ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိသည့်အပြင် တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခုကိုလည်း လမ်းပိုင်းအလိုက် ရထားများပြေးဆွဲလျက်ရှိသည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေဒေသ ဘုရား၊ ပုထိုး၊ စေတီတော်များ၊ ရှေးဟောင်းအဆောက်အအုံများကို ဘုရားဖူးရင်းလေ့လာနိုင်ရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဒေသခံပြည်သူများ၊ နိုင်ငံတကာမှ နိုင်ငံခြားသားဧည့်သည်တော်များ ရထားများဖြင့် သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားတိုင်းအမှတ်(၁၁)ပုဂံမှ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ပုဂံ-တောင်တွင်းကြီး-နေပြည်တော်၊ ပုဂံ-မြင်းခြံ-မန္တလေး၊ ပုဂံ-ပခုက္ကူ-မုံရွာ-ကလေး၊ ပုဂံ-ပခုက္ကူ-ပုံညာ-ပုံတောင်-ဂန့်ဂေါ၊ ပုဂံ-ပခုက္ကူ-ကြံခင်း၊ ပုဂံ-ကျောက်ပန်းတောင်း-ချောက်၊ ပုဂံ-ကျောက်ပန်းတောင်း-နတ်မောက်-ပျော်ဘွယ်၊ ပုဂံ-ဆားခါး-သာစည်၊ ပုဂံ-ရန်ကုန်- တောင်တွင်းကြီး-အောင်လံ-ပြည်-ရန်ကုန် ရထားလမ်းပိုင်းများအလိုက် ရထားကြီးများ၊ RBE ရထားများ ရေနွေးငွေ့၊ ကျောက်မီးသွေးစက်ခေါင်းရထားများဖြင့် ပြေးဆွဲလျက်ရှိကြောင်း သိရသည်။

**(၆၂၇)**

## စာအုပ်စာပေ လှူမိတ်ဆွေ



# ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေး စည်းဝေး

**နေပြည်တော် ဇန်နဝါရီ ၂၁**

မြန်မာနိုင်ငံအား ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီမှ ကမကထပြုလျက် ကုလသမဂ္ဂဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုးမြှင့်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပရာ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်က အဖွင့်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** အစည်းအဝေးသို့ ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်ဌာနေကိုယ်စားလှယ် Ms. Renata Dessallien ဦးဆောင်သော ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်၊ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူများ၊ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးဆိုင်ရာ ဆပ်ကော်မတီများဖြစ်သည့် တစ်ဦးကျဝင်ငွေဆိုင်ရာ ဆပ်ကော်မတီ၊ လူသားအရင်းအနှီးညွှန်းကိန်းဆိုင်ရာ ဆပ်ကော်မတီ၊ စီးပွားရေး ထိခိုက်နစ်နာလွယ်မှုဆိုင်ရာ ဆပ်ကော်မတီနှင့် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ဆက်ဆံရေးဆပ်ကော်မတီတို့မှ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

# ပထမဆုံးအကြိမ် အမေရိကန်တက္ကသိုလ်များ၏ ပညာရေးဆိုင်ရာပြပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၁**

ပထမဆုံးအကြိမ်အဖြစ် အမေရိကန်နိုင်ငံတက္ကသိုလ်များ၏ ပညာရေးဆိုင်ရာရှင်းလင်းပြသပွဲအား မန္တလေးမြို့ ဂျက်ဖာဆန်စင်တာ၌ ယနေ့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် အမေရိကန် တက္ကသိုလ်ပေါင်း ၂၀ ကျော်တွင် သင်ယူနိုင်မည့် သတင်းအချက်အလက်များကို မန္တလေးမြို့အပြင် အထက်မြန်မာနိုင်ငံမှ ကျောင်းသားကျောင်းသူများသိရှိနိုင်စေရန် ရှင်းလင်းပြသခြင်းဖြစ်ပြီး အဓိကအနေဖြင့် အမေရိကန် တက္ကသိုလ်များသို့ တက်ရောက်နိုင်ရေးအတွက် ပညာအရည်အချင်းနှင့် အခြားလိုအပ်သော အထောက်အထားအချက်အလက်များနှင့် စကောလားရှစ်လျှောက်ထားရန် လိုအပ်သည့်သတ်မှတ်ချက်များကို သိရှိနိုင်စေရန်ရည်ရွယ်ကြောင်း မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံရုံးမှ ယဉ်ကျေးမှုရေးရာအရာရှိက ပြောသည်။

"အဓိကအနေနဲ့ ပညာရေးနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေနဲ့ စကောလားရှစ်အစီအစဉ်တွေကို ရှင်းပြခြင်းဖြစ်ပါတယ်။ တကယ်ရည်ရွယ်ချက်၊ ရည်မှန်းချက်ရှိတဲ့ ကျောင်းသားတွေအနေနဲ့ အမေရိကန်ကို သွားရောက်သင်ကြားနိုင်မယ့် အခွင့်အလမ်းတွေ အများကြီးရနိုင်ပါတယ်။ ပြောချင်တာကတော့ အင်္ဂလိပ်စာအရည်အချင်းပြည့်မီမှပဲ ဒီတက္ကသိုလ်တွေတက်လို့ရမှာပါ။ နောက်ပြီး သင်ကြားရေးနဲ့ပတ်သက်တဲ့ သက်ဆိုင်ရာ ဘာသာရပ်တွေကိုလည်း ကိုယ်စားလှယ်တွေက ရှင်းပြသွားမှာပါ။ ဒါကြောင့် အမေရိကန်တက္ကသိုလ်တွေမှာ အမှန်တကယ်ကျောင်းတက်လိုတဲ့သူတွေ အမေရိကန်သံရုံးကိုဆက်သွယ်ကြပါ"ဟု ၎င်းက ပြောသည်။

ယခုပွဲသို့ လာရောက်လေ့လာသူ ချင်းတွင်းကောလိပ် ဒုတိယနှစ်ကျောင်းသား ဟိန်းထွေးမောင်က လည်း "ကျွန်တော်တို့ ချင်းတွင်းကောလိပ်က နောက်ဆုံးနှစ် ဒီဂရီဘွဲ့လိုချင်ရင် နိုင်ငံခြားကျောင်းတွေကို တက်ရတယ်ဆိုတော့ နိုင်ငံခြားကျောင်းတွေကို စုံစမ်းနေတုန်း အခုဒီပြပွဲကို လာရောက်လေ့လာတာပါ။ ဈေးသက်သက်သာသာနဲ့ ကျောင်းတက်နိုင်မယ့်တက္ကသိုလ်ကို လာစုံစမ်းတာပါ။ ဒီပြပွဲကတော့ ကျွန်တော်တို့အတွက်တော့ အဆင်ပြေပါတယ်"ဟု ပြောကြားသည်။

ပြပွဲသို့ ကောလိပ်များ၊ ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများ၊ အမေရိကန်ပညာရေးကို စိတ်ဝင်စားသူများနှင့် သွားရောက်ပညာသင်ကြားလိုသူများ လာရောက်လေ့လာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အောင်ရဲသွင်)**



**ကျေးဇူးဆပ်ပါမည်**
ကျွန်မ ဒေါ်ဖြိုးဖြိုးသန့်၏ သွင်းကုန်ပါမစ်အမှတ် ISP IDV 8 14-15-27422 24-7-2014 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။ ဒေါ်ဖြိုးဖြိုးသန့်
ဖုန်း-၀၉-၅၀၇၃၂၈၁

| | | |
|---|---|---|
| မော်လ်ဒိုက်ကမ်းခြေ | (၂ညအိပ်၊ ၃ရက်) | USD 575 |
| ဘာလီကမ်းခြေ | (၃ညအိပ်၊ ၄ရက်) | USD 400 |
| ဘန်ကောက် | (၂ညအိပ်၊ ၃ရက်) | USD 350 |
| ဘန်ကောက် - ဖူးခက် | (၄ညအိပ်၊ ၅ရက်) | USD 660 |
| ဘန်ကောက် - ပတ္တရား | (၄ညအိပ်၊ ၅ရက်) | USD 570 |
| စင်ကာပူ | (၃ညအိပ်၊ ၄ရက်) | USD 550 |
| ချင်းမိုင် | (၃ညအိပ်၊ ၄ရက်) | USD 595 |
| ဗီယက်နမ် - ကမ္ဘောဒီးယား | (၅ညအိပ်၊ ၆ရက်) | USD 770 |

• အထက်ပါဈေးနှုန်းများတွင်လေယာဉ်လက်မှတ်ဈေးနှုန်းမပါဝင်ပါ။
• ဈေးနှုန်းသည်(၁၀)ဦးပေါ်တွင်အခြေခံထားပြီး လူအနည်းအများပေါ်မူတည်၍ဈေးနှုန်းအပြောင်းအလဲရှိမည်။
• အချို့ ခရီးစဉ်များတွင်ပွဲတော်ရက်များအတွင်းသွားပါက surcharge USD 50 ရှိပါမည်။
01 246337, 246338, 254178, 392870 Hotline - 09 7319 7799
အခန်း ၃၀၃၊ ၃လွှာ၊ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ODYSSEY Travels & Tours Co., Ltd.

■ လေ့ကျင့်ပြင်ဆင်ရန် အသင့်ဆုံး၊ အလားအလာအရှိဆုံး လက်မလွှတ်သင့်သော သင်ခန်းစာများကို အငြိမ်းစား ပါမောက္ခကြီးများက လမ်းညွှန်ပို့ချထားသည်။
■ EXAM GUIDE နှင့် HOT SPOT များကိုဖတ်ခြင်းဖြင့် အချိန်တိုအတွင်း စာမေးပွဲအတွက် အထိရောက်ဆုံး ပြင်ဆင်ပြီးဖြစ်စေမည်။
အတွဲ ၉၊ အမှတ် ၁၈
EXAM GUIDE SET(D)
နီးရာစာအုပ်ဆိုင်တွင်ပေးဝယ်ပါ။ ထွက်ပြီ
ဆက်သွယ်ရန်
Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁
Nyein လှည်းတန်း ■ ငြိမ်းအေးသင် သင်တန်း၊ အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်းမ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၉၆၂၇

## ●၂၀၁၅ ခုနှစ်မှ

နေပြည်တော်ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံ၌ ကျင်းပသည့် သူနာပြုနှင့် သားဖွားသင်ကြားရေး ဆရာ ဆရာမများအတွက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာ သင်တန်းဖွင့်ပွဲအခမ်းအနားတွင် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(သူနာပြု)ဒေါက်တာ ဒေါ်နွဲ့နွဲ့ခင်နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။

"အခု တစ်နိုင်ငံလုံးမှာ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်း ၄၆ ကျောင်း ဖွင့်လှစ်ထားပါတယ်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းတစ်ကျောင်းစီ၊ နေပြည်တော်ကောင်စီနယ်မြေမှာ တစ်ကျောင်းစီ ဖွင့်လှစ်သင်ကြားပေးမှာဖြစ်တဲ့အတွက် မိမိတို့နိုင်ငံတွင် သူနာပြုနဲ့ သားဖွားသင်တန်းကျောင်း ၅၀ ဖြစ်လာမှာဖြစ်ပါတယ်။ အဲဒီ သင်တန်းကျောင်း ၅၀ မှာ သင်ကြားရေးဆရာတွေကတော့ ၄၀၀ ရှိပါတယ်။ အဲဒီမှာလည်း သင်ကြားရေးစနစ်ကို အဓိကထားသင်တာပါ။ သူနာပြုနဲ့ သားဖွားမှာဆိုရင် စာတွေ့တွေပါမယ်။ စာတွေ့နဲ့ လက်တွေ့တင်မဟုတ်ဘဲနဲ့ ခံယူရမယ့်သဘောထားလည်း ရှိဖို့လိုပါတယ်။ အဲဒီလိုဖြစ်လာဖို့အတွက် သင်ကြားရေးဆရာတွေအနေနဲ့ တတ်မြောက်ထားဖို့ ဒီသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါတယ်။

ဆယ်တန်းအောင် ဘွဲ့ရတစ်ယောက်ကနေ သူနာပြုကောင်း၊ သားဖွားကောင်းတစ်ယောက်ဖြစ်သွားအောင် လက်တွေ့ကျွမ်းကျင်တတ်မြောက်တဲ့သူတစ်ယောက်လည်းဖြစ်ရမယ်။ သူနာပြုတစ်ယောက်၊ သားဖွားတစ်ယောက်ရင်ထဲမှာ ထားရှိရမယ့် စိတ်စေတနာလည်း ထားရှိတတ်သွားအောင်လည်း မိမိတို့အနေနဲ့သင်ကြားပေးရမှာဖြစ်ပါတယ်။ သူနာပြုဆိုပေမယ့် လူနာတစ်ယောက်ရဲ့နေရာကနေပြီး ခံစားတတ်အောင်၊ သင်တန်းသားတွေကို မျှော်မှန်းထားသလောက် ပေါက်မြောက်အောင်မြင်အောင် ဘယ်လိုမျိုးသင်ထောက်ကူပစ္စည်းတွေနဲ့ သင်မယ်၊ ပြန်လည်ဆန်းစစ်တဲ့အခါမှာလည်း ဘယ်လိုနည်းနဲ့ပြန်လည်ဆန်းစစ်မယ် ဒါတွေကို အဓိကထားတာပဲဖြစ်ပါတယ်။ ဝန်ထမ်းတစ်ယောက်ဖြစ်လာရင်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းကို နားလည်အောင် သင်ကြားပေးရမှာဖြစ်ပါတယ်။

အရင်တုန်းကဆို သူနာပြုဒီပလိုမာကို ၁၂၀၀ ပဲမွေးထုတ်တယ်။ သူနာပြုသိပ္ပံဘွဲ့ကို ၃၀၀ မွေးထုတ်တယ်။တစ်နှစ်တစ်နှစ်ကို အားလုံးပေါင်း ၁၅၀၀ပဲ မွေးထုတ်နိုင်တယ်။ အခုနှစ်ကစပြီးတော့ သူနာပြုဒီပလိုမာကို ၁၅၀၀ နဲ့ သူနာပြုသိပ္ပံဘွဲ့ကို ၄၀၀ အထိ မွေးထုတ်နိုင်တော့မှာဖြစ်ပါတယ်။ အားလုံးပေါင်း ၁၉၀၀၊ ၂၀၀၀ လောက်မွေးထုတ်နိုင်မှာဖြစ်တယ်။ နောက်သုံးနှစ်ကာလမှာဆိုရင် တစ်နှစ်ကို သူနာပြုဒီပလိုမာနဲ့ သူနာပြုသိပ္ပံဘွဲ့ကို ၂၂၀၀ မွေးထုတ်သွားမှာဖြစ်တယ်။ သူနာပြုကတော့ လက်ရှိ ၂၀ နဲ့ နောက်တိုးမှာနဲ့ဆို ၂၂ ကျောင်းဖြစ်မယ်။ အလုံးပေါင်း သင်တန်းကျောင်းက ၅၀ ဖြစ်ပြီးတော့ တက္ကသိုလ်ကနှစ်ခုဖြစ်ပါတယ်။ သူနာပြုတက္ကသိုလ်နှစ်ခုကတော့ သူနာပြုတက္ကသိုလ် ရန်ကုန်နဲ့ သူနာပြုတက္ကသိုလ်(မန္တလေး)ဖြစ်ပါတယ်။ အဲဒီကနေပြီးတော့ သိပ္ပံဘွဲ့တွေအတွက် မွေးထုတ်ပါတယ်။ သင်တန်းကျောင်းတွေကတော့ သူနာပြုဒီပလိုမာ သုံးနှစ်အထိမွေးထုတ်ပါတယ်။"

လက်ရှိမှာတော့ သူနာပြုနဲ့ သားဖွားသင်တန်းကျောင်းတွေကို ပြည်နယ်နဲ့တိုင်းဒေသကြီးတွေမှာ အကုန်ဖွင့်ပြီးပါပြီ။ နယ်စပ်မြို့မှာဆိုရင်လည်း သူနာပြုနဲ့ သားဖွားသင်တန်းကျောင်း အနည်းဆုံးနှစ်ကျောင်းကနေ သုံးကျောင်း အထိရှိတယ်။ ရန်ကုန်မှာဆိုရင် ရှစ်ကျောင်းအထိရှိတယ်။ အဲဒါကလည်း လူဦးရေသိပ်သည်းမှုကို လိုက်ပြီးတော့ ဖွင့်ထားတာပါ။ မန္တလေးမှာဆိုရင် ငါးကျောင်းရှိတယ်။ အခုဖွင့်လှစ်တဲ့ သင်တန်းတွေအပြင် နိုင်ငံတကာသို့ ပညာတော်သင်စေလွှတ်မှုတွေလည်းရှိပါတယ်။ အဲဒါကလည်း သင်တန်းကျောင်းတွေမှာ သင်တန်းသားတွေရဲ့အရည်အသွေးမြင့်မားဖို့အတွက် ဦးတည်ဆောင်ရွက်ခဲ့တာပါ"စသည်ဖြင့် ဆေးသိပ္ပံပညာဦးစီးဌာန ညွှန်ကြားရေးမှူး(သူနာပြု) ဒေါက်တာဒေါ်နွဲ့နွဲ့ခင်က ရှင်းပြသည်။

၁၉၉၁ ခုနှစ်မှစတင်ကာ သူနာပြုတက္ကသိုလ်ကို စတင်ဖွင့်လှစ်ခဲ့သည်။ ထိုအချိန်မှ စတင်ကာ BNSc သင်ရိုးညွှန်းတမ်းတွင် Educational Science ဘာသာ ပါရှိခဲ့သဖြင့် BNSc ဘွဲ့ရရှိသူများသာ ဆရာအဖြစ် ခန့်ထားနိုင်ခဲ့ကြောင်း သိရသည်။ ထို့ကြောင့် ၂၀၀၃ ခုနှစ်နောက်ပိုင်း BNSc သင်ရိုးညွှန်းတမ်းကို ပြောင်းလဲခဲ့ရာ၌ Educational Science ဘာသာမပါဝင်ခဲ့ခြင်းကြောင့် ဆရာအဖြစ်ခန့်ထားသူများကို ဆေးသိပ္ပံပညာဦးစီးဌာနက ရက်တိုသင်တန်းများကို ၂၀၀၆ ခုနှစ်အထိ အကြိမ်ပေါင်းများစွာဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်၏ ကျန်းမာရေးလိုအပ်ချက်နှင့်အညီ အရည်အသွေးပြည့်ဝသည့် သူနာပြုနှင့် သားဖွားများ လေ့ကျင့်မွေးထုတ်ပေးနိုင်ရန်အတွက် တက္ကသိုလ်များ၊ သင်တန်းကျောင်းများကို တိုးမြှင့်ဖွင့်လှစ်နေပြီး ပြည်တွင်းသင်တန်းများပေးခြင်းနှင့် ပြည်ပသင်တန်းများသို့ ပညာတော်သင်စေလွှတ်ခြင်းများကိုလည်း နှစ်စဉ်ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် လက်ရှိတွင်လည်း ကလေးမြို့နှင့် နေပြည်တော်ကောင်စီတွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း တစ်ခုစီတည်ဆောက်နေပြီး နေပြည်တော်ကောင်စီနယ်မြေတွင်တည်ဆောက်လျက်ရှိသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို ယခုနှစ် နိုဝင်ဘာလတွင် ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။



နှစ်ပွဲကစား လေးမှတ်ရရှိထားသည့် ချင်းယူနိုက်တက်အသင်း။

# ဘဏ္ဍာရေးဝန်ကြီးဌာန အစိုးရငွေတိုက်လက်မှတ်များကို လေလံစနစ်ဖြင့် ရောင်းချမည့်အစီအစဉ်နှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်ထောင်စုအစိုးရ၏အပ်ငွေစာရင်းတွင် လိုငွေပေါ်ပေါက်ခြင်းအတွက် ဖြည့်ဆည်းနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ အစိုးရငွေတိုက်လက်မှတ် (Treasury Bills) များကို လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်သည်။ ယင်းသို့ရောင်းချခြင်းကို ရက်သတ္တနှစ်ပတ်လျှင် တစ်ကြိမ်ကျင်းပရန် လျာထားသည်။ မြန်မာကျပ်ငွေဖြင့် တန်ဖိုးသတ်မှတ်ထားသော အဆိုပါ အစိုးရငွေတိုက်လက်မှတ်များ၏ တန်ဖိုးရင်း (Face Value)ကို ငွေတိုက်လက်မှတ်တွင် ဖော်ပြထားမည်ဖြစ်ပြီး ဝယ်ယူသည့်အချိန်တွင် တန်ဖိုးရင်းအစား လျှော့နှုန်း (Discount Rate) ဖြင့် သတ်မှတ်သည့်တန်ဖိုးအတိုင်း ပေးချေဝယ်ယူရမည်ဖြစ်သည်။

လေလံပွဲကျင်းပမည့်နေ့ရက်၊ လေလံခေါ်ယူသည့်ပမာဏနှင့် ငွေတိုက်လက်မှတ်များ၏ သက်တမ်းစေ့ရောက်မည့်နေ့ရက်တို့ကို လေလံပွဲမတိုင်မီ ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏Website တွင် ကြေညာမည်ဖြစ်သည်။ လေလံပွဲများကို ဗုဒ္ဓဟူးနေ့တွင်ပြုလုပ်ပြီး စာရင်းရှင်းလင်းပေးချေခြင်းကို သောကြာနေ့တွင် ပြုလုပ်မည်ဖြစ်သည်။ လေလံတွင် နိုင်ငံတော်ပိုင်ဘဏ်များနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ရရှိထားသော ပုဂ္ဂလိကဘဏ်များနှင့် ငွေရေးကြေးရေး အဖွဲ့အစည်းများအားလုံး ပါဝင်ခွင့်ရှိသည်။ ပါဝင်မည့်ဘဏ်နှင့် အဖွဲ့အစည်းများသည် လေလံပွဲမတိုင်မီ ၁၀ ရက်ကြိုတင်၍ သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် မှတ်ပုံတင်ရန် လိုအပ်သည်။ အစိုးရငွေချေးသက်သေခံလက်မှတ်များ လေလံစနစ်ဖြင့်ရောင်းချခြင်းနှင့်သက်ဆိုင်သော Offering Memorandum နှင့် Auction Procedure များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်(နေပြည်တော်)၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ) နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန(နေပြည်တော်)တို့တွင် တောင်းခံရရှိနိုင်ပြီး Website တွင်လည်း ကြည့်ရှုနိုင်သည်။

ပထမအကြိမ်လေလံပွဲကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၈ ရက်တွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်(ရန်ကုန်ဘဏ်ခွဲ)၌ ကျင်းပမည်ဖြစ်ပြီး လေလံပွဲတွင် အောင်မြင်သည့်ဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများအား လေလံခေါ်ယူသည့်နေ့ မွန်းလွဲ ၂ နာရီတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ Website တွင် ကြေညာပေးမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဘဏ္ဍာရေးဝန်ကြီးဌာန ငွေတိုက်ဦးစီးဌာန ကြွေးမြီစီမံခန့်ခွဲမှုဌာနခွဲ (ဖုန်း ၀၆၇-၄၁၀၅၃၂၊ ၀၆၇-၄၁၀၄၄၀)နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ငွေရေးကြေးရေးဈေးကွက်ဌာနနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်ဌာန(ဖုန်း ၀၆၇-၄၁၈၃၄၁)တို့ကို ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)ဆက်လက်ယှဉ်ပြိုင်မည်

၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၃)ကို ဇန်နဝါရီ ၂၄၊ ၂၅ ရက်များတွင် ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ယခုရာသီတွင် ပထမဆုံးအိမ်ကွင်းလက်ခံကျင်းပမည့် ဧရာဝတီအသင်း၏ ပထမဆုံးပွဲကို စတင်ကျင်းပမည်ဖြစ်ပြီး အိမ်ကွင်းဖွင့်ပွဲအခမ်းအနားကို ပြုလုပ်မည်ဖြစ်သည်။

ပွဲစဉ်(၃) အဖြစ် ဇန်နဝါရီ ၂၄ ရက်တွင် သုဝဏ္ဏကွင်း၌ ဟံသာဝတီနှင့် ကမ္ဘောဇ၊ ဗထူးကွင်း၌ လက်ရှိချန်ပီယံ ရတနာပုံနှင့် ရခိုင်၊ မုံရွာကွင်း၌ ဇေယျာရွှေမြေနှင့် ချင်းယူနိုက်တက်၊ ကျောက်တိုင်ကွင်း၌ ဧရာဝတီနှင့် မနောမြေ၊ ဇန်နဝါရီ ၂၅ ရက်တွင် သုဝဏ္ဏကွင်း၌ မကွေးနှင့် နေပြည်တော်၊ YUSC ကွင်း၌ ရန်ကုန်နှင့် ဇွဲကပင်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပွဲစဉ်(၂)အပြီးတွင် ရန်ကုန်နှင့် ဧရာဝတီအသင်းတို့က ခြောက်မှတ်စီ၊ ရတနာပုံ၊ ကမ္ဘောဇ၊ချင်းယူနိုက်တက်နှင့် မကွေးအသင်းတို့က လေးမှတ်စီ၊ ဟံသာဝတီ၊ မနောမြေ၊ ဇွဲကပင်နှင့် ဇေယျာရွှေမြေအသင်းတို့က တစ်မှတ်စီရရှိထားပြီး နေပြည်တော်နှင့်ရခိုင်တို့က နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

ယခုတစ်ပတ်တွင် အသင်းကြီးအချင်းချင်း တွေ့ဆုံမှုမရှိသော်လည်း အသင်းကြီးများဖြစ်သည့် ကမ္ဘောဇ၊ ဇေယျာရွှေမြေတို့ အနိုင်ရရန် ရုန်းကန်ရနိုင်ပေသည်။ နိုင်ပွဲမရသေးသည့် ဇေယျာရွှေမြေအသင်းမှာ အိမ်ကွင်း၌ ကစားရမည်ဖြစ်သော်လည်း လေးမှတ်ရရှိထားသည့် ချင်းယူနိုက်တက်နှင့် တွေ့ဆုံနေရာ အားကုန်ထုတ်ရဖွယ်ရှိနေသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရှိုင်းထက်ဇော်**

**MPC**

**မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)**

- သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
- သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
- မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?

စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆၊ အီးမေးလ် **mmpresscouncil@gmail.com**

ပြည်တွင်းရေးရာ

# မြန်မာ-ဗီယက်နမ် ပြန်ကြားရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ဟနွိုင်း ဇန်နဝါရီ ၂၁**

ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး မစ္စတာ ငုယင်ဘက်စွန်၏ ဖိတ်ကြားချက်အရ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီ ၁၉ ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းအား ဇန်နဝါရီ ၂၀ ရက် ညနေ ၄ နာရီတွင် ဗီယက်နမ်နိုင်ငံ ဝန်ကြီးချုပ်ရုံး၌ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီတွင် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး မစ္စတာ ငုယင်ဘက်စွန်နှင့်တွေ့ဆုံ၍ နှစ်နိုင်ငံ ပြန်ကြားရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ ပြန်ကြားရေးဝန်ကြီးဌာနများအကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးရေးနှင့် နှစ်နိုင်ငံ သံတမန်ဆက်ဆံမှု နှစ်(၄၀) ပြည့် အထိမ်းအမှတ်အဖြစ် ၂၀၁၅ ခုနှစ် မေလအတွင်း ပြည်သူများ အပြန်အလှန် ပိုမိုသိရှိနားလည်စေနိုင်ရန် ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စု ဝန်ကြီးသည် ဗီယက်နမ် ရုပ်မြင်သံကြားဌာန (VTV)၊ ဗီယက်နမ်အသံလွှင့်ဌာန (VOV)၊ VNExpress – FPT Group၊ ဗီယက်နမ် စာတိုက်နှင့် ကြေးနန်း ဆက်သွယ်ရေးအုပ်စု (VNPT)၊ ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး မိုဘိုင်းအော်ပရေတာဖြစ်သည့် Viettel တို့သို့ သွားရောက်လေ့လာပြီး ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ် ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီး မစ္စတာ ငုယင်ဘက်စွန်နှင့်တွေ့ဆုံဆွေးနွေးစဉ်။**

(သတင်းစဉ်)

# ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ လက်မှတ်ရေးထိုး

**နေပြည်တော် ဇန်နဝါရီ ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CPI Yunnan International Power Investment Co.,Ltd. နှင့် မြန်မာနိုင်ငံ Asia World Co.,Ltd. တို့အကြား ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ Supplementary MOA နှင့် Joint Venture Agreement (JVA) လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့ ည ၈ နာရီတွင် နေပြည်တော် Horizon Hotel ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး၊ ဦးညဏ်ထွန်းအောင်၊ ဦးသန်းဌေးနှင့် ဒေါက်တာကိုကိုဦး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယရှေ့နေချုပ်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ National Energy Administration မှ Vice-Administrator၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး H.E. Mr. YANG Houlan၊ CPI Yunnan International Power Investment Co.,Ltd. မှ President နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးက နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ လျှပ်စစ်စွမ်းအားကဏ္ဍ စဉ်ဆက်မပြတ်တိုးတက် စေရေးအတွက် အစီအမံများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခု JVA လက်မှတ်ရေးထိုးသည့် ချီဖွေငယ် စီမံကိန်းသည် ၂၄-၉-၂၀၁၃ ရက်တွင် စက်စတင်လည်ပတ်နေသည့် စီမံကိန်းတစ်ခုဖြစ်ပါကြောင်း၊ ချီဖွေငယ်ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် ရွှေလီ(၁)နှင့်တာပိန်(၁) စီမံကိန်းများပြီးလျှင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့ ပူးပေါင်းအောင်မြင်စွာ လည်ပတ်နိုင်သည့် တတိယမြောက်စက်ရုံဖြစ်ပါကြောင်း၊ CPIYN အနေဖြင့် စက်ရုံရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝန်ကြီးဌာနမှ အင်ဂျင်နီယာများနှင့် ပူးပေါင်း၍ စက်ရုံကို ထိန်းသိမ်းမောင်းနှင်လည်ပတ်သွားနိုင်ရေး ဆောင်ရွက်သွားစေလိုကြောင်း၊ စီမံကိန်းဆောင်ရွက်ရာတွင် စီမံကိန်းဒေသ၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးရေး၊ သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင် အကျိုးသက်ရောက်မှုအပေါ် အလေးထားဆောင်ရွက်ရေး၊ ထိခိုက်မှုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်ရေး၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ တိကျစွာလိုက်နာဆောင်ရွက်သွားကြရေး ပြောကြားသည်။

ဆက်လက်၍ CPI Corporation မှ Vice-President Mr. YU Jianfeng က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းဟန်၊ CPI Co.,Ltd. မှ President နှင့် Asia World Co.,Ltd. မှ ဥက္ကဋ္ဌတို့က ချီဖွေငယ်ရေအားလျှပ်စစ်စီမံကိန်းဆိုင်ရာ Supplementary MOA နှင့် Joint Venture Agreement (JVA) စာချုပ်များကို လက်မှတ်ရေးထိုးကြသည်။**(ဓဲပုံ)**

ချီဖွေငယ် ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံသည် နိုင်ငံတော်အတွင်း ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တစ်ခုဖြစ်သော ရေအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား (၉၉) မဂ္ဂါဝပ်ထုတ်လုပ်၍ ကချင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် လျှပ်စစ်ဓာတ်အားများ ဖြန့်ဖြူးပေးလျက်ရှိကာ နိုင်ငံတော်ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **(ကြေးမုံ)**



# မိုင်းဆတ်၌ လားဟူနှစ်သစ်ကူးပွဲတော် ပျော်ရွှင်စွာကျင်းပ

**မိုင်းဆတ် ဇန်နဝါရီ ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ်အတွင်းရှိ လားဟူတိုင်းရင်းသားတို့၏ ၂၀၁၅ ခုနှစ်တွင် ကျရောက်သည့် သိုးနှစ် စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၂၀ ရက် နံနက် ၁၀ နာရီက ဝိန်းဝိုင်ရပ်ရှိ လားဟူရိုးရာစာပေနှင့်ယဉ်ကျေးမှုကွင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် အောင်ဇော်အေးနှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေတို့က နှစ်သစ်ကူးနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး လားဟူရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီနာယက ဦးကျရှောက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများကို လားဟူရိုးရာစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ ဦးရှီးမွန်က ဂုဏ်ပြုဆုငွေများပေးအပ်ပြီး လားဟူတိုင်းရင်းသူလေးများက အခမ်းအနားတက်ရောက်လာကြသည့်ဧည့်သည်တော်များကို ရိုးရာလက်ဆေးမင်္ဂလာပြုလုပ်ပေးသည်။

ယင်းနောက် နှစ်သစ်ကူးလက်ဆောင် ဂုဏ်ပြုပန်းခြင်းများပေးအပ်ပြီး ရိုးရာယဉ်ကျေးမှုအကများဖြင့် ပျော်ရွှင်စွာစုပေါင်းဝိုင်းဖွဲ့ ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။


**(သန်းဇော်-iprd)**

■

# တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ တွေ့ဆုံဆွေးနွေး

**သထုံ ဇန်နဝါရီ ၂၁**

မွန်ပြည်နယ် သထုံမြို့နယ်အတွင်း တရားဥပဒေစိုးမိုးရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်နယ်မြေလုံခြုံရေးတို့အတွက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဌေးမြင့်အောင်သည် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၂ နာရီက သထုံမြို့ သုဝဏ္ဏခန်းမ၌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းနိုင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာပြည်သူ့စစ်အဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။ **သက်ဦး(သထုံ)**



# ကျဆင်းနေသော ရေနံဈေးနှုန်းနှင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှု

**ကျော်ကျော်လှိုင်(SMART)**


၂၀၁၅ ဇန်နဝါရီ ၁၈ ရက်တွင် Brent ဘရန့်အမျိုးအစား ရေနံစိမ်းတစ်စည်၏တန်ဖိုးသည် အမေရိကန်ဒေါ်လာ ၄၇ ဒသမ ၆၉ သို့ကျဆင်းသွားသည်။ လွန်ခဲ့သည့်ငါးနှစ်အတွင်း အနိမ့်ဆုံးရေနံဈေးနှုန်း ဖြစ်သည်။ ၂၀၁၄ ဇွန်လတွင် Brent အမျိုးအစား ရေနံစိမ်းတစ်စည်၏ တန်ဖိုးသည် အမေရိကန် ၁၁၅ ဒေါ်လာရှိနေရာမှ ဇန်နဝါရီလတွင် ၄၇ ဒသမ ၆၉ ဒေါ်လာသို့ ကျဆင်းလာခြင်းဖြစ်သည်။ ခုနစ်လအတွင်း ၆၀ ရာခိုင်နှုန်းနီးပါးဈေးကျသွားခဲ့သည်။ ဈေးကျသွားရသည့် အဓိက အကြောင်းရင်းကတော့ ရေနံဝယ်လိုအားထက် ရေနံထုတ်လုပ်မှုက များနေခြင်းကြောင့် ဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် တစ်နေ့ရေနံစိမ်းစည် ၉၄ သန်းကျော် ထုတ်နေသော်လည်း သုံးစွဲမှုမှာ ၉၂ သန်းကျော်သာရှိသည်။ ၂၀၁၀ ခုနှစ်မှစ၍ရေနံဈေးသည် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ ကျော်တွင်တည်ရှိသည်။ တရုတ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ရေနံသုံးစွဲမှုကို မြင့်တက်စေခဲ့သည်။ ရေနံထုတ်လုပ်သော အီရတ်၊ လစ်ဗျားတို့တွင် နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ရေနံထုတ်လုပ်မှု ကျဆင်းခဲ့သည်။ အားလုံးခြုံလိုက်သောအခါ ရေနံလိုအပ်မှုကို လုံလောက်အောင် မထုတ်လုပ်နိုင်၍ ရေနံဈေးမြင့်တက်ခဲ့ရသည်။

**ရေနံဈေးတက်ရသည့် အကြောင်းရင်း**

၂၀၁၁ ခုနှစ်မှ ၂၀၁၄ခုနှစ်အတွင်း ပြောင်းလဲခြင်းများလျင်မြန်စွာဖြစ်ပေါ်လာခဲ့ပါသည်။ အမေရိကန်နိုင်ငံနှင့် ကနေဒါနိုင်ငံတို့တွင် သမားရိုးကျနည်းမဟုတ်သော ရေနံ (Unconventional Oil)များကို ထုတ်ယူလာနိုင်ပါသည်။ ဥရောပ၊ အာရှနှင့် အမေရိကန်နိုင်ငံတို့တွင် စီးပွားရေးအကျပ်အတည်းနှင့် စွမ်းအင်ကို ထိထိရောက်ရောက်အသုံးပြုနိုင်သော မော်တော်ကားများ၊ လေယာဉ်ပျံများကြောင့် ရေနံသုံးစွဲမှုကလည်း ထင်သလောက်တိုးမလာခဲ့ပါ။ ယခင်က နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် ရေနံထုတ်လုပ်မှုကျဆင်းခဲ့သော အီရတ်က ရေနံပိုထုတ်လာနိုင်သလို ၂၀၁၄ ဇူလိုင်လတွင် လစ်ဗျားနိုင်ငံရှိ သူပုန်များကလည်း အရေးကြီးသည့်ရေနံတင်ပို့သည့် ဆိပ်ကမ်းနှစ်ခုကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။ ကမ္ဘာပေါ်ရှိ ဓာတ်ဆီသုံးစွဲမှုကလည်း တိုးမလာဘဲတန့်နေပါသည်။ အဓိကအကြောင်းရင်းမှာ ဆီစားသက်သာသောကားများ အသုံးများလာ၍ ဖြစ်သည်။ အင်ဒိုနီးရှားနှင့် အီရန်နိုင်ငံတို့တွင်လည်း ဓာတ်ဆီဈေးများကို အစိုးရက အရှုံးခံရောင်းချနေရာမှ အစိုးရစိုက်ထုတ်မှုကို ဖယ်ရှားလိုက်၍ ဓာတ်ဆီဈေးများကြီးမြင့်သွားသည်။ ဓာတ်ဆီဈေးကြီး၍ သုံးစွဲမှုလျော့ကျသွားသည်။ အားလုံးပေါင်းလိုက်သောအခါ ကမ္ဘာပေါ်တွင် ရေနံသုံးစွဲမှုကနည်းပြီး ရေနံထုတ်လုပ်မှုကများလာသည်။

**ရေနံဈေးသည် ရေနံတစ်စည်လျှင် အမေရိကန် ဒေါ်လာ ၁၀၀ကျော်ရှိနေရာမှ ဒေါ်လာ ၄၀ ကျော်သို့ ကျဆင်းသွားခြင်းသည် မြန်မာနိုင်ငံအတွက် ကောင်းကျိုးရောဆိုးကျိုးပါဖြစ်လာနိုင်ပါသည်။**

ရှေးယခင်က ရေနံဈေးကျလျှင် ရေနံထုတ်လုပ်သည့် နိုင်ငံများက ဈေးကိုထိန်းရန် ရေနံကိုလျှော့ထုတ်ကြပါသည်။ ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၇ ရက်က OPEC (Organization of the Petroleum Exporting Countries)"ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများအဖွဲ့" အစည်းအဝေးတွင် ရေနံထုတ်လုပ်မှုလျှော့ချရေးအတွက် အကြိတ်အနယ် ဆွေးနွေးခဲ့ကြသည်။ ဗင်နီဇွဲလားနှင့် အီရန်နိုင်ငံတို့က ဆော်ဒီအာရေဗျနိုင်ငံကို ရေနံထုတ်လုပ်မှု လျှော့ချစေချင်ပါသည်။ ဆော်ဒီအာရေဗျသည် ကမ္ဘာပေါ်တွင် ဒုတိယရေနံအများဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်ပြီး တစ်နေ့လျှင် ရေနံစည် ၁၀ သန်းခန့်ထုတ်လုပ်ပါသည်။ ရုရှားသည်ကမ္ဘာပေါ်တွင် ရေနံအများဆုံး ထုတ်လုပ်သောနိုင်ငံဖြစ်ပြီး တစ်နေ့လျှင် ၁၀ ဒသမ ၅၈သန်းထုတ်လုပ်ပါသည်။ ရုရှားသည် OPEC အဖွဲ့ဝင်မဟုတ်ပါ။ ဆော်ဒီက ရေနံလျှော့ထုတ်ရန် သဘောမတူပါ။ အဓိကအကြောင်းမှာ ၁၉၈၀ ပြည့်နှစ် ရေနံဈေးကျစဉ်က




ကမ္ဘာ့ရေနံထုတ်လုပ်မှု(အစိမ်းရောင်)နှင့် ရေနံလိုအပ်မှု(အဝါရောင်)

ဆော်ဒီက ရေနံလျှော့ထုတ်သော်လည်း ဈေးပြန်မတက်သည့်အပြင် ဈေးကွက်သာဆုံးရှုံးခဲ့ရသည့် အတွေ့အကြုံကြောင့် ဖြစ်ပါသည်။ ၎င်းအပြင် ဆော်ဒီ၏ ရေနံတစ်စည် ထုတ်လုပ်စရိတ်မှာ သက်သာသောကြောင့် ရေနံဈေးကျသည့်တိုင် ခံနိုင်ရည်ရှိသည်ဟုဆိုကာ လျှော့မထုတ်ရန် ခေါင်းမာနေသည်။

**မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှု**

ရေနံဈေးကျလာသည့်အတွက် ရေနံတင်သွင်းရသောနိုင်ငံများ အကျိုးအမြတ်ထွက်ပါမည်။ အာဆီယံနိုင်ငံအားလုံးလိုလို ရေနံကိုတင်သွင်းရပါသည်။ ထိုင်းနိုင်ငံသည် တစ်နေ့ကို ရေနံစည် ကိုးသိန်းခန့် သုံးစွဲပါသည်။ ရေနံဈေးထက်ဝက်ကျော်ကျသွား၍ ထိုင်းနိုင်ငံအတွက် အကျိုးများစွာရှိပါမည်။ မြန်မာနိုင်ငံသည် တစ်နေ့လျှင် ရေနံစည်သုံးစွဲနှုန်းမှာ တစ်သိန်းအောက်သာရှိ၍ ရေနံဈေးကျသွားသည့် အကျိုးကျေးဇူးကို ထူးခြားစွာမခံစားရပါ။ သို့သော် မြန်မာနိုင်ငံသည် ဓာတ်ငွေ့ကို နိုင်ငံခြားအိမ်နီးချင်းနိုင်ငံများသို့ တင်ပို့ရောင်းချနေပါသည်။ ဓာတ်ငွေ့ရောင်းချရာမှရသော နိုင်ငံခြားဝင်ငွေသည် မြန်မာနိုင်ငံကရရှိသော နိုင်ငံခြားဝင်ငွေ၏ ၃၀ ရာခိုင်နှုန်းခန့်ရှိပါသည်။ ဓာတ်ငွေ့ရောင်းချရာတွင် ရောင်းသူနှင့်ဝယ်သူသဘောတူထားသော အခြေခံဈေးနှုန်းကို ပုံသေနည်းသုံး၍ တွက်ချက်ရပါသည်။ ပုံသေနည်းတွင် ရေနံဈေးနှုန်းပါနေပါသည်။ ၂၀၁၅ ခုနှစ်တွင် ဓာတ်ငွေ့တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားဝင်ငွေ လေးဘီလီယံကျော်ရရှိမည်ဟု မူလခန့်မှန်းထားသော်လည်း ရေနံဈေးကျဆင်းမှုကြောင့် ဓာတ်ငွေ့ဈေးလည်း ကျနိုင်ပါသည်။ မြန်မာနိုင်ငံ အသုံးပြုသည့် ပုံသေနည်းကို အတိအကျမသိသော်လည်း နိုင်ငံတကာတွင် အသုံးပြုသည့် ပုံသေနည်းများဖြင့် ခန့်မှန်းတွက်ချက်လျှင် ဓာတ်ငွေ့ရောင်းရငွေ ၂၅ရာခိုင်နှုန်း အနည်းဆုံးလျော့ကျသွားနိုင်ပါသည်။ ၂၀၁၅-၂၀၁၆ ဘတ်ဂျက်ရေးဆွဲရာတွင် သတိပြုရမည့်အချက်တစ်ခု ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာနမှ ရေတိမ်ပိုင်းလုပ်ကွက် ၁၀ ကွက်နှင့် ရေနက်ပိုင်းလုပ်ကွက် ၁၀ ကွက်ကို နိုင်ငံတကာရေနံကုမ္ပဏီများသို့ လုပ်ပိုင်ခွင့်ပေးထားပါသည်။ ရေတိမ်ပိုင်းလုပ်ကွက်သုံးကွက်နှင့် ရေနက်ပိုင်းလုပ်ကွက်တစ်ကွက်ကို လက်မှတ်ထိုးပြီးဖြစ်ပါသည်။ ကျန်ကုမ္ပဏီများ လက်မှတ်ထိုးရန် ကျန်ရှိနေပါသေးသည်။ ကမ္ဘာပေါ်တွင် ရေနက်ပိုင်း (ရေအနက်ပေ ၂၀၀၀ အထက်)များမှ ထုတ်ယူရရှိသောရေနံသည် ရေနံတစ်စည်ကို ပျမ်းမျှအမေရိကန်ဒေါ်လာ ၇၀ အထက်တွင်ရှိပါသည်။ ရေနံဈေးသည် အမေရိကန်ဒေါ်လာ ၇၀အောက်တွင်ရှိနေပါက နိုင်ငံတကာရေနံကုမ္ပဏီများသည် ရေနက်ပိုင်းလုပ်ကွက်များတွင် ရေနံရှာဖွေရေးလုပ်ငန်းများ လုပ်ဆောင်ရန် အချိန်ဆွဲကြပါလိမ့်မည်။ တချို့က ရေနံရှာဖွေရေးကို ရပ်ဆိုင်းကောင်းရပ်ဆိုင်းနိုင်သည်။

ရေနံဈေးတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ကျော်နေစဉ် ဓာတ်ငွေ့ဈေးကောင်း၍ ဓာတ်ငွေ့ကိုသုံး၍ထုတ်သော လျှပ်စစ် 1 kwhr ၏ဈေးမှာ ကျပ် ၁၁၀ခန့်ရှိပါသည်။ ဤဈေးသည်ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သော နေရောင်ခြည် သို့မဟုတ် လေကိုသုံး၍ ထုတ်ယူရရှိသော လျှပ်စစ် 1 kwhr ဈေးနှင့် ကွာခြားချက်မှာ နည်းသော်လည်း၊ ရေနံဈေးကျ၍ ဓာတ်ငွေ့ဈေးကျလာသောအခါ ပြန်ပြည့်မြဲစွမ်းအင်ကိုသုံး၍ထုတ်သော လျှပ်စစ် 1 kwhr ဈေးသည် ဓာတ်ငွေ့ကိုသုံး၍ ထုတ်သောဈေးထက် အဆမတန်ကြီးသွားနိုင်ပါသည်။ အကျိုးဆက်အနေဖြင့် ပြန်ပြည့်မြဲစွမ်းအင်နှင့် ပတ်သက်သော တိုးတက်မှုများနှေးကွေးလာနိုင်သည်။

နိဂုံးချုပ်အနေဖြင့် ရေနံဈေးသည် ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ကျော်ရှိနေရာမှ ဒေါ်လာ ၄၀ ကျော်သို့ ကျဆင်းသွားခြင်းသည် မြန်မာနိုင်ငံအတွက် ကောင်းကျိုးရောဆိုးကျိုးပါ ဖြစ်လာနိုင်ပါသည်။ ရေနံဈေးသည် ဒေါ်လာ ၁၀၀ကျော်သို့ နှစ်နှစ်အတွင်း ပြန်မတက်နိုင်ဟု ပညာရှင်များက ခန့်မှန်းကြသည်။ ကျွန်တော်တို့နိုင်ငံအနေဖြင့် ရေနံဈေးကျဆင်းသွားသည့်အတွက် တွေ့ကြုံရမည့်စိန်ခေါ်မှုများကို ဝိုင်းဝန်း၍ ကြိုတင်အဖြေရှာထားကြရန် ရိုးသားစွာနှိုးဆော်လိုက်ပါသည်။ ။

## ဇမ္ဗူသီရိမြို့နယ် အထက(၇)၌ ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံ

**နေပြည်တော် ဇန်နဝါရီ ၂၀**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက အဆိုပါကျောင်းခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဆွေနှင့်ဆရာ ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးသည်။ ထို့နောက် ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်၊ ဆရာမများက အသက်(၁၅)နှစ်အောက် ကျောင်းသား ကျောင်းသူများကို ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးကြသည်။

ဂျိုက်သိုးရောဂါသည် ဝက်သက်ရောဂါနှင့် ဆင်တူသည်။ သွေးစစ်၍ သွေးအဖြေနှင့်သာ ဝက်သက်နှင့်ဂျိုက်သိုးရောဂါကို ခွဲခြားနိုင်မှာဖြစ်ပြီး ဂျိုက်သိုးရောဂါလက္ခဏာမှာဖျားခြင်း၊ နှာရည်ယိုခြင်း၊ချောင်းဆိုးခြင်း၊ အပိမ့်ထွက်ခြင်း၊ ပျို့အန်ခြင်း၊ မျက်စိနီရဲခြင်းများဖြစ်တတ်သည်။ ဂျိုက်သိုးရောဂါမှာ ကလေးများတွင် အဖြစ်များပြီး ရောဂါ မပြင်းထန်နိုင်သော်လည်း ကိုယ်ဝန်ဆောင်များဖြစ်လျှင် ကိုယ်ဝန်နုပါက ကိုယ်ဝန်ပျက်ခြင်း၊ ကလေးသေဆုံးခြင်းနှင့် မွေးရာပါချို့ယွင်းချက်များပါသည့် ဂျိုက်သိုးရောဂါများ ပါလာတတ်သည်။ မွေးရာပါဂျိုက်သိုးရောဂါလက္ခဏာများမှာ နားမကြားခြင်း၊ ဆွံ့အခြင်း၊ မျက်စိမမြင်ခြင်း၊ ဦးခေါင်းသေးခြင်း၊ ဖွံ့ဖြိုးမှုအားနည်းခြင်း၊ ဦးနှောက်အမေ့ရောင်ခြင်း၊ မွေးရာပါနှလုံးရောဂါ၊ အသည်းနှင့် ဘေလုံးကြီးခြင်းတို့ဖြစ်သည်။

ယနေ့ကျောင်းသား ကျောင်းသူများကို ထိုးနှံပေးသောဆေးမှာ ဝက်သက်နှင့်ဂျိုက်သိုးရောဂါနှစ်မျိုးပေါင်းကာကွယ်ဆေးဖြစ်ပြီး အသက်ကိုးလအရွယ်မှ (၁၅)နှစ်အတွင်း ကလေးများကို ထိုးနှံပေးသော ကာကွယ်ဆေးဖြစ်ကြောင်း သိရသည်။

**သန်းဦး(လေးမျက်နှာ)**

## လားရှိုး နမ့်ပေါင်ကျေးရွာအုပ်စု၌ နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်

**လားရှိုး ဇန်နဝါရီ ၂၀**

လားရှိုးမြို့နယ် နမ့်ပေါင်ကျေးရွာအုပ်စု နမ့်ပေါင်ကျေးရွာတွင် လားရှိုးမြို့နယ်ဦးစီးဌာနမှူး ဦးလေးမောင်နှင့် ရုံးဝန်ထမ်းများက ရှမ်း၊ လားဟူ တိုင်းရင်းသားများအတွက် ၁၀ နှစ်ပြည့်/၁၈ နှစ်ပြည့် နိုင်ငံသား စိစစ်ရေးကတ်ပြား ၃၈၇ ကတ်အား ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက နမ့်ပေါင်ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွင် တွဲဖက်ပြည်နယ်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစောနိုင်က ပေးအပ်ခဲ့သည်။ အဆိုပါ ပေးအပ်ပွဲသို့ ရှမ်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူ၊ ကျေးရွာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်လွင်(လားရှိုး)**

## မကွေးတိုင်းဒေသကြီး တရားလွှတ်တော် စာရေးဝန်ထမ်းများသင်တန်းဆင်း

**မကွေး ဇန်နဝါရီ ၂၀**

မကွေးတိုင်းဒေသကြီး တရားလွှတ်တော်က ကြီးမှူးဖွင့်လှစ်သည့် စာရေးဝန်ထမ်းများ ရုံးလုပ်ငန်းရက်တို သင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် နံနက် ၈နာရီခွဲက မကွေးတိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဦးစိန်ထွန်းက သင်တန်းဆင်းအမှာစကားပြောကြားပြီး ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများကို ဆုချီးမြှင့်ခဲ့သည်။ သင်တန်းဆင်းပွဲအခမ်းအနားသို့ တရားလွှတ်တော်တရားသူကြီးများ၊ တရားရေးအရာရှိများနှင့် သင်တန်းသား သင်တန်းသူ ၄၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တသုံးပတ်ကြာမြင့်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

အားကစားမြှင့်တင် စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုသည် မြန်မာနိုင်ငံအပေါ်တွင် ဆိုးကျိုးများရှိသကဲ့သို့ ကောင်းကျိုးများလည်းရှိ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင်၏ **မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသန္တရဆည် (လက်လုပ်ရေလွှဲဆည်)များကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် ဆည်မြောင်းဦးစီးဌာနအောက်ရှိ ဆည်ရေသောက်ဧရိယာ ဧက(၅၀၀၀) အောက် ရေလှောင်တမံ၊ ဆည်၊ ကန်၊ တာတမံ၊ ရေနုတ်မြောင်းများကို ၂၀၁၂-၂၀၁၃ ခုနှစ်မှစတင်၍ လွှဲပြောင်းပေးအပ်ခဲ့ပြီး ဖြစ်ကြောင်း။

ဆည်ရေသောက် ဧက(၅၀၀၀) အောက် ရေလှောင်တမံ၊ ရေလွှဲဆည်၊ တာတမံများနှင့် ရေသောက်စနစ်များအား ပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံပြင်ဆင်ခြင်း၊ တိုးချဲ့ဆောင်ရွက်ခြင်း၊ အသစ်တည်ဆောက်ခြင်းလုပ်ငန်းများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ယူဆောင်ရွက်နေပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး၏ **ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းကျဆင်းနေမှုအပေါ် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် မည်ကဲ့သို့ ထိန်းညှိဆောင်ရွက်နေသည်ကို သိရှိလိုကြောင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှု၏ အဓိကအကြောင်းအရင်းသည် Supply and Demand မညီမျှမှုကြောင့်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ရတနာ၊ ရဲတံခွန်၊ ရွှေနှင့် ဇောတိက သဘာဝဓာတ်ငွေ့စီမံကိန်းများ၏ Export Gas Sales Agreement စာချုပ်ပါ သဘာဝဓာတ်ငွေ့ဈေးနှုန်း တွက်ချက်သည့် Formula တွင် စင်ကာပူနိုင်ငံ၏ လစဉ်ရေနံဈေးနှုန်း၏ ပြီးခဲ့သည့် တစ်နှစ်အတွင်းက ပျမ်းမျှဈေးနှုန်းကို Factor တစ်ခုအနေဖြင့် ထည့်သွင်းတွက်ချက်ထားရာ ရေနံဈေးကျဆင်းမှုသည် မြန်မာ့သဘာဝဓာတ်ငွေ့ဈေးနှုန်းအပေါ် သက်ရောက်မှုရှိစေမည်ဖြစ်ပါကြောင်း။

ရေနံဈေးနှုန်း ကျဆင်းမှုကြောင့် မြန်မာနိုင်ငံ၏ ဝင်ငွေလျော့ကျမှုရှိလာနိုင်မည်ဖြစ်ပါကြောင်း၊ သို့သော် အသစ်ဝင်လာသော ရွှေနှင့်ဇောတိကစီမံကိန်းတို့မှ ယခုနှစ်တွင် သတ်မှတ်ပမာဏ အပြည့်အဝထုတ်လုပ်နိုင်ခြင်းကြောင့် စွမ်းအင်ဝန်ကြီးဌာန၏ သဘာဝဓာတ်ငွေ့ ရောင်းချမှုမှရရှိသော ဝင်ငွေသည် ဈေးနှုန်းအနည်းငယ်ကျဆင်းလာသော်လည်း ယခင်နှစ်များထက် အနည်းငယ် ပိုလာနိုင်မည်ဖြစ်ပါကြောင်း၊ တစ်ဖက်တွင်လည်း သဘာဝဓာတ်ငွေ့ကို နိုင်ငံတကာဈေးနှုန်းဖြင့် ဝယ်ယူကာ ပြည်တွင်းလျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုနှင့် စက်ရုံအချို့သုံးစွဲမှုအတွက် သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးနေရသော စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စိုက်ထုတ်ကုန်ကျငွေ လျော့ကျစေနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ရေနံရှာဖွေရေး လုပ်ငန်းများသည် လက်ရှိကာလ၌ အလားအလာ ကောင်းမွန်သော အခြေအနေရှိသော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုကြောင့် ရှာဖွေထုတ်လုပ်မှုအပိုင်း ရင်းနှီးမြှုပ်နှံမှုများ အနည်းငယ်နှေးကွေးသွားနိုင်သည်ဟု သုံးသပ်ရရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်လုပ်ကိုင်ခွင့်ပေးအပ်မှုသည် ပြီးဆုံးလုနီးပြီဖြစ်သော်လည်း အချို့ကုမ္ပဏီများသည် အခွန်ဆိုင်ရာကိစ္စရပ်များကြောင့် အပြီးသတ်စာချုပ်ချုပ်ဆိုခြင်း မရှိသေးဘဲ ၎င်းတို့၏ economic modelကို ပြန်လည်တွက်ချက်နေရသည့် အနေအထားရှိနေပါကြောင်း၊ စာချုပ်ချုပ်ဆိုပြီး လုပ်ကိုင်နေသော PSC ကုမ္ပဏီများအားလည်း ၎င်းတို့တင်ပြထားသော နှစ်အလိုက် ဆောင်ရွက်မည့် work program & budget အတိုင်း ပြည့်မီအောင် ဆောင်ရွက်ရေး တိုက်တွန်းကြီးကြပ်ကွပ်ကဲသွားမည်ဖြစ်ပါကြောင်း။



ဒဂုံမြို့သစ် (မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး။



စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး။

ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေး အခြေအနေများ ပြောင်းလဲမှုများကြောင့် ရေနံထွက်ပစ္စည်းဈေးနှုန်းများ ကျဆင်းနှုန်းသည် အတိတ်ကာလများကို လေ့လာကြည့်ရာတွင် မြန်ဆန်မှုမရှိဘဲ တည်ငြိမ်စွာဖြင့် ရောက်ရှိနေသည့် ဈေးနှုန်းတွင် ကာလကြာမြင့်စွာ ရပ်တည်နိုင်သည်ကို တွေ့ရှိရပါကြောင်း၊ ဈေးနှုန်းကျဆင်းနေသည့် ကာလအတွင်း၌ ပြည်ပမှ ဒီဇယ်ဆီကို မိမိတို့ သိုလှောင်နိုင်မှုအခြေအနေအပေါ် မူတည်ကာ မဟာဗျူဟာအရန်ဆီအဖြစ် ဝယ်ယူသိုလှောင်ပါက ကာလတို အကျိုးအမြတ်ရရှိနိုင်ကြောင်း စိစစ်သုံးသပ်ရရှိသဖြင့် ဆောင်ရွက်ခွင့်ပြုနိုင်ရန် နိုင်ငံတော်အစိုးရသို့လည်း အကြံပြုတင်ပြထားပြီးဖြစ်ပါကြောင်း၊ ကမ္ဘာ့ရေနံဈေးနှုန်းကျဆင်းမှုသည် မြန်မာနိုင်ငံအပေါ်တွင် ဆိုးကျိုးများရှိသကဲ့သို့ ကောင်းကျိုးများလည်းရှိသည်ကို သုံးသပ်တွေ့ရှိရပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းခိုင်၏ **တရုတ်ကုန်သည်တို့အား တရုတ်အစိုးရက ဖမ်းဆီးထိန်းသိမ်းမှုပြုလုပ်နေခြင်းကြောင့် မြန်မာနိုင်ငံသားကုန်သည်နှင့် ဒေသခံတောင်သူများအတွက် အကြွေးများပြန်လည်ရရှိရန် အခက်အခဲဖြစ်နေပါသဖြင့် နိုင်ငံတော်မှ ယင်းအခက်အခဲအား မည်သို့ကူညီဖြေရှင်းပေးမည်ကို သိရှိလိုကြောင်း မေးခွန်း**နှင့်စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်းက ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဒေသခံကုန်သည်များနှင့် တောင်သူများ ကုန်ဖိုးငွေဆုံးရှုံးရခြင်းသည် ပို့ကုန်ဆောင်ရွက်သည့် လုပ်ထုံးလုပ်နည်းအတိုင်း မဆောင်ရွက်ဘဲ ယုံကြည်မှုကိုအားကိုး၍ ဆောင်ရွက်ခြင်း၊ ကုန်ဝယ်သူနှင့် ကုန်ရောင်းသူအချင်းချင်း နားလည်မှုဖြင့် တရားမဝင်ငွေပေးချေမှုများကို ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ တစ်ဖက်နိုင်ငံတွင် ပြောင်းလဲမှုအခြေအနေ တစ်ရပ်ရပ်နှင့် ကြုံတွေ့လာသည့်အခါ မိမိဘက်မှ ကုန်သည်များ ကုန်ဖိုးငွေမရရှိဘဲ နစ်နာဆုံးရှုံးမှုများနှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

ထိုကဲ့သို့ တရုတ်နိုင်ငံ ပြည်တွင်း၌ တည်ဆဲဥပဒေအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေခြင်းအပေါ် မိမိကုန်သည်များ နစ်နာမှုရှိပါက ဖြစ်စဉ်တစ်ခုချင်းအပေါ် မူတည်၍ မိမိကုန်သည်များ လက်ဝယ်ရှိ အထောက်အထား ခိုင်မာမှု ရှိ၊ မရှိပေါ် မူတည်ပြီး နှစ်နိုင်ငံတာဝန်ရှိသူများအချင်းချင်း ဆွေးနွေးခြင်း၊ နှစ်နိုင်ငံကုန်သည်အသင်းအဖွဲ့များ အချင်းချင်း ညှိနှိုင်းခြင်းများကိုသာ ပြုလုပ်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် မိမိဘက်ကုန်သည်များ၏ ကုန်ဖိုးငွေ အကြွေးများပြန်လည်ရရှိရေး ယူနန်ပြည်နယ်ကူးသန်းရောင်းဝယ်ရေးဌာနနှင့် ဒသမအကြိမ်မြောက် မြန်မာ-တရုတ်နှစ်နိုင်ငံကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေး ကော်မတီအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးခဲ့ပြီး တရုတ်ဘက်မှ ပြန်လည်ဆွေးနွေးမှုတွင် တရားမဝင်ကုန်သွယ်မှုပြုခြင်းသည် မည်သည့်နိုင်ငံဘက်မှ ကုန်သည်ဖြစ်သည်ဆိုသည်ကို စုံစမ်းရမည်ဖြစ်ပါကြောင်း၊ ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် နှစ်နိုင်ငံစည်းမျဉ်းများကို လိုက်နာရမည်ဖြစ်ပြီး တရားမဝင်ကုန်သွယ်မှုဖြစ်လျှင် နစ်နာမှုများရှိနိုင်မည်ဖြစ်ကြောင်း ဆွေးနွေးခဲ့ပါကြောင်း။

သို့ဖြစ်၍ မိမိနိုင်ငံဘက်မှလည်း မြန်မာကုန်သည်များ ငွေရရန်ရှိသည့် တရုတ်ကုန်သည်များ၏ အမည်စာရင်းကို ပေးပို့သွားမည်ဖြစ်ပြီး ငွေကြေးပြန်လည်ရရှိရေး ကုန်ကြွေးငွေကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းသတ်မှတ်ပြီး အစည်းအဝေး ထပ်မံပြုလုပ်နိုင်ရေး နှစ်ဖက်ဆွေးနွေးထားပြီး ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံသို့ ဆန်ကို တရားဝင်တင်ပို့ခွင့်ရရှိနိုင်ရန်အတွက် နှစ်နိုင်ငံဝန်ကြီးဌာနတို့အကြား မြန်မာနိုင်ငံမှဆန်ကို တရုတ်နိုင်ငံသို့ တင်ပို့ရန် စစ်ဆေးခြင်းများ ပိုးမွှားကင်းစင်ရေး သဘောတူစာချုပ်ကို ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့ပါကြောင်း။

ကုန်သည်များနှင့် တောင်သူများ၏ အခက်အခဲ ဖြစ်ပေါ်ခဲ့သည့်ကိစ္စကြောင့် မိမိတို့အတွက် နစ်နာမှုရှိနိုင်သည်ကို ကုန်သည်အသင်းအဖွဲ့များနှင့် ကုန်စည်ဒိုင်တာဝန်ရှိသူများက မိမိတို့၏ကုန်သည်လုပ်ငန်းရှင်များ၊ ပွဲစားများကို အသိပညာပေးမှုများ ကြိုတင်ဆောင်ရွက်ထားရှိရန်နှင့် အခြားတာဝန်ရှိသူများအနေဖြင့်လည်း ထိန်းကျောင်းမှုများ၊ အသိပညာပေးမှုများ ဆောင်ရွက်ပေးရန် အထူးလိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာန အဖွဲ့အစည်းများနှင့် ပူးပေါင်းညှိနှိုင်းပြီး ကြိုးပမ်းကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်း ဖြေကြားသည်။

လွိုင်ကော်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ဒေသအသီးသီးမှ ထွက်ရှိသော သတ္တုသယံဇာတများကို တစ်ဖက်နိုင်ငံသားများက နိုင်ငံတော်သို့ သတ်မှတ်ထားသည့် အခွန်အခများ ပေးသွင်းခြင်းမရှိဘဲ တရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် လာရောက်ဝယ်ယူနေခြင်း၊ တစ်ဖက်နိုင်ငံသို့ တရားမဝင်(မှောင်ခို) နည်းလမ်းမျိုးစုံဖြင့် သွားရောက်ရောင်းချနေခြင်းများကို သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဒေသဆိုင်ရာ အာဏာပိုင်များ၊ အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူများနှင့်ပူးပေါင်း၍ ထိရောက်စွာ တားဆီးနှိမ်နင်းရန်နှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်းအဆိုကို တင်သွင်းရာ** လွှတ်တော်က မှတ်တမ်းတင်ခဲ့သည်။

**(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# တပ်မတော်သားများအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများဆောင်ရွက်ပြီး သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးခဲ့

**နေပြည်တော် ဇန်နဝါရီ ၂၁**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အစီအစဉ်(၁၈)ခုဖြင့် ကျင်းပသည်။

အစည်းအဝေးတွင် လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ မေးမြန်းချက်များနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်က ပြန်လည်ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး၏ **“မြေမြန်တပ်မဌာနချုပ်လက်အောက်ရှိ တပ်ရင်းတပ်ဖွဲ့များက သိမ်းဆည်းထားသော လယ်မြေနှင့် ကိုင်းမြေဧက(၄၅၀)ကို ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်ရှိ/မရှိ”** မေးခွန်းနှင့်စပ်လျဉ်း၍ အဆိုပါမြေသည် ခြေလျင်တပ်ရင်းမှ တပ်ပိုင်မြေအဖြစ် လုံခြုံရေးအရ သိမ်းဆည်းဆောင်ရွက်ခဲ့သည့်မြေ ဖြစ်ပါကြောင်း၊ ၎င်းမြေနေရာတွင် အမှန်တကယ် လုပ်ကိုင်နိုင်သည့်မြေ နေရာ(၂၆၈) ဧကသာရှိပြီး ကျန်မြေ (၁၅၃ ဒသမ ၃၈) ဧကသည် ရေရှိသော အင်းမြေ



ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်။

ဖြစ်ပါကြောင်း၊ တပ်မဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးနိုင်သည့်မြေ (၂၆၈) ဧကတွင် နွေစပါး၊ မိုးစပါး၊ ဆောင်းသီးနှံစိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများ ခွဲဝေလုပ်ကိုင်ဆောင်ရွက်လျက်ရှိပါကြောင်း။

ယင်းမြေနေရာသည် ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးမိန့်ရရှိပြီး



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးသော်ဇင်ဦး။

လုပ်ထုံးလုပ်နည်းနှင့်အညီ တပ်ပိုင်မြေသိမ်းဆည်းရေး ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အဆိုပါမြေသည် ခြေလျင်တပ်ရင်း၏ မူလတပ်ပိုင်မြေအတွင်း ပါဝင်နေခြင်း၊ လူနေအဆောက်အအုံ၊ အုပ်ချုပ်မှုအဆောက်အအုံများနှင့် နီးကပ်စွာတည်ရှိပြီး လေ့ကျင့်ရေးနှင့် လုံခြုံရေးတို့အား ထိခိုက်လာနိုင်ခြင်း၊ လက်ရှိအချိန်တွင် တပ်မဌာနချုပ်နှင့် တပ်ရင်းတပ်ဖွဲ့များ၏ မိသားစုဝင်များ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် လောလောဆယ် ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိပါကြောင်းဖြင့် ဖြေကြားသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးမန်းကံညွန့်၏ **“ဝေးလံခေါင်သီ၍ လူမှုရေးခက်ခဲသောဒေသများတွင် တာဝန်ထမ်းဆောင်နေရသော နိုင်ငံ့ဝန်ထမ်းများကို ဒေသစရိတ်ခံစားခွင့်များ ခွင့်ပြုထားသော်လည်း ထိုဒေသများတွင် အခြေစိုက်ဖွင့်လှစ်ထားသည့် တပ်မတော်တပ်ဖွဲ့ဝင် စစ်သည်များကို ခံစားခွင့်မပြုခြင်းကိစ္စအား သိရှိလိုကြောင်း”** မေးခွန်းနှင့်စပ်လျဉ်း၍ ဒေသစရိတ်ခံစားခွင့်ရှိသည့် မြို့နယ်များတွင် အခြေစိုက်ဖွင့်လှစ်ထားသည့် တပ်မတော်တပ်ဖွဲ့ဝင် စစ်သည်များအနေဖြင့် ယခင်ကလည်း ဒေသစရိတ်ခံစားရရှိခဲ့မှု မရှိခြင်းကြောင့် ဒေသစရိတ်ခံစားခွင့်မပြုခြင်း ဖြစ်ပါကြောင်း၊ တပ်မတော်သားများအတွက် ဒေသစရိတ်ခံစားခွင့် မရရှိသော်လည်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ပြီး ၎င်းတို့၏ မိသားစု သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ထို့ပြင် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ အိမ်ထောင်စုဝင် ရိက္ခာများကိုလည်း ထောက်ပံ့ပေးနေပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် (PR)စနစ် ကျင့်သုံးခြင်းနှင့် (PR)စနစ် ကျင့်သုံးရေးဆိုင်ရာအဆို အကောင်အထည်ဖော်ရေးကော်မရှင်၏ အစီရင်ခံစာတွင် ပါရှိသော ရွေးကောက်ပွဲစနစ်ပုံစံ(၂) မျိုးသည် ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ/မရှိ အဆုံးအဖြတ်ပြုပေးရန်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

အမျိုးသားလွှတ်တော် ရွေးကောက်ပွဲများတွင် (PR)စနစ် ကျင့်သုံးခြင်း၊ ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်စေခြင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများကို ချန်လှပ်၍ ကျန်တိုင်းဒေသကြီးများနှင့် ပြည်နယ်တို့တွင် တစ်ပြေးညီကျင့်သုံးရန် လျာထားခြင်းနှင့် တင်ပြထားသော ရွေးကောက်ပွဲပုံစံ (၂)မျိုးတို့သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိ/မရှိ အဆုံးအဖြတ်ပြုပေးရန် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၂၆)ဦးက လက်မှတ်ရေးထိုး၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌမှတစ်ဆင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ပေးပို့ရန် လျှောက်ထားခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥပဒေတို့နှင့် ညီညွတ်မှုရှိသည့်အတွက် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ ပေးပို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအပိုင်းနဲ့ ဆက်စပ်လုပ်နေခြင်းဖြစ်

နေပြည်တော် ဇန်နဝါရီ ၂၁

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် CNA သတင်းဌာနအား လက်ခံတွေ့ဆုံ၍ တပ်မတော်နှင့် အမျိုးသားနိုင်ငံရေးတာဝန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေး၊ နိုင်ငံတော်၏ အရေးပေါ်အခြေအနေနှင့် တပ်မတော်၏လုပ်ငန်းတာဝန်ဆိုင်ရာများနှင့် ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းမှုအပေါ် ပြန်လည်ဖြေကြားခဲ့သည်။**

**၎င်းမေးခွန်းများနှင့်ပတ်သက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဖြေကြားချက်များအား အောက်ပါအတိုင်းဖော်ပြအပ်ပါသည်-**

**CNA ။ ။ ၂၀၁၅ မှာ လွတ်လပ်ပြီး တရားမျှတတဲ့ရွေးကောက်ပွဲလုပ်မယ်လို့ သတင်းကြားရပါတယ်။ အဲဒီရွေးကောက်ပွဲမှာလည်း ဗိုလ်ချုပ်မှူးကြီးအနေနဲ့ ပါဝင်မယ်လို့သူတို့ထင်နေကြပါတယ်။ အဲဒီအတွက် အစီအစဉ်များ ရှိပါသလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဒါကတော့ သူတို့ထင်မြင်ယူဆချက်ကို ပြောတာပါပဲ။ တကယ်တော့ ကျွန်တော့်ရဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်ထမ်းဆောင်မှုက နိုင်ငံတော်အတွက်အရေးကြီးတဲ့ အခန်းကဏ္ဍမှာရှိပါတယ်။ နောက်တစ်ခါ နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်မှုအတွက် တပ်တွေကိုလည်း တကယ်စွမ်းရည်ရှိတဲ့တပ်တွေဖြစ်အောင်လုပ်ပါ့မယ်။ နောက်တစ်ခါ ကျွန်တော်တို့တပ်မတော်က ပြည်သူ့အကျိုးစီးပွားဖော်ဆောင်ဖို့ ပြည်သူကြားက ပေါက်ဖွားလာတဲ့ တပ်မတော်ဖြစ်တဲ့အတွက်ကြောင့် ပြည်သူရဲ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မယ့် တပ်မတော်လည်းဖြစ်ဖို့လိုပါတယ်။ နောက်တစ်ခါ ပြည်သူရဲ့အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်တဲ့ တပ်မတော်လည်းဖြစ်ဖို့ လိုပါတယ်။ အဲဒီအတွက်ကြောင့် ကျွန်တော်တို့က ပြည်သူနဲ့ထိတွေ့မှုရအောင် အများကြီးကြိုးစားနေပါတယ်။ ဒီကဏ္ဍတွေက ကျွန်တော့်ဆီမှာ အများကြီး ရှိပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ ဝေးလံခေါင်ပါးတဲ့ဒေသတွေဆိုလို့ ရှိရင် အများကြီးဆောင်ရွက်ပေးစရာလုပ်ငန်းတွေရှိတယ်။ အဲဒီတော့ ကျွန်တော်က နံပါတ်တစ်အချက် တပ်ကိုကောင်းအောင်လုပ်ပေးတယ်။ နံပါတ်နှစ်အချက်က စွမ်းရည်ရှိအောင်လုပ်ပါတယ်။ နံပါတ်သုံးအချက်ကတော့ ပြည်သူနဲ့တစ်ဆက်တည်းဖြစ်အောင် ကျွန်တော်တို့လုပ်နေတယ်။ ဒီတာဝန်တွေဟာ အင်မတန်ကြီးမားတဲ့အတွက်ကြောင့် ဒီအပေါ်မှာပဲ ကျွန်တော်အာရုံစိုက်ပြီးလုပ်နေပါတယ်။ နောက်တစ်ခါ ခင်ဗျား ကျွန်တော့်ကိုမေးတဲ့ သမ္မတအခန်းကဏ္ဍနဲ့ပတ်သက်ရင်တော့ အခြေအနေအချိန်အခါပေါ် မူတည်ပြီးတော့ ကျွန်တော်လုပ်ရလိမ့်မယ်။ ဘာဖြစ်လို့လည်းဆိုတော့ တကယ်လို့သာ ဒီဘက်ကိုသွားအာရုံစိုက်လိုက်မယ်ဆိုရင် ကျွန်တော်လုပ်နေတဲ့ကိစ္စရပ်တွေအတွက် ကျွန်တော်အများကြီး အားလျော့သွားစရာအကြောင်းတွေရှိပါတယ်။ ဒါကြောင့် အခုအခြေအနေမှာတော့ ကျွန်တော့်အနေနဲ့ ဆုံးဖြတ်ချက်ချဖို့ကိုရော၊ ပြောဖို့ကိုရော စောသေးတယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**CNA ။ ။ ခုနက ပြောခဲ့ပါတယ်။ ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ဖို့ တာဝန်ရှိတယ်လို့ပြောပါတယ်။ အဲဒီအတွက် ခေါင်းဆောင်တစ်ယောက်အနေနဲ့ အခုရောလုပ်နိုင်ပြီလား။ သမ္မတဖြစ်ရင်ရော ပိုပြီးတော့လုပ်နိုင်မယ်လို့ ထင်ပါသလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ အခုလည်း ကျွန်တော်လုပ်နိုင်တဲ့အခန်းကဏ္ဍမှာ ကျွန်တော် လုပ်နေတာတွေ ရှိပါတယ်။ တကယ်တမ်းဆိုလို့ရှိရင်တော့ နိုင်ငံသားတစ်ယောက်အနေနဲ့ပြောရင်တော့ ဘယ်အခန်းကဏ္ဍကနေပဲဖြစ်ဖြစ် ပါလို့ရပါတယ်။ အခု ကျွန်တော်လုပ်နေတာကလည်း အမျိုးသားနိုင်ငံရေးကဏ္ဍပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အဓိကလိုအပ်ချက်က နံပါတ်တစ်အချက် တည်ငြိမ်အေးချမ်းရေးပေါ့။ နံပါတ်နှစ်အချက် စည်းလုံးညီညွတ်ရေးပေါ့။ ဒါတွေရသွားပြီဆိုလို့ရှိရင်တော့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမှာပဲ။ ဒါတွေက နိုင်ငံသားတိုင်းမှာတာဝန်ရှိတယ်။ အဲဒီတော့ ကျွန်တော့်အနေနဲ့က နိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ဒီလုပ်ငန်းတွေကို ဘယ်နေရာမှာပဲ လုပ်ရလုပ်ရ အစွမ်းကုန်ကြိုးစားဆောင်ရွက်သွားမယ်လို့ ကျွန်တော်ကတော့ ခံယူထားတယ်။

**CNA ။ ။ တည်ငြိမ်ရေးနဲ့ အေးချမ်းရေးနဲ့ ဆက်စပ်လို့ ပြောရမယ်ဆိုရင် သမ္မတဖြစ်တဲ့အခါ ပိုပြီးတော့များ လုပ်ဆောင်နိုင်မယ်လို့ ထင်ပါသလား။**

**ဗိုလ်ချုပ်မှူးကြီး**။ ။ ဒါကတော့ သူ့နေရာနဲ့သူပါပဲ။ သမ္မတလည်း သူလုပ်နိုင်တဲ့အပိုင်းတွေသူလုပ်မှာပဲ။ တချို့ကတော့လည်း ကူညီပေးရတာတွေရှိတယ်။ သူတိုက်ရိုက်လုပ်လို့မရတဲ့ဟာတွေလည်း ကူညီပေးရတာတွေရှိတယ်။ ဒါကြောင့် ကိုယ်ယူရတဲ့တာဝန်အပေါ် မူတည်ပြီးတော့ပဲ လုပ်နိုင်ခွင့်ရလိမ့်မယ်လို့ပဲ ကျွန်တော်ကတော့ထင်တယ်။

**CNA ။ ။ သမ္မတတစ်ယောက်ဖြစ်ဖို့အတွက် ရည်မှန်းချက်ပေးနိုင်ပါသလား။**

**ဗိုလ်ချုပ်မှူးကြီး**။ ။ ကျွန်တော် ခုနကပြောခဲ့ပြီးသားဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ နိုင်ငံသားတစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် နိုင်ငံအနေနဲ့၊ နောက် ကျွန်တော့်အတွေ့အကြုံ၊ ကျွန်တော့်မှာလည်း အတွေ့အကြုံအများကြီး ရှိပါတယ်။ အထိအတွေ့အများကြီးရှိပါတယ်။ နောက်နိုင်ငံသားတစ်ယောက် လည်းဖြစ်တယ်။ နိုင်ငံသားတစ်ယောက်အနေနဲ့ကတော့ ခုနကပြောတဲ့ သုံးချက်ပေါ့။ သုံးချက်ကတည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေး၊ နောက်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီသုံးချက်ကို ကျွန်တော်ပြောခဲ့တယ်။ ဒါ နိုင်ငံသားတိုင်းကတော့ ကျရာနေရာကနေ တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့ အတွက်ကြောင့် ကျွန်တော့်အနေနဲ့လည်း ဘယ်လိုပဲ တာဝန်ယူရယူရပေါ့။ ကျွန်တော့်အနေနဲ့ ထမ်းဆောင်သွားမှာဖြစ်ပါတယ်။

**CNA ။ ။ နိုင်ငံတော် အေးချမ်းတည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်တဲ့နေရာမှာ တပ်မတော်ရဲ့အခန်းကဏ္ဍက ဘယ်လိုနေရာမျိုးတွေမှာ ပါနေပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး**။ ။ တပ်မတော်က နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်နေတာပဲဖြစ်ပါတယ်။ ကာကွယ်ရေးဆိုတဲ့အပိုင်းက တော်တော်လေး ကျယ်ပြန့်တယ်။ တိုက်ရိုက်လုပ်တဲ့ ကာကွယ်ရေးလုပ်ငန်းတွေရှိသလို တိုက်ရိုက်



လုပ်လို့မရတဲ့ ကာကွယ်ရေးလုပ်ငန်းတွေလည်းရှိတယ်။ အဲဒီတော့ ခုနက ပြောတဲ့ တပ်မတော်ဆိုတာလည်း ဒီတာဝန်ထဲကနေပြီးတော့ ထမ်းဆောင်လို့ရတဲ့ တာဝန်တွေအကုန်လုံး ထမ်းဆောင်မှာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က နိုင်ငံတော်ကာကွယ်ရေးဆိုတဲ့ တာဝန်ထမ်းဆောင်တဲ့နေရာမှာ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်မှုအပိုင်းနဲ့ ဆက်စပ်ပြီးတော့ လုပ်နေခြင်းဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်အနေနဲ့ကတော့ ရှေ့ဆက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ အခန်း(၁)၊ ပုဒ်မ(၆)၊ ပုဒ်မခွဲ(စ)မှာပါတဲ့ အနာဂတ်အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ထမ်းရွက်နိုင်ခွင့်ရှိတယ်ဆိုတဲ့ အချက်တစ်ချက်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ တပ်မတော်အနေနဲ့ကတော့ အမျိုးသားနိုင်ငံရေးတာဝန်ထမ်းဆောင်တဲ့ အခန်းကဏ္ဍက နေပြီးတော့ပဲ ဆက်လက်တာဝန်ထမ်းဆောင်သွားမယ်။ ဒါကလည်း ဥပဒေနဲ့အညီ ဖြစ်ရမှာပဲဖြစ်ပါတယ်။

**CNA ။ ။ ဗိုလ်ချုပ်မှူးကြီးပြောခဲ့သလို ပြည်သူတွေအကျိုးကို အမြဲတမ်း ရှေးရှုတယ်ဆိုတဲ့အတွက်ကြောင့် လွှတ်တော်အမတ် ၂၅ ရာခိုင်နှုန်းဖယ်ရှားဖို့ အတွက်ကို ကာကွယ်မှာလား၊ တားဆီးမှာလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ အဲဒါဆိုရင်တော့ နိုင်ငံတော်ရဲ့ သမိုင်းနဲ့ ဆက်စပ်ပြီး ပြောမှရမယ်။ နိုင်ငံတော်ရဲ့သမိုင်းနဲ့ တပ်မတော်ရဲ့သမိုင်းက ခွဲခြားလို့မရပါဘူး။ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှာ တပ်မတော်က ပြည်သူနဲ့ ပူးပေါင်းပြီးတော့မှ လွတ်လပ်ရေးရအောင်ယူခဲ့တယ်။ နောက်ဒီဘက်က တစ်လျှောက်မှာလည်း နိုင်ငံတော်ရဲ့ အရေးကြီးတဲ့အခန်းကဏ္ဍကနေပြီးတော့မှ တပ်မတော်ပါဝင်ခဲ့တယ်။ ဒီအတွေ့အကြုံတွေ တပ်မတော်မှာရှိတယ်။ နောက် ကျွန်တော်တို့ အခုသွားနေတာက ပါတီစုံဒီမိုကရေစီလမ်းကြောင်း၊ ပါတီစုံဒီမိုကရေစီလမ်းကြောင်းဆိုတာ ဥပဒေနဲ့အညီ တည်တည်ငြိမ်ငြိမ်သွားရမယ့် အခြေအနေရှိပါတယ်။ ဒီလိုသွားနိုင်ဖို့ဆိုရင် အားလုံးက ပူးပေါင်းဆောင်ရွက်ဖို့လည်း လိုတာပေါ့။ နောက်တစ်ဆက်တည်းမှာပဲ ပြည်သူလူထုအနေနဲ့လည်း ဒီမိုကရေစီကျင့်ဝတ်တွေနဲ့အညီ၊ ကျင့်စဉ်တွေနဲ့အညီ လိုက်ပါလုပ်ဆောင်နိုင်ဖို့လည်း လိုတယ်။ ဒါတွေကို ကျွန်တော်တို့တပ်မတော်ကနေပြီးတော့မှ အားဖြည့်ပြီးတော့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။

**CNA ။ ။ ဒီမိုကရေစီလမ်းခင်းဖို့အတွက် ပြည်သူလူထုအများစုက ပုဒ်မ ၄၃၆ ကို ပြုပြင်ပြောင်းလဲဖို့ လိုလားနေပါတယ်။ အဓိကကတော့ အဲဒီ ၂၅ ရာခိုင်နှုန်း ပါဝင်မှုကိုဖယ်ရှားပေးဖို့ပဲဖြစ်ပါတယ်။ အဲဒါကရော။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ဒါကလည်း စောစောကအချက်နဲ့တော့ ဆက်စပ်တယ်လို့ ပြောရလိမ့်မယ်။ ကျွန်တော့်အနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ ပတ်သက်ရင် ပြင်ဆင်နိုင်စရာရှိတဲ့အချက်တွေကို ပြင်ဆင်ဖို့အတွက် ကျွန်တော် အနေနဲ့ ဘာမှပြောစရာအကြောင်းမရှိပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပြင်ဆင်ရေးနဲ့ပတ်သက်ရင် အခန်း (၁၂)မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်တဲ့ ပုဒ်မတွေ သတ်မှတ်ထားတာရှိတယ်။ အဲဒီအထဲကနေပဲ ကျွန်တော်တို့သွားရမှာဖြစ်ပါတယ်။ နောက်ဒီဥပဒေရေးတာလည်း ကျွန်တော်တို့ရေးတာ မဟုတ်ဘူး။ ပြည်သူကို ကိုယ်စားပြုတဲ့၊ နောက်အလွှာအသီးသီးကို ကိုယ်စားပြုတဲ့ ကိုယ်စားလှယ်တွေပေါ့။ အဲဒီကိုယ်စားလှယ်တွေကနေရေးခဲ့တာ ဖြစ်ပါတယ်။ ဒါလည်း သေသေချာချာစဉ်းစားပြီးမှ လုပ်ခဲ့တဲ့ကိစ္စပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီဥပဒေနဲ့အညီ ပြင်ဆင်ရေးဆောင်ရွက်တာနဲ့ပတ်သက်လို့ ကျွန်တော်တို့အနေနဲ့ ဘာမှကန့်ကွက်စရာအကြောင်း မရှိဘူးလို့ ကျွန်တော်ပြောရလိမ့်မယ်။

**CNA ။ ။ ပြည်သူတွေကရေးခဲ့တဲ့ ပြည်သူ့အတွက်ဆိုရင် အခုအချိန်မှာ ဒီဥပဒေတွေကိုပြင်ဆင်ဖို့အတွက် အချိန်ကျရောက်ပြီလို့ ထင်ပါသလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ ကျွန်တော်တို့ ပါတီစုံဒီမိုကရေစီစနစ်ကိုသွားတာ ၂၀၁၁ ခုနှစ် မတ်လမှာ ကျွန်တော်တို့စခဲ့တာ လေးနှစ်အတွင်းမှာပဲ ရှိသေးတယ်။ ကျွန်တော်တို့ အင်မတန်နုနယ်ပါသေးတယ်။ စောစောက ကျွန်တော်ပြောတဲ့ နိုင်ငံတော်ရဲ့သမိုင်းနဲ့ တပ်မတော်ရဲ့ သမိုင်းခွဲခြားလို့မရဘူးလို့ ပြောခဲ့တယ်။ အဲဒီတော့ ဒီအတွေ့အကြုံတွေအရ ကျွန်တော်တို့ပါတီစုံဒီမိုကရေစီစနစ်ကို သွားတဲ့အချိန်မှာ ကျွန်တော်တို့သွားတဲ့စနစ်က ခိုင်ခိုင်မာမာဖြစ်ဖို့လိုတယ်။ နောက်ပါတီစုံဒီမိုကရေစီစနစ်မှာ အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေး ဒီသုံးခုဟာ လွတ်လွတ်လပ်လပ်နဲ့ စနစ်တကျ ဆောင်ရွက်နိုင်ဖို့ အခွင့်အလမ်းတွေလည်း ရှိဖို့လိုတယ်။ နောက် လွှတ်တော်အနေနဲ့ ပြောမယ်ဆိုရင်လည်း လွှတ်တော်မှာ လုပ်စရာအခန်းကဏ္ဍတွေ အများကြီးရှိတယ်။ ဒါတွေကို ကျွန်တော်တို့ အားဖြည့်ဆောင်ရွက်နိုင်ဖို့အတွက် တပ်မတော်ကနေပြီးတော့ ပါဝင်ဆောင်ရွက်ပေးနေတာဖြစ်တယ်လို့ ပြောလိုပါတယ်။

**CNA ။ ။ အခုအချိန်ဟာ လွှတ်တော်ရဲ့အတွေ့အကြုံက အရမ်းနည်းနေတယ်လို့ပြောကြတယ်။ ဒါပေမယ့် နောင်တစ်ချိန်မှာ လွှတ်တော်ရဲ့အခန်းကဏ္ဍက ပိုမိုအားဖြည့်နိုင်ဖို့၊ အားကောင်းဖို့အတွက် တပ်မတော်ရဲ့ပါဝင်ပတ်သက်မှုကို ဘယ်လိုလျှော့ချမလဲ၊ အဲဒီအတောအတွင်းမှာ ဘယ်လိုစနစ်မျိုးနဲ့သွားရင် ကောင်းမယ်လို့ ထင်ပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ စောစောက ကျွန်တော်ဖြေခဲ့သလို ကျွန်တော်တို့က လေးနှစ်လောက်ပဲ အတွေ့အကြုံရှိသေးတာကိုး။ နောက်တစ်ခါ ကျွန်တော်တို့ ဥပဒေပြုရေးနဲ့ပတ်သက်ရင် လွှတ်တော်မှာတာဝန်ရှိတယ်။ အဲဒီတော့ တပ်မတော်ကနေပြီးတော့မှ လွှတ်တော်မှာပါဝင်နေတဲ့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေထဲကနေ ဥပဒေပြုရေးနဲ့ပတ်သက်တဲ့အခါမှာ အကြံပြုတာပဲ ရှိတယ်။ ကျွန်တော်တို့ကဘာမှ အဆုံးအဖြတ်ပေးလို့မရဘူး။ ကျွန်တော်တို့က အကြံပြုမယ်။ ဒီဟာတော့ ဖြစ်သင့်တယ်။ ဒီဟာတော့ မဖြစ်သင့်ဘူး။ ဒါကို ကျွန်တော်တို့အကြံပြုတယ်။ ဆုံးဖြတ်တာတော့ လွှတ်တော်ကနေပြီး ဆုံးဖြတ်လိမ့်မယ်။ အဲဒီတော့ ကျွန်တော်တို့ပေးနိုင်တဲ့အကြံဉာဏ်တွေကို သူတို့သုံးနိုင်လည်း သုံးပေါ့။ မသုံးနိုင်ဘူးဆိုလည်း ကိစ္စမရှိပါဘူး။ အဲဒီတော့ ဒီမိုကရေစီကျင့်စဉ်နဲ့ပတ်သက်ရင် စောစောကလွှတ်တော်က ဆောင်ရွက်နေတဲ့ ကိစ္စရပ်တွေ မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်ပြီဆိုရင် အဲဒီအခြေအနေအပေါ်မှာ မူတည်ပြီးတော့ နောင်ဖြစ်လာမယ့်အခြေအနေကိုပဲ ဆက်လက်ဆောင်ရွက်သွားမှာပဲ ဖြစ်ပါတယ်။

**CNA ။ ။ ဥပမာ သူတို့အားလုံးသိတာကတော့ လွှတ်တော်မှာတပ်မတော်ရဲ့ ပါဝင်ပတ်သက်မှု ၂၅ ရာခိုင်နှုန်းက တပ်မတော်ကို အထောက်အပံ့ပြုနိုင်တဲ့ တရားစီရင်ရေးဥပဒေကို ပြဋ္ဌာန်းနိုင်ဖို့အတွက် အများကြီးအထောက်အကူပြုနေပါတယ်။ အဲဒီ ၂၅ ရာခိုင်နှုန်းကို မဖယ်ရှားဘဲနဲ့တော့ လွတ်လွတ်လပ်လပ် လျှောက်လှမ်းနိုင်မယ်လို့ ထင်ပါသလား။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ အဲဒီလိုတော့မဟုတ်ဘူး။ သူတို့အကုန်လုပ်လို့ရနေတာ။ ဥပမာအားဖြင့် လွှတ်တော်မှာ ကျွန်တော်တို့က ၂၅ ရာခိုင်နှုန်းပါနေတယ်ဆိုတော့ ၇၅ ရာခိုင်နှုန်းမဲပေးလို့ရတာတွေလည်း ရှိပါတယ်။ ဥပမာတစ်ခု ပြမယ်ဆိုရင် အများရဲ့မဲဆန္ဒ၊ ထောက်ခံတဲ့မဲနဲ့ အတည်ပြုလို့ရတဲ့ ဥပဒေတွေအများကြီး ရှိနေပါတယ်။ ကျွန်တော်တို့ ၂၅ရာခိုင်နှုန်းက ထောက်ခံမှုမဟုတ်ဘူး။ ကန့်ကွက်မှု မဟုတ်ဘူး။ ကျွန်တော်တို့ ၂၅ရာခိုင်နှုန်းက ထောက်ခံသည်ဖြစ်စေ၊ မထောက်ခံသည်ဖြစ်စေ အများစုကထောက်ခံတယ်ဆိုပြီးတော့ အတည်ပြုပြဋ္ဌာန်းလို့ရတဲ့ ဥပဒေတွေ လုပ်ငန်းရပ်နယ်ပယ်တွေ များစွာရှိတယ်။ တစ်ဖက်ကတော့ ဒီလိုကြီးတော့သွားနေလို့မရဘူး။ ကျွန်တော်တို့ တချို့ဟာတွေမှာတော့ ထိန်းထားတဲ့ဟာတွေရှိပါတယ်။ ကန့်သတ်ထားတဲ့ဟာတော့ရှိပါလိမ့်မယ်။ ဒါပေမယ့် ဒါတွေက သိပ်အကျိုးသက်ရောက်မှု မရှိပါဘူး။

**CNA ။ ။ ဥပမာပြောရမယ်ဆိုရင်တော့ အခြေခံဥပဒေကို ပြင်ဆင်ဖို့အတွက် ၇၅ ရာခိုင်နှုန်းထက်ပိုပြီးတော့ လိုအပ်ပါတယ်။ ဒီအတွက်ကြောင့် တပ်မတော်ရဲ့အရေးပါမှုက ဘယ်လိုရှိပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး** ။ ။ အခြေခံဥပဒေဆိုတာ ကျွန်တော်တို့နိုင်ငံတစ်နိုင်ငံမှာ ရှိတဲ့ ဥပဒေတွေရဲ့ မိခင်ဥပဒေပဲဖြစ်တယ်။ ဒီအခြေခံဥပဒေကို ရေးတဲ့အခါမှာလည်း သေသေချာချာ စဉ်းစားပြီးတော့မှ ကျွန်တော်တို့ရေးတယ်။ နောက် ဒီဥပဒေရေးတဲ့အခါတုန်းကလည်း နိုင်ငံတော်ရဲ့ သမိုင်းကြောင်းပေါ့။ နောက် ထုံးတမ်းစဉ်လာတွေပေါ့။ နောက် တိုင်းရင်းသားလူမျိုးတွေရဲ့ အခြေအနေတွေ၊ အဲဒီအခြေအနေတွေအပေါ်မှာ အကုန်လုံးချင့်ချိန်ပြီးတော့မှ၊ နောက်တစ်ချက် ရှိသေးတယ် တိုင်းပြည်ရဲ့တည်နေရာ၊ တိုင်းပြည်ရဲ့တည်ရှိမှုပေါ့။ တိုင်းပြည်ရဲ့ တည်ရှိမှုအပေါ် မူတည်ပြီးတော့မှ ကျွန်တော်တို့ ဒီအခြေခံဥပဒေကို သေသေချာချာ စဉ်းစားပြီးတော့မှ ရေးခဲ့တာဖြစ်တယ်။ နောက်တစ်ခါ ဥပဒေဆိုတာလည်း မကြာခဏပြင်လို့မကောင်းဘူး။ ဥပဒေတစ်ခုက ခိုင်ခိုင်မာမာဖြစ်ဖို့ တော့လိုတယ်။ ဥပဒေတစ်ခုကို ကိုယ်လိုရာဆွဲပြီးတော့မှ ပြင်ဆင်ချက်တွေ မကြာခဏ ထွက်နေမယ်ဆိုရင် တည်ငြိမ်မှုကို အများကြီးထိခိုက်သွားနိုင်တယ်။ ဒါကြောင့် လွယ်လွယ်ကူကူနဲ့ ပြင်လို့ရတဲ့ဥပဒေတွေရှိသလို၊ လွယ်လွယ်ကူကူနဲ့ပြင်လို့မရတဲ့ ဥပဒေဆိုတာလည်းရှိတယ်။ ခုနကပြောသလိုပေါ့။ ဒီ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ ပင်မမိခင်ဥပဒေတစ်ခု ဖြစ်တယ်။ ဒါကြောင့် ဒါနဲ့ပတ်သက်ပြီး သေချာချိန်ဆပြီးတော့မှ ပြင်လို့ရအောင် ကျွန်တော်တို့က ဒီဥပဒေကိုရေးဆွဲစဉ်က လိုအပ်တဲ့ပုဒ်မတွေ ထည့်ထားခြင်း ဖြစ်ပါတယ်။

**စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**

**ပြည်တွင်းရေးရာ**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး လာရောက်တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၁**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်အား ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူး Ms. Renata Lok-Dessallien ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့မှ ယနေ့မွန်းလွဲ ၂ နာရီက ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ညှိနှိုင်းရေးမှူးက ပြောကြားရာ၌ ကလေးစစ်သည်များကို တပ်မတော်မှ ပြန်လည်နုတ်ထွက်ခွင့်ပေးနေမှုများသည် အလားအလာကောင်းများဖြစ်ပါကြောင်း၊ တပ်မတော်အတွင်း ကလေးစစ်သည်ပပျောက်ရေးကို ဆက်လက်အဓိကထား ဆောင်ရွက်သွားစေလိုပါကြောင်း၊ CTFMR လုပ်ငန်း သက်တမ်းကာလကို တိုးပြီးဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကချင်ပြည်နယ်ရှိ ပဋိပက္ခဖြစ်ပွားရာ အနီးရှိ ဒုက္ခသည်များကို လုံးခင်း၊ ဖားကန့်သို့ ပြောင်းရွှေ့ပေးစေလိုပါကြောင်း၊ အစားအသောက်နှင့် ရိက္ခာပစ္စည်းပေးပို့မည့် လူသားချင်းစာနာထောက်ထားမှုအဖွဲ့များ ယင်းဒုက္ခသည်များထံ သွားရောက်နိုင်ရေး အထူးခရီးသွားမိန့်ကို အမြန်ဆုံးထုတ်ပေးစေလိုပါကြောင်း၊ ပဋိပက္ခဖြစ်ပွားရာဒေသများရှိ ကလေးများအတွက် ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေးဖြန့်ဝေနိုင်ရေး ခွင့်ပြုပေးစေလိုပါကြောင်း၊ ရခိုင်ပြည်နယ်ရှိ လုံခြုံရေးတာဝန်ထမ်းဆောင်သည့်အဖွဲ့များအား လူ့အခွင့်အရေးသင်တန်းများပေးနေမှု၊ ပဋိပက္ခ ညင်သာစွာဖြေရှင်းရေး သင်တန်းများပေးနေမှုများရှိပါက နိုင်ငံတကာ လူ့အဖွဲ့အစည်းများမှ ကျယ်ပြန့်စွာသိရှိအောင် ဆောင်ရွက်ပေးရန် အကြံပြုလိုပါကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် တပ်မတော်အတွင်း ကလေးစစ်သည် လုံးဝပပျောက်ရေးကို CTFMR နှင့် ဆက်လက်လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ စာရင်းမှ ပယ်ဖျက်ခွင့်ရရှိရေးအတွက်လည်း ကြိုးပမ်းလုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ကချင်ပြည်နယ်ကိစ္စနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် နိုင်ငံအကျိုးအတွက် ရာနှုန်းပြည့် ထောက်ပံ့ကူညီပေးသွားမည်ဖြစ်ပါကြောင်း၊ သို့သော် တစ်ဖက်တွင်လည်း လက်နက်ကိုင်အဖွဲ့ဖြစ်သည့်အတွက် နှစ်ဖက်ညှိနှိုင်းနိုင်ပါမှ အဆင်ပြေမည်ဖြစ်ပါကြောင်း၊ မဟုတ်ပါက တပ်မတော်က ခွင့်ပြုသော်လည်း အဆင်မပြေနိုင်ပါကြောင်း၊ သက်ဆိုင်ရာတာဝန်ခံဝန်ကြီးဌာနများနှင့်လည်း ဆက်သွယ်ဆောင်ရွက်စေလိုပါကြောင်း၊ ရခိုင်ပြည်နယ်နှင့်ပတ်သက်၍ အကြံပေးသည့်အပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ အချို့ကိစ္စများသည် ပြဿနာကိုဖြေရှင်းရန် ကြိုးပမ်းနေသည်ဆိုသော်လည်း ဖြေရှင်းရာမရောက်ဘဲ ပြဿနာကို မီးမွှေးပေးသကဲ့သို့ ဖြစ်မသွားရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးဝေလွင် ရန်ကုန်မြို့ရှိ ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးမှူးအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

❖ စာမျက်နှာ ၈ မှ

**CNA ။ ။ ဒီအခန်းကို ဘယ်အချိန်မှာပြင်ဖို့ သင့်တော်မယ်လို့ထင်ပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး။** ။ဒါကလည်း စောစောကပြောတဲ့ ဒီမိုကရေစီရဲ့အတွေ့အကြုံ၊ နိုင်ငံတော်ရဲ့တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံတော်၏စည်းလုံးညီညွတ်မှု၊ ဒီအပေါ်မှာအများကြီးစကားပြောလိမ့်မယ်။ အဲဒါက အချိန်အတိအကျပြောဖို့ဆိုတာ ခက်တော့ခက်တယ်။ ဥပမာ - ကျွန်တော်တို့ဆီမှာ လက်ရှိအခြေအနေက တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခတွေဖြေရှင်းလို့ မပြီးသေးဘူး။ ဒါတွေကို ကျွန်တော်တို့ဖြေရှင်းဖို့အတွက် ဆောင်ရွက်ဆဲကာလဖြစ်တယ်။ ဒီအပေါ်မှာ ဘယ်လိုရလဒ်တွေထွက်လာမလဲဆိုတာ မသိသေးဘူး။ အဲဒီတော့ ရလဒ်အပေါ်မူတည်ပြီး တိုင်းပြည်ရဲ့တည်ငြိမ်အေးချမ်းမှု ဘယ်လောက်အာမခံချက်ရှိမလဲ၊ မရှိလဲဆိုတာက စကားပြောလိမ့်မယ်။ ဒါကြောင့် ဒါကတော့ နည်းနည်းလေးစောင့်ကြည့်ဖို့ လိုလိမ့်မယ်ထင်တယ်။

**CNA။ ။ဒါဆိုရင် နှစ်ဖက်အပစ်အခတ်ရပ်စဲရေးစာချုပ် ရေးပြီးနိုင်တဲ့အထိ ဒီ-၄၃၆ ကိုမပြင်ဘူးလို့ ပြောလို့ရသလား။**

**ဗိုလ်ချုပ်မှူးကြီး။** ။ဒီလိုတော့ဘယ်လိုမှမပတ်သက်ပါဘူး။ အခြေအနေအမျိုးမျိုးပေါ်မှာ တည်ပြီးတော့ပြောရမယ်။ ဒါကလည်း ဥပဒေအရပြောမယ်ဆိုရင် ပုဒ်မ-၄၃၆ ကိုပဲမူတည်ပြီးပြောနေကြတာ၊ တကယ်တော့ အမျိုးမျိုးစဉ်းစားလို့ရတယ်။ ဒါခင်ဗျားတို့က တပ်ရဲ့အနေအထားကိုကြည့်ပြီးတော့ ၄၃၆ ကိုပြောတာ။ တကယ်လို့တပ်ရဲ့ အနေအထားတစ်မျိုးဖြစ်မယ်ဆိုရင် ၄၃၆ က ပြင်ဆင်ရေး၊ မပြင်ဆင်ရေးဟာ အဓိပ္ပာယ်တစ်မျိုးထွက်သွားနိုင်တယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ကတော့ ဒီဟာနဲ့ပတ်သက်ပြီး တော်တော်လေးချိန်ဆပြီး လုပ်ရမယ့်သဘောမှာရှိတယ်လို့ ပြောချင်တယ်။

**CNA။ ။အဲဒါကို မပြင်ချင်တာ ဘာအတွက်စိတ်ပူလို့ပါသလဲ။**

**ဗိုလ်ချုပ်မှူးကြီး။** ။ဘာမှစိတ်ပူစရာအကြောင်းမရှိဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒီဥပဒေရေးတုန်းက ပြည်သူတွေရဲ့ဆန္ဒနဲ့ ရေးတာ၊ ပြည်သူရဲ့ဆန္ဒအရ ပြင်ဆင်တဲ့အချက်တွေ ဖြစ်လာမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဒီဟာကို လိုက်နာရမှာပဲဖြစ်တယ်။ ဘာမှဒီဟာကို ကျွန်တော်တို့စိတ်ပူစရာအကြောင်း မရှိဘူး။

**CNA။ ။ပြည်သူတွေက အခုအချိန်မှာ ပြင်ဆင်လိုပါတယ်။ အဲဒီအတွက်ရော။**

**ဗိုလ်ချုပ်မှူးကြီး။** ။ဒါကတော့ လွှတ်တော်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးနဲ့ပတ်သက်ပြီး လုပ်ဆောင်နေတာတွေရှိပါတယ်။ အဲဒီကနေဆက်လက်ဆောင်ရွက်တဲ့အဖြေအပေါ်မှာပဲ ကြည့်ရပါလိမ့်မယ်။

**CNA။ ။ခုနကပြောခဲ့သလို ပါလီမန်ရဲ့ အတွေ့အကြုံဟာလည်း နုနယ်သေးတယ်။ ဒီမိုကရေစီကလည်း သက်တမ်းနုသေးတယ်ဆိုရင် ဒီလိုအခြေအနေမျိုးရောက်အောင် ဒီမိုကရေစီသက်တမ်းမြှင့်ပြီးတော့ ပါလီမန်ရဲ့အစွမ်းတွေပြည့်ဝအောင် ဘယ်လိုအချက်တွေလိုပါသလဲ။ အဲဒီအချိန်ကျရင် ဘယ်လိုပုံစံမျိုးနဲ့ လျှော့ချမလဲ၊ တဖြည်းဖြည်းလျှော့မလား၊ လုံးဝကို ဖယ်ထုတ်လိုက်မလားသိချင်ပါတယ်။**

**ဗိုလ်ချုပ်မှူးကြီး။** ။ဒါကလည်း ခုနပြောတဲ့ ဖြတ်သန်းမယ့်လမ်းကြောင်းပေါ်မှာလည်း အများကြီးမူတည်ပါသေးတယ်။ ကျွန်တော်တို့အနေနဲ့ ခုနကခင်ဗျားမေးတဲ့ ထိန်းသိမ်းထားတဲ့အခြေအနေနဲ့ပတ်သက်ပြီး ပြောရလို့ရှိရင် တပ်မတော်အနေနဲ့ နိုင်ငံတော်ရဲ့ အာဏာတွေနဲ့ပတ်သက်ရင် ဥပဒေအရပြဋ္ဌာန်းထားတဲ့အတိုင်းပဲ လုပ်လို့ရတယ်။ ကျွန်တော်က တပ်မတော်ရဲ့ ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကိုပဲ Control လုပ်လို့ရမယ်၊ ထိန်းသိမ်းလို့ရမယ်။ နိုင်ငံတော်ကို တကယ်ထိန်းသိမ်းတာက ခုနပြောတဲ့ ဟိုဘက်က အစိုးရ၊ လွှတ်တော်၊ တရားစီရင်ရေးကဏ္ဍသုံးခုက သူ့ကဏ္ဍနဲ့သူ ထိန်းကျောင်းသွားတာဖြစ်တယ်။ ဒါပေမယ့် နိုင်ငံရဲ့အကြီးအကဲကတော့ သမ္မတ၊ အဲဒီတော့ သမ္မတရဲ့ ဦးဆောင်မှုအောက်မှာ ဥပဒေနဲ့အညီ အားလုံးသွားရတာဖြစ်တယ်။ အဲဒီတော့ ဒီလိုသွားနေတဲ့ကာလပတ်လုံး နံပါတ်တစ်အချက် ကျွန်တော်ကတော့ အခက်အခဲမရှိနိုင်ဘူးလို့ ယူဆတယ်။ တစ်ဖက်ကလည်း ခုနပြောတဲ့ တပ်မတော်ရဲ့ အခန်းကဏ္ဍလျှော့ချမှုနဲ့ပတ်သက်ရင် နိုင်ငံတော်ရဲ့ ဖြစ်ပေါ်တိုးတက်မှုတွေအပေါ်မူတည်ပြီးတော့ပဲ ဖြစ်သွားလိမ့်မယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

**(ဆက်လက်ဖော်ပြပါမည်)**

# တပ်မတော်အရာရှိများအသွင်ဟန်ဆောင်ကာ လိမ်လည်မှုပြုလုပ်သောအဖွဲ့အား ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် ဇန်နဝါရီ ၂၁**

တပ်မတော်အရာရှိကြီးများအသွင်ဟန်ဆောင်၍ လိမ်လည်လျက်ရှိကြောင်း သတင်းရရှိသဖြင့် စုံစမ်းမှုများပြုလုပ်ခဲ့ရာ ဇန်နဝါရီ ၁၅ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ကမာရွတ်မြို့နယ် ဗဟိုလမ်း လှည်းတန်းခုံးကျော်တံတားအနီး၌ မျိုးမြင့်အောင်(ခ) သန်းဝင်း(ခ)မွတ်တား၊ ကျော်စိုးနိုင်၊ မျိုးမင်းထွန်း၊ တင်တင်ညိုနှင့် သဲမာမျိုးတို့အားလည်းကောင်း၊ ၎င်းတို့နှင့်ဆက်စပ်ပြီး သိန်းလွင်(ခ)ကရင်နှင့်ကိုနိုင်တို့အားလည်းကောင်း အသီးသီးဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့သည်။

ဖြစ်စဉ်တွင် မျိုးမြင့်အောင်(ခ)သန်းဝင်း(ခ)မွတ်တား၊ ကျော်စိုးနိုင်၊ မျိုးမင်းထွန်း၊ တင်တင်ညို၊ သိန်းလွင်(ခ)ကရင်နှင့်ကိုနိုင်တို့သည် လိမ်လည်မှုပြုလုပ်ရာ၌ မျိုးမြင့်အောင် (ခ) သန်းဝင်း(ခ)မွတ်တားနှင့် ကျော်စိုးနိုင်တို့နှစ်ဦးမှာ ဗိုလ်ကြီးအဆင့်နှင့် မျိုးမင်းထွန်းမှာ အကူအဖြစ်လည်းကောင်း၊ အရာရှိကြီးအဖြစ် သိန်းလွင်(ခ)ကရင်နှင့် လူယုံအဖြစ် ကိုနိုင်တို့မှလည်းကောင်း အသီးသီးအယောင်ဆောင်၍ ရန်ကုန်လမ်းညွှန်၊ တီဗွီကြော်ငြာများမှတစ်ဆင့် လုပ်ငန်းရှင်များအား ပစ်မှတ်ထားကာ ဖုန်းနံပါတ်များ ရယူဆက်သွယ်ပြီး ငွေကြေးလိမ်လည်မှုများ ပြုလုပ်ခြင်းဖြစ်သည်။

အဆိုပါအဖွဲ့အနေဖြင့် ရွှေဘိုမြို့မှ ဆိပ်ခွံပုဆိုးအထည်လုပ်ငန်း၊ မန္တလေးမြို့မှ မီးသွေးဖိုလုပ်ငန်း၊ စဉ့်အိုးလုပ်ငန်း၊ မီးအားမြှင့်စက်ရောင်းဝယ်ရေးလုပ်ငန်း၊ ဘေစင်ရောင်းဝယ်ရေးလုပ်ငန်း၊ ညောင်ဦးမြို့မှ ယွန်းထည်ပစ္စည်းလုပ်ငန်း၊ တမူးမြို့မှ အမဲသားလုပ်ငန်းစသည့် လုပ်ငန်းရှင်များထံ တပ်မတော်အရာရှိများအမည်ခံ၍ ဆက်သွယ်ကာ မမျှော်လင့်ထားသော အရေအတွက်များ မှာယူခဲ့ကြကြောင်း၊ ပစ္စည်းများ မှာယူပြီးနောက် စရန်ငွေတစ်ဝက်ပေးချေရန် အကြောင်းကြားခေါ်ယူ၍ လုပ်ငန်းပေးအပ်သောအရာရှိကြီးနှင့် တွေ့ဆုံစေပြီး ဂါရဝကြေးအဖြစ် မုန့်ပုံးအတွင်း ငွေကြေးထည့်သွင်း ပေးအပ်စေခြင်းဖြင့် လိမ်လည်ရယူခဲ့ကြခြင်းဖြစ်သည်။



**တပ်မတော်အရာရှိကြီးများအသွင်ဟန်ဆောင်ကာ လိမ်လည်မှုပြုလုပ်သော အဖွဲ့အားတွေ့ရစဉ်။**

အဆိုပါအဖွဲ့သည် လမ်းညွှန်စာအုပ်နှင့် ကြော်ငြာများမှ နယ်မြေများတွင် လုပ်ကိုင်နေသော လိမ်လည်၍ရနိုင်မည့်လုပ်ငန်းရှင်များ၊ အရောင်းနည်းပါး၍ စိတ်ဝင်စားမှုအတော်အသင့်နည်းပါးသည့် လုပ်ငန်းငယ်များ၏ရောင်းချမှုအားနည်းသည့်အခြေအနေအား ပစ်မှတ်ထားကာ တပ်မတော်၏အရှိန်အဝါကို အသုံးပြုပြီး ဈေးနှုန်းမြှင့်အရေအတွက်များများ ဝယ်ယူမည့်ပုံသဏ္ဌာန်ဆောင်၍ မက်လုံးပေးပြီး ဂါရဝကြေးဟု ပြောဆိုဉာဏ်ဆင်ကာ တပ်မတော်အရာရှိများသဖွယ် အယောင်ဆောင်၍ လုပ်ငန်းရှင်များအား လိမ်လည်ခဲ့သဖြင့် ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# အစိုးရအဖွဲ့နှင့် တပ်မတော်မှအကြီးအကဲများ၏အမည်အား အသုံးပြု၍ ငွေကြေးလိမ်လည်တောင်းခံသူအား အရေးယူဆောင်ရွက်

**နေပြည်တော် ဇန်နဝါရီ ၂၁**

မိတ္ထီလာမြို့တွင် ဖြစ်စဉ်ဖြစ်ပွားပြီးနောက် ဘာသာရေးအကြမ်းဖက်မှုများနှင့် လက်နက်ကိုင် တပ်ဖွဲ့စည်းရေးတို့တွင် ပါဝင်ကျူးလွန်မှုဖြင့် ထိန်းသိမ်းထားသော တရားခံများဖြစ်ကြသည့် ခင်မောင်ရွှေ(ခ)ယူစွတ်ဘိုင် (ဘ)ဦးမြမောင်၊ လှိုင်ဝင်း(ခ)ကိုလှိုင် (ဘ)ဦးဝင်းစိန်နှင့် မြင့်သိန်း(ခ)မူဆာ (ဘ)ဦးညီမာမတ်တို့၏ ထွက်ဆိုချက်များအရ အဓိကငွေကြေးထောက်ပံ့ခဲ့သူ ဟာဂျီဟာစန်(ခ)သိန်းဝင်း (ဘ)ဦးခင်မောင်မှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ယင်းတရားခံ ဟာဂျီဟာစန်၏ ပိုင်ဆိုင်မှုများနှင့် မိသားစုဝင်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စောင့်ကြည့်ခြင်း၊ တားမြစ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဟာဂျီဟာစန်၏ ဇနီးဖြစ်သူ ဖြူဖြူဝင်းသည် ၎င်းတို့၏မိသားစုအား ခရီးသွားလာခွင့် တားမြစ်ထားခြင်းမှ ကင်းလွတ်ခွင့်ရရန်နှင့် ပိုင်ဆိုင်မှုများအား အမည်ပြောင်းလဲခွင့်ရရှိရန်အတွက် တောင်ငူမြို့နေသူ မောင်မောင်ညွှန့် (ဘ)ဦးကျော်ညွှန့်အား ဆက်သွယ်ဆောင်ရွက်ခဲ့သည်။

အဆိုပါ မောင်မောင်ညွှန့်ဆိုသူသည် အစိုးရအဖွဲ့နှင့် တပ်မတော်မှ တာဝန်ရှိသူအချို့၏အမည်ကိုအသုံးပြုပြီး ယင်းကိစ္စနှင့်ပတ်သက်၍ ငွေကြေးလိမ်လည်တောင်းခံမှု သုံးကြိမ်ကျူးလွန်ပြီး စုစုပေါင်းငွေကျပ် ၄၁၅ သိန်း လိမ်လည်ခဲ့ကြောင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖော်ထုတ်သိရသဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့ပြီး တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မောင်မောင်ညွှန့်၊ ဗမာ/ဗုဒ္ဓ၊ အသက်(၄၄)နှစ်**

**(မြဝတီ)**

# တစ်နိုင်ငံလုံးရှိ ကလေးငယ်ပေါင်း ၁၇ သန်းကျော် ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးထိုးနှံပေးမည့် အခမ်းအနားဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၁**

၂၀၁၅ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် ဆောင်ရွက်မည့် အစုလိုက် ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသက်ကိုးလမှ ၁၅ နှစ်အရွယ် ကလေးငယ်ပေါင်း ၁၇ သန်းကျော် ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း နေပြည်တော် သင်္ဂဟဟိုတယ်၌ပြုလုပ်သည့် နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း (၂၀၁၅) ဖွင့်ပွဲအခမ်းအနားမှ သိရသည်။

အဆိုပါအခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းအောင်က "ကျန်းမာရေးဝန်ကြီးဌာနအနေနဲ့ အခုဆောင်ရွက်မယ့် ဝက်သက်ရောဂါနဲ့ ဂျိုက်သိုးရောဂါအစုလိုက်ကာကွယ်ဆေးထိုးလုပ်ငန်းဆောင်ရွက်ရာမှာ မြန်မာနိုင်ငံအတွင်းရှိ ဝေးလံခက်ခဲသည့် နယ်စပ်ဒေသကျေးရွာများအပါအဝင် ရည်မှန်းကလေးငယ်များ တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရန်အတွက် စီမံချက်အဆင့်ဆင့်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဘေးကင်းစိတ်ချရတဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းဖြစ်စေရန်လည်း လုပ်ငန်းကျွမ်းကျင်မှုသင်တန်းများ ပို့ချပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေဖြင့် ဝက်သက်ရောဂါကင်းစင်ပြီး ဂျိုက်သိုးရောဂါနှင့် မွေးရာပါဂျိုက်သိုးရောဂါထိန်းချုပ်နိုင်သော နိုင်ငံအဖြစ် ကမ္ဘာသို့ကြေညာနိုင်မှာဖြစ်လို့ အမျိုးသားရေးအသွင်ဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ မေတ္တာရပ်ခံလိုပါတယ်" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါသည် မြန်မာပြည်တွင် ကလေးများနှင့် အမျိုးသမီးများ၏ အသက်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အန္တရာယ်ပြုခြိမ်းခြောက်ဆဲဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သိရသည်။

"ဒီဝက်သက်နဲ့ ဂျိုက်သိုးနှစ်မျိုးပေါင်းကာကွယ်ဆေးထိုးတာဟာ အသက်အန္တရာယ်ကို ခြိမ်းခြောက်နေတဲ့ ဒီရောဂါကိုထိန်းချုပ်ရာမှာ နိုင်ငံအဆင့်ရော၊ ဒေသအဆင့်ရော ပြီးတော့ ကမ္ဘာ့အဆင့်မှာပါ အရှိန်အဟုန်နဲ့ တိုးတက်စေရေးကို အထောက်အကူပြုမှာဖြစ်ပါတယ်။ ဒီလှုပ်ရှားမှုဟာ ကလေးတွေကို အလွယ်တကူကြုံတင်ကာကွယ်လို့ရတဲ့ အင်အားချည့်နဲ့ပြီး သေစေတတ်တဲ့ရောဂါတွေကနေ ကာကွယ်ပေးပါလိမ့်မယ်။ နိုင်ငံအနှံ့ပြုလုပ်တဲ့ ဒီလှုပ်ရှားမှုမှာ လူမျိုးမရွေး၊ ဘာသာမရွေး၊ အရပ်ဒေသမရွေး ကလေးအားလုံးကို လက်လှမ်းမီအောင် ပါဝင်ဆောင်ရွက်ဖို့အတွက် ကျန်းမာရေးဝန်ကြီးဌာနနဲ့ ကာကွယ်ဆေးထိုးလုပ်ငန်းတွေအတွက် မြန်မာနိုင်ငံမှာရှိတဲ့ အစိုးရဌာနတွေ၊ အစိုးရမဟုတ်တဲ့ NGO အဖွဲ့တွေ ပူးပေါင်းပါဝင်ပြီး ဝေးလံတဲ့အရပ်ဒေသတွေရောက်ရှိသွားအောင် ကူညီဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံဆိုင်ရာ ယူနီဆက်ကိုယ်စားလှယ် Mr.BERTRAND BAINVEL က ပြောသည်။

မြန်မာနိုင်ငံအနေဖြင့် ဝက်သက်ရောဂါပပျောက်ရေးနှင့် မွေးရာပါဂျိုက်သိုးရောဂါလက္ခဏာထိန်းချုပ်ရေးတို့ကို ၂၀၂၀ ပြည့်နှစ်တွင် အပြီးတိုင်ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချထားကြောင်း သိရသည်။

ကလေးသူငယ်များအား ဝက်သက်ရောဂါမဖြစ်ပွားစေရန် ကာကွယ်ထားပြီး မွေးရာပါ ဂျိုက်သိုးရောဂါလက္ခဏာ(CRS)ကြောင့် မသန်စွမ်းမှုဖြင့် ကလေးများ မမွေးဖွားလာစေရန် ကမ္ဘာ့အဆင့်ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်သော ဝက်သက်နှင့် ဂျိုက်သိုးစီမံချက်တွင် ပါဝင်ရန် မြန်မာနိုင်ငံမှ ဝက်သက်၊ ဂျိုက်သိုးကာကွယ်ဆေးထိုးလှုပ်ရှားမှုကို ဆောင်ရွက်ခြင်းဖြစ်သည်။ ဤစီမံချက်အား ယူနီဆက်၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ UN၊ အမေရိကန်ကြက်ခြေနီနှင့် ရောဂါထိန်းချုပ်ကာကွယ်ရေး အမေရိကန်စင်တာများနှင့် GAVI Vaccine Alliance အဖွဲ့တို့မှ ကူညီပံ့ပိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"ကလေးငယ်တွေမှာ ကာကွယ်ဆေးထိုးပြီး ကာကွယ်လို့ရပါလျက်နဲ့ မထိုးတဲ့အတွက် အသက်ဆုံးရှုံးမှုတွေရှိနေပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက သတ်မှတ်ထားတဲ့ ရောဂါ ၁၁ မျိုးမှာ မြန်မာနိုင်ငံက ရှစ်မျိုးကာကွယ်ဆေးထိုးပြီးဖြစ်တယ်။ အခုကာကွယ်ဆေးက ဆေးတစ်လုံးထိုးရုံနဲ့ ရောဂါနှစ်မျိုးကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ ဒီကာကွယ်ဆေးထိုးပြီးတဲ့နောက် ဝက်သက်ရောဂါဖြစ်ပွား သေဆုံးမှုနှုန်းဟာ သိသိသာသာလျော့နည်းသွားမယ်။ မွေးဖွားလာမယ့် ကလေးငယ်တွေမှာ မွေးရာပါကိုယ်အင်္ဂါချို့တဲ့တဲ့ ဝေဒနာလုံးဝတွေ့ရတော့မှာမဟုတ်ဘူး။ ဆေးတွေကလည်း ရှိနေပြီ၊ နိုင်ငံတော်ကလည်း အခမဲ့ထိုးနှံပေးမှာဆိုတော့ ဒီအခွင့်အရေးကိုလက်လွှတ်မခံဘဲ ကိုယ့်ရင်သွေးတွေကို ကာကွယ်ဆေးထိုးပေးကြပါလို့ တိုက်တွန်းနှိုးဆော်လိုပါတယ်"ဟု ကျန်းမာရေးဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ပြောသည်။

ဝက်သက်၊ ဂျိုက်သိုး ကာကွယ်ဆေးထိုးပြီးနောက် တုံ့ပြန်မှုများမှာ များသောအားဖြင့် ဆေးထိုးသောနေရာတွင် နာခြင်း၊ နီခြင်း၊ အနည်းငယ်ဖျားခြင်း၊ အပိမ့်ထွက်ခြင်း၊ ကြွက်သားကိုက်ခဲခြင်းများဖြစ်သည့်အတွက် စိုးရိမ်စရာမလိုဘဲ သာမန်မျှသာဖြစ်ကြောင်း သိရသည်။

ဤလှုပ်ရှားမှုကို ကာကွယ်ဆေးထိုးအဖွဲ့ပေါင်း ၁၂၀၀၀ ဖြင့် ကျေးရွာပေါင်း ၆၅၀၀၀ နှင့် ကျောင်းပေါင်း ၄၅၀၀၀ နီးပါးအား အဆင့်နှစ်ဆင့်ခွဲ၍ အသက်ငါးနှစ်မှ (၁၅)နှစ်အရွယ်၊ ကျောင်းနေအရွယ်ကလေးငယ် ၈ ဒသမ ၅ သန်းခန့်အား ကျောင်းအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်အဖြစ်လည်းကောင်း၊ အသက်ကိုးလမှ ငါးနှစ်အရွယ် ကလေးငယ် ၈ ဒသမ ၇ သန်းအား ပြည်သူအခြေပြုကာကွယ်ဆေးထိုးအစီအစဉ်အဖြစ်လည်းကောင်း၊ ဇန်နဝါရီ ၁၉ ရက်မှ ၂၇ ရက်အထိ၊ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၈ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၃ သန်းလျာထားပြီး ရောဂါကာကွယ်ဆေး ကုန်ကျစရိတ်မှာ ကလေးတစ်ယောက်အတွက် သုည ဒသမ ၆၅ US$ ရှိကြောင်း သိရသည်။

**(သီသီမင်း)**

စတုတ္ထအကြိမ် မဟာမဲခေါင်ဒေသခွဲ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ
The 4th Greater Mekong Subregion Environment Ministers' Meeting & Related Meetings

မဟာမဲခေါင်ဒေသခွဲအတွင်း သဘာဝအရင်းအမြစ်များသို့ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ကြပါစို့
Increasing Investments in Natural Capital in the Greater Mekong Subregion

GREATER MEKONG SUBREGION CORE ENVIRONMENT PROGRAM

၂၀၁၅ ခုနှစ် ဇန်နဝါရီလ (၂၇) ရက်နေ့မှ (၂၉) ရက်နေ့အထိ
27-29 January 2015

ဟောလ်တန် ဟိုတယ်၊နေပြည်တော်
Hilton Hotel, Nay Pyi Taw

# မင်္ဂလာမန္တလေး သီချင်းသီဆိုပြိုင်ပွဲ ပြိုင်ပွဲဝင်များဖိတ်ခေါ်

**မန္တလေး ဇန်နဝါရီ ၂၁**

မင်္ဂလာမန္တလေး SINGING CONTEST 2015 သီချင်းသီဆိုပြိုင်ပွဲကို ဖေဖော်ဝါရီလအတွင်း ကျင်းပမည်ဖြစ်ရာ ပြိုင်ပွဲဝင်လိုသူဝါသနာရှင်များအား ဖိတ်ခေါ်လျက်ရှိကြောင်း သိရသည်။ ပြိုင်ပွဲဝင်လိုသူ ဝါသနာရှင်များအနေဖြင့် လျှောက်လွှာများကို ဖေဖော်ဝါရီ ၄ ရက် နောက်ဆုံးထားကာ (၇၃)လမ်း မန္တလာသီရိဘောလုံးကွင်းရှေ့ မင်္ဂလာမန္တလေး MMSC ရုံးသို့ပေးပို့ရမည်ဖြစ်ကာ ဖေဖော်ဝါရီ ၇ ရက်မှစတင်ပြီး အသံစစ်ဆေးခြင်းများပြုလုပ်မည်ဖြစ်သည်။

သီချင်းဆိုပြိုင်ပွဲနှင့်ပတ်သက်ပြီး မင်္ဂလာမန္တလေးစီမံကိန်း ဒါရိုက်တာ ဦးဇင်မင်းဆွေက "မန္တလေးမြို့ဟာ ပန်းဆယ်မျိုး အတတ်ပညာများ ထွန်းကားရာ မြို့ဖြစ်သည်နဲ့အညီ မင်္ဂလာမန္တလေးစီမံကိန်းတွင် အနုပညာလမ်း(Art Street)ကို ထည့်သွင်းတည်ဆောက်ခဲ့ရာမှ အနုပညာပြပွဲများ၊ ပန်းချီပြပွဲများ၊ ဓာတ်ပုံပြပွဲများကို အခမဲ့ခင်းကျင်းပြသနိုင်ခဲ့ပါတယ်။ ယခုလည်း မန္တလေးမြို့မှာ အနုပညာကြယ်ပွင့်တွေ ပေါ်ထွက်လာအောင် မြေတောင်မြှောက်ပေးဖို့အတွက် မန္တလေးမြို့မှပေါက်ဖွားလာတဲ့ ကြယ်ပွင့်များကို မျှော်လင့်ပါတယ်" ဟု ရှင်းလင်းပြောပြသည်။

ပြိုင်ပွဲဝင်များသည် အဆင့်ဆင့်ယှဉ်ပြိုင်ကာ နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဧပြီလ ပထမပတ်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ဦးစွာဆန်ခါတင် ၂၀ ကိုရွေးချယ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲဝင်ရန် ၁၀ ဦးကို ထပ်မံရွေးချယ်မည်ဖြစ်သည်။ နောက်ဆုံးအဆင့် ရွေးချယ်ခြင်း ခံရသူများသည် MMSC မှစီစဉ်သော တေးစီးရီးတွင် ပါဝင်ခွင့်ရရှိမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ဆုရသူများအား ပထမဆု ကျပ်သိန်း ၂၀ ၊ ဒုတိယဆု ကျပ် ၁၀ သိန်း၊ တတိယဆု ကျပ်ခုနစ်သိန်း၊ Face Book-Like အများဆုံးရ People Choice Award ကျပ်ငါးသိန်းတို့ကို ချီးမြှင့်မည်ဖြစ်သည်။

ပြိုင်ပွဲဝင်များသည် လျှောက်လွှာများကို တစ်စောင်လျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဝယ်ယူယှဉ်ပြိုင်ရမည်ဖြစ်ပြီး တေးဂီတပညာရှင်များဖြစ်သော ဦးစောနု၊ ဦးပါရမီရွှမ်း၊ ဒေါ်ခင်မြတ်မွန်၊ ဦးစည်သူလွင်၊ ဦးညီညီသွင်တို့က ဒိုင်လူကြီးများအဖြစ် စိစစ်ရွေးချယ်ပေးမည်ဖြစ်သည်ဟု ပြိုင်ပွဲကိုဖော်ဆောင်မည့် 356 EVENT PLANNING GROUP မှ ကိုထက်ဝေက ပြောသည်။ **(ဝဝ၂)**

# ကမာရွတ် မြကန်သာ(၁)လမ်း၌ ဗို့အားပြည့်ဝစွာဖြန့်ဖြူးပေး

**ရန်ကုန် ဇန်နဝါရီ ၂၁**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ လျှပ်စစ်ဓာတ်အား စဉ်ဆက်မပြတ်ရရှိရေး၊ ဗို့အားပြည့်ဝစွာရရှိစေရေးအတွက် စီမံချက်များချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ရန်ကုန်အနောက်ပိုင်းခရိုင် ကမာရွတ်မြို့နယ် အုပ်ချုပ်ရေးမှူးရုံးကလည်း ပြည်သူများ ဗို့အားပြည့်ဝစွာရရှိစေရေးနှင့် (၂)ရပ်ကွက် မြကန်သာ(၁)လမ်းတွင် နွေရာသီဓာတ်အားပြတ်တောက်မှုမရှိစေရေးအတွက် System Impro-vement လုပ်ငန်းအဖြစ် သုည ဒသမ ၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးအား အသစ်ထပ်မံတည်ဆောက်ခဲ့ပြီး ဇန်နဝါရီ ၁၇ ရက်တွင် ယင်းထရန်စဖော်မာမှ စတင်ဓာတ်အားပို့လွှတ်ကာ မြကန်သာ(၁) လမ်းတစ်လျှောက် ဗို့အားပြည့်ဝစွာ ဖြန့်ဖြူးပေးလျက်ရှိသည်။ **(ကြေးမုံ)**



# ကန်တော်ကြီး ပုဂံလုံးကျွန်းထိပ်လမ်းဆုံ၌ ကားငါးစီးဆင့်ကဲတိုက်



**ရန်ကုန် ဇန်နဝါရီ ၂၁**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကြီး ပုဂံလုံးကျွန်းထိပ် ကန်ပတ်လမ်းနှင့် သိမ်ဖြူလမ်းဆုံ မီးပွိုင့်တွင် ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်က ကားငါးစီးဆင့်တိုက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ကန်တော်ကြီး ကန်ပတ်လမ်းအတိုင်း အရှေ့ဘက်မှ အနောက်ဘက်သို့မောင်းလာသောယာဉ်များ မီးပွိုင့်စိမ်းနေသဖြင့် သိမ်ဖြူလမ်းဘက်သို့ ကွေ့ဝင်ရန် တည့်တည့်သွားယာဉ်များရှိနေ၍ စောင့်ဆိုင်းရပ်တန့်နေစဉ် ယာဉ်အမှတ် 5I/. . . အဖြူရောင် ရှိုင်ရယ်လ်ဆလွန်းကားက ရှေ့မှရပ်နေသော တိုယိုတာအမျိုးအစား အပြာနုရောင် ဘဲလ်တာဆလွန်းကားကို အရှိန်ပြင်းစွာဝင်ရောက်တိုက်မိရာမှ ရှေ့တွင်ကွေ့ရန် ရပ်တန့်စောင့်ဆိုင်းနေသော ယာဉ်သုံးစီးကိုပါ ဆင့်ကဲတိုက်မိခြင်းဖြစ်သည်။ ဆင့်ကဲတိုက်မိသောယာဉ်များမှာ 3F/. . . အဖြူရောင်ပရိုဘောက်အငှားယာဉ်၊ 1F/. . . အပြာရောင်ဟွန်ဒါဆလွန်းကားနှင့် 4E/. . . အနက်ရောင် ALPHARD ကားများဖြစ်သည်။ ယာဉ်မောင်းသူနှင့် စီးနင်းသူများ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း သိရသည်။ ပထမဦးဆုံး အရှိန်ပြင်းစွာဖြင့် ဝင်တိုက်ခံရသော ဘဲလ်တာကားမှာ တစ်ပေခန့်မြင့်သော လမ်းလယ်ကျွန်းပေါ် မြောက်တက်သွားပြီးမှ ပြန်ကျသွားသည်ကိုမြင်တွေ့ရကြောင်း မျက်မြင်တစ်ဦးကပြောသည်။ အဆိုပါလမ်းဆုံမီးပွိုင့်တွင် ယာဉ်စည်းကမ်းအတိုင်း စနစ်တကျ တစ်စီးစီကွေ့ဝင်မောင်းနှင်ရမည့်အစား တည့်တည့်သွားရမည့် လက်ယာဘက်ယာဉ်ကြောမှ မောင်းလာပြီး လမ်းဆုံရောက်မှ ကျော်ဖြတ်ကွေ့ဝင်မှုကြောင့် မကြာခဏ ယာဉ်တိုက်မှုဖြစ်နေရသည်ဟု ဆရာဝန်အသင်းတိုက်အနီးနေသူတစ်ဦးက ပြောသည်။

**အောင်သန်း(တောင်ညွန့်)**

❐

# အာရှ-ပစိဖိတ်ဒေသနှင့် အာဆီယံဒေသတွင်း ခရီးသွားလာမှုပိုမိုမြှင့်တင်ရန် ပထမဆုံးအကြိမ် ခရီးသွားလုပ်ငန်းဖိုရမ် ကျင်းပမည်

မေး၊ ရေး - ဟန်နီဝင်း(သတင်းစဉ်)
ဓာတ်ပုံ - ဟိုတယ်ခရီး

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၂၂ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁)နှင့်(၂)တို့၌ ကျင်းပသွားမည်ဖြစ်သည်။ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်သည် အာဆီယံခရီးသွားလုပ်ငန်းကဏ္ဍ၏ အရေးပါဆုံးနှင့် အခမ်းနားဆုံး ကျင်းပသည့်ဖိုရမ်ဖြစ်ပြီး ခရီးသွားလုပ်ငန်းအဆင့်မြင့်အစည်းအဝေးများနှင့် ခရီးသွားပြပွဲများပါဝင်ကြောင်း သိရှိရသည်။ အာဆီယံခရီးသွားလုပ်ငန်း ဖိုရမ်ကျင်းပခြင်းသည် အာဆီယံကို တစ်ပေါင်းတည်းသော ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်သည့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဒေသတွင်းပူးပေါင်း ဆောင်ရွက်မှုတစ်ခုဖြစ်သည်။

အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၂၀၁၄ ခုနှစ်တွင် မလေးရှားနိုင်ငံ ကူချင်းမြို့၌ ကျင်းပခဲ့ပြီး ယခုနှစ်တွင် မြန်မာနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်သည်။ လာမည့် ၂၀၁၆ ခုနှစ်တွင်လည်း ဖိလစ်ပိုင်နိုင်ငံ၌ လက်ခံကျင်းပသွားမည်ဟု သိရှိရပြီး မြန်မာနိုင်ငံ၌ ကျင်းပတော့မည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် အကြောင်းအရာများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်များကို ပြန်လည်ဖော်ပြလိုက်ပါသည်။

**ဒေါ်ခိုင်မီမီထွန်း**
**ညွှန်ကြားရေးမှူး**
**အာဆီယံနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ**
**ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန**

**မေး။ ။အာဆီယံခရီးသွားဖိုရမ် ကျင်းပရတဲ့ ရည်ရွယ်ချက်ကို သိပါရစေ။**

ဖြေ။ ။အာဆီယံဒေသကို ဆွဲဆောင်မှုရှိတဲ့ ဘက်စုံကောင်းမွန်တဲ့ တစ်ပေါင်းတည်းသော ခရီးစဉ်တစ်ခုအဖြစ် မြှင့်တင်ဖို့၊ အာရှ-ပစိဖိတ်ဒေသအတွင်း ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားတဲ့ ခရီးစဉ်ဒေသတစ်ခုအဖြစ် မြှင့်တင်ဆောင်ရွက်ဖို့၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများသို့ ခရီးသွားများ ပိုမိုရောက်ရှိရေးအတွက်လည်းမြှင့်တင်ဆောင်ရွက်ဖို့၊ ပြီးတော့ အာဆီယံနိုင်ငံသားများ အာဆီယံဒေသတွင်း ခရီးသွားလာမှုပိုမိုမြှင့်တင်ဖို့နဲ့ အာဆီယံ ခရီးသွားလုပ်ငန်းရဲ့ ကဏ္ဍခွဲများ ပူးပေါင်းဆောင်ရွက်မှု ပိုမိုခိုင်မာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်များနဲ့ ကျင်းပတာ ဖြစ်ပါတယ်။

**မေး။ ။ဖိုရမ်ရဲ့ ဆောင်ပုဒ်နဲ့ ဖိုရမ် စတင်ဖြစ်ပေါ်လာပုံကိုလည်း သိပါရစေ။**

ဖြေ။ ။ဆောင်ပုဒ်ကတော့‘အာဆီယံ - ငြိမ်းချမ်းဝေစည်၊ တွဲလက်ညီ၊ ခရီးသွားလုပ်ငန်းဖြင့် အရောက်လှမ်းချီ’ ပါ။ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်ကို ၁၉၈၁ ခုနှစ်မှာ မလေးရှားနိုင်ငံက အိမ်ရှင်အဖြစ် စတင်လက်ခံကျင်းပခဲ့ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေက နိုင်ငံအက္ခရာစဉ်အလိုက် လက်ခံကျင်းပလေ့ရှိတယ်။ နှစ်စဉ် ဇန်နဝါရီလမှာ ကျင်းပပါတယ်။ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၄ (ATF-2014)ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှာ မလေးရှားနိုင်ငံ ကူချင်းမြို့၌ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေနဲ့ ၂၀၁၅ ခုနှစ် ဇန်နဝါရီလမှာ အိမ်ရှင်အဖြစ်လက်ခံကျင်းပနိုင်ဖို့အတွက် မလေးရှားနိုင်ငံထံမှ အလံလွှဲပြောင်းရယူခဲ့ပါတယ်။ မလေးရှားနိုင်ငံမှာ ကျင်းပခဲ့တဲ့ ATF-2014 ကာလအတွင်းမှာ ATF-2015 ကို ကြိုဆိုမြှင့်တင်တဲ့အနေနဲ့ Myanmar Night ကိုလည်းကျင်းပခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပထမဆုံးအကြိမ် အိမ်ရှင်အဖြစ် လက်ခံကျင်းပဆောင်ရွက်မှာဖြစ်ပြီး ယခုဖိုရမ်ဟာအာဆီယံခရီးသွားလုပ်ငန်းကဏ္ဍရဲ့ (၃၄)ကြိမ်မြောက် ကျင်းပမယ့်ဖိုရမ်ဖြစ်ပါတယ်။

**မေး။ ။အခုကျင်းပတော့မယ့် ဖိုရမ်အစီအစဉ်တွေမှာ ဘာတွေပါဝင်တယ်ဆိုတာကို ရှင်းပြပေးပါ။**

ဖြေ။ ။ဖိုရမ်မှာ (၄၁)ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေ၊ (၁၈) ကြိမ်မြောက် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးတွေ၊ အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ သတင်းစာရှင်းလင်းပွဲတွေပါမယ်။ ပြီးတော့ အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ဖွင့်ပွဲအခမ်းအနားနဲ့ ကြိုဆိုညစာစားပွဲ၊ အာဆီယံခရီးသွားလုပ်ငန်းကွန်ဖရင့်၊ အာဆီယံခရီးသွားလုပ်ငန်းပြပွဲများ၊ လာမယ့်နှစ်(၂၀၁၆) မှာအိမ်ရှင်အဖြစ် အလှည့်ကျတဲ့ ဖိလစ်ပိုင်နိုင်ငံကို အလံလွှဲပြောင်းပေးအပ်တဲ့အခမ်းအနားနဲ့ ဖိုရမ်ပိတ်ပွဲအခမ်းအနားတွေပါဝင်မှာ ဖြစ်ပါတယ်။

**မေး။ ။အစည်းအဝေးတွေကို ဘယ်နိုင်ငံက ဘယ်သူတွေတက်ရောက်မှာလဲ။**

ဖြေ။ ။အာဆီယံခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းအဝေးတွေကို အာဆီယံနှင့် ဆွေးနွေးဖက်နိုင်ငံတွေ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ရုရှား စတဲ့ နိုင်ငံတွေက အဆင့်မြင့်အရာရှိကြီးတွေနဲ့ ကိုယ်စားလှယ်အဖွဲ့များ တက်ရောက်ကြမှာဖြစ်ပါတယ်။ ဝန်ကြီးအဆင့် အစည်းအဝေးတွေကိုလည်း အာဆီယံနဲ့ ဆွေးနွေးဖက်နိုင်ငံတွေဖြစ်တဲ့ တရုတ်၊ ဂျပန်နဲ့ ကိုရီးယားတို့က ခရီးသွားလုပ်ငန်းဝန်ကြီးများနှင့် ကိုယ်စားလှယ်အဖွဲ့တွေ တက်ရောက်ကြမှာပါ။

**မေး။ ။ဖိုရမ်ကာလမှာပါဝင်မယ့် ပုဂ္ဂလိကကဏ္ဍ အစည်းအဝေးတွေကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ပါဝင်မယ့် ပုဂ္ဂလိက ကဏ္ဍအစည်းအဝေးတွေကတော့ အာဆီယံလေကြောင်းလိုင်းများအသင်း(AAA)အစည်းအဝေး၊ အာဆီယံဟိုတယ်နဲ့



ဒေါ်ခိုင်မီမီထွန်း(ညွှန်ကြားရေးမှူး)
အာဆီယံနှင့် ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာနခွဲ
ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

စားသောက်ဆိုင်များအသင်း(AHRA)ဘုတ်အဖွဲ့ အစည်းအဝေးနဲ့ နှစ်ပတ်လည် အစည်းအဝေး၊ အာဆီယံခရီးသွားလုပ်ငန်းရှင်များ အသင်းအဖွဲ့ချုပ်(FATA) စားသောက်ဆိုင်များအသင်းဘုတ်အဖွဲ့အစည်းအဝေးနဲ့ နှစ်ပတ်လည် အစည်းအဝေး၊ အာဆီယံခရီးသွားလုပ်ငန်းရှင်များအသင်း(ASEANTA)အစည်းအဝေးတွေ ပါဝင်မှာဖြစ်ပါတယ်။

**မေး။ ။အခုကျင်းပမယ့် ဖိုရမ်ဟာ ပထမဆုံးအကြိမ်လို့သိရှိရပြီး ဖိုရမ်ကျင်းပနိုင်ဖို့ ဖွဲ့စည်းလုပ်ဆောင်တဲ့အပိုင်းကိုလည်း သိပါရစေ။**

ဖြေ။ ။အာဆီယံခရီးသွားလုပ်ငန်းအစည်းအဝေးများနဲ့ အာဆီယံခရီးသွားလုပ်ငန်းပြပွဲ(၂၀၁၅)ကို အောင်မြင်စွာကျင်းပနိုင်ဖို့ ကူညီပံ့ပိုးပေးမယ့် ဝန်ကြီးဌာနများပါဝင်တဲ့ ဦးစီးကော်မတီ(၁)ရပ်၊လုပ်ငန်းကော်မတီ(၁)ရပ်၊ ဆပ်ကော်မတီ(၁၃)ရပ်၊ အတွင်းရေးမှူးရုံးအဖွဲ့ ဖွဲ့စည်းဆောင်ရွက်ခဲ့ပါတယ်။ ပြီးတော့ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ပြပွဲဖြစ်မြောက်ရေးအတွက်လည်း ပူးပေါင်းဆောင်ရွက်တဲ့ အဖွဲ့အစည်းတွေရှိရင်လည်း သိပါရစေ။**

ဖြေ။ ။မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ MP Singapore Pte. Ltd. နဲ့ Myanmar Ventures Group တို့ဖြစ်ပါတယ်။

**မေး။ ။ဘာတွေဆွေးနွေးကြမယ်ဆိုတာနဲ့ အခုလို ဆွေးနွေးပွဲတွေကတစ်ဆင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေကိုလည်း ပြောပြပေးပါ။**

ဖြေ။ ။အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် (၂၀၁၀-၂၀၁၅ကို အကောင်အထည်ဖော်တဲ့ လုပ်ငန်းစဉ်တွေဖြစ်တဲ့ အာဆီယံခရီးသွားလုပ်ငန်းဈေးကွက် ရှာဖွေမြှင့်တင်ရေး၊ အရည်အသွေးမီ ခရီးသွားလုပ်ငန်းအဖြစ် မြှင့်တင်ဆောင်ရွက်ရေး၊ အာဆီယံခရီးသွားလုပ်ငန်း အသက်မွေးဝမ်းကျောင်းပြုသူတွေ၊ ဒေသတွင်း ဝင်/ထွက်သွားလာလုပ်ကိုင်နိုင်ရေးကို ရည်ရွယ်တဲ့ အာဆီယံခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်တွေနဲ့ ၂၀၁၅ခုနှစ် နောက်ပိုင်းကာလအတွက် အာဆီယံခရီးသွားလုပ်ငန်းမဟာဗျူဟာအစီအစဉ် (၂၀၁၆-၂၀၂၅)ဖြစ်တဲ့ (၁၀)နှစ် စီမံကိန်းရေးဆွဲရေးတို့ကို အဓိကဆွေးနွေးကြမှာ ဖြစ်ပါတယ်။

အကျိုးကျေးဇူးတွေအနေနဲ့လည်း ယခုအချိန်မှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဟာ အရှိန်အဟုန်နဲ့ တိုးတက်နေတဲ့အချိန် ဖြစ်ပါတယ်။ ဒါ့ပြင် အာဆီယံခရီးသွားလုပ်ငန်းပေါင်းစည်းရေးလုပ်ငန်းစဉ်များမှာလည်း မြန်မာနိုင်ငံအနေနဲ့ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်လျက်ရှိပါတယ်။ အခုလိုအချိန်မျိုးမှာ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းကဏ္ဍက ကျင်းပဖူးခြင်း မရှိသေးတဲ့ ဒီဖိုရမ်ကြီးကို ပထမဆုံးအကြိမ်ကျင်းပမှာဖြစ်တဲ့အတွက် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံးအတွက် သမိုင်းမှတ်တိုင်အဖြစ် ထင်ကျန်နိုင်မှာ ဖြစ်ပါတယ်။

အစိုးရခရီးသွားလုပ်ငန်းကဏ္ဍအနေနဲ့ အာဆီယံခရီးသွားလုပ်ငန်းပေါင်းစည်းရေးမှာ ပိုမိုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မှာဖြစ်သလို မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအနေနဲ့လည်း မိမိတို့ရဲ့ ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများကို ပိုမိုမြှင့်တင်ကာ နိုင်ငံတကာနှင့် ချိတ်ဆက်နိုင်မည့်အခွင့်အလမ်းများ ရရှိနိုင်မှာဖြစ်ပါတယ်။

**မေး။ ။အဖွဲ့ဝင်နိုင်ငံတွေနဲ့ အခြားအဖွဲ့အစည်းများရဲ့ပံ့ပိုးမှုများရှိရင်လည်း ဖော်ပြပေးပါ။**

ဖြေ။ ။အဖွဲ့ဝင်နိုင်ငံများအနေနဲ့ အစည်းအဝေးများမှာ ပါဝင်တက်ရောက်တဲ့အပြင် သူတို့နိုင်ငံရဲ့ ခရီးသွားလုပ်ငန်းကို မြှင့်တင်ရေးအစီအစဉ်တွေအဖြစ် Malaysia Night၊ Philippines Night၊ Tourism Authority of Thailand (TAT)Night တွေ ကျင်းပမယ်။ ညစာစားပွဲနဲ့ ဧည့်ခံဖျော်ဖြေရေး အစီအစဉ်တွေကို သက်ဆိုင်ရာ Venue အသီးသီးမှာ ကျင်းပသွားမှာပါ။ စင်ကာပူနိုင်ငံ Sphere Conferences ကလည်း Networking Reception တစ်ရပ်ထည့်သွင်းပြီး ပံ့ပိုးကူညီပေးသွားမယ်။ ဒါ့ပြင် အာဆီယံ ခရီးသွားလုပ်ငန်းဖိုရမ်(၂၀၁၅)ကို နိုင်ငံတကာမှ သိရှိစေရေးအတွက် CNN ရုပ်သံလိုင်းကလည်း အာဆီယံနိုင်ငံတွေရဲ့ ခရီးစဉ်ဒေသများအကြောင်း ရိုက်ကူးတင်ဆက်ထားတဲ့ မြှင့်တင်ရေးကြော်ငြာကို CNN ရုပ်သံမှတစ်ဆင့် အာရှနှင့် တောင်အာရှ Channel များမှာ လွှင့်တင်ပေးသွားမှာပါ။ အခြားပံ့ပိုးမှုများအနေနဲ့ သင်္ဂဟဟိုတယ်၊ Accor Group၊ Kempinski Hotel၊ KMA Hotel Group စတဲ့ဟိုတယ်များ၊ CB Bank၊ ထူးကုမ္ပဏီများအုပ်စုနှင့် Hotel Max၊ Golden Myanmar Airline၊ Elite၊ KBZ ၊ Kyocera စတဲ့ ကုမ္ပဏီကြီးများနဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်က ကူညီပံ့ပိုးထားပါတယ်။

**မေး။ ။ခရီးသွားပြပွဲမှာ မြန်မာနိုင်ငံရဲ့ပါဝင်မှု၊ အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပါဝင်မှုကိုလည်း သိပါရစေ။**

ဖြေ။ ။မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နဲ့ အဖွဲ့ချုပ်ရဲ့အသင်းကြီးများဖြစ်တဲ့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်မြှင့်တင်ရေးအသင်းစတဲ့ အသင်းတွေ၊ ပြခန်းတွေ၊ ဝယ်ယူထားတဲ့ ဟိုတယ်နှင့် ခရီးသွားကုမ္ပဏီများ၊ လေကြောင်းလိုင်းတွေ၊ အခြားဆက်စပ်လုပ်ငန်းတွေက Myanmar Pavillion Area မှာ ပြခန်းများ လှပတင့်တယ်ခမ်းနားစွာ တည်ဆောက် ခင်းကျင်းပြသသွားမှာဖြစ်ပါတယ်။ နေပြည်တော် ဟိုတယ်ဇုန်အနေနဲ့လည်း မိမိတို့ဝန်ဆောင်မှုများနဲ့ ခရီးစဉ်ဒေသများမြှင့်တင်ကြော်ငြာရေးအတွက် ပြခန်းများပါဝင်ပြသသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ ပြခန်းများ ဝယ်ယူမှုအများဆုံးဖြစ်ပြီး အခြားအာဆီယံနိုင်ငံများနဲ့ နိုင်ငံတကာမှ ခရီးစဉ်ဝယ်ယူသူများနဲ့ တွေ့ဆုံ ချိတ်ဆက်ကြမှာဖြစ်ပါတယ်။ ခရီးသွားပြခန်းပေါင်း ၄၈၀ ကျော်ပြသမှာဖြစ်ပြီး ပြည်တွင်းပြည်ပက ပြပွဲတက်ရောက်သူကိုယ်စားလှယ် ၁၇၀၀ ကျော်ပါဝင်တက်ရောက်ကြမှာ ဖြစ်ပါတယ်။

ပြီးတော့ အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများမှ အစိုးရခရီးသွားလုပ်ငန်းကိုယ်စားလှယ်များအပါအဝင် နိုင်ငံပေါင်း ၅၀ ကျော်မှ ခရီးစဉ်ရောင်းချသူများ(Sellers)၊ ခရီးစဉ်ဝယ်ယူသူများ(Buyers)၊ ပြည်တွင်း ပြည်ပမီဒီယာများနှင့် ဝန်ကြီးဌာနများမှ စိတ်ပါဝင်စားသူများ ပါဝင်တက်ရောက်ကြမှာ ဖြစ်ပါတယ်။

အဖွဲ့ဝင်နိုင်ငံတွေရဲ့ ပါဝင်မှုအပိုင်းမှာ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ကြီးဌာနတွေက ခရီးသွားမြှင့်တင်ရေးဌာနများက ပြပွဲတက်ရောက်လာသူတွေကို သူတို့နိုင်ငံအသီးသီးရဲ့ ခရီးစဉ်ဒေသများဆိုင်ရာ သတင်းအချက်အလက်တွေကို ဖြန့်ဖြူးပေးမယ်။ ပြီးတော့သူတို့နိုင်ငံအသီးသီးရဲ့ အထင်ကရခရီးစဉ်ဒေသများနှင့် ခရီးသွားဆွဲဆောင်မှုများရဲ့ ပုံစံငယ်များ ဖန်တီးတည်ဆောက်ပြသထားမယ်။ ရောင်းသူဝယ်သူတွေ့ဆုံခြင်းများ အစီအစဉ်တွေ ပါဝင်တက်ရောက်ဖို့လည်း ဆောင်ရွက်သွားမယ်။ အာဆီယံပုဂ္ဂလိကကုမ္ပဏီတွေကလည်း ပြခန်းပြသမှုတွေ ရောင်းသူဝယ်သူအစီအစဉ်တွေနဲ့ ခရီးသွားကွန်ဖရင့်တွေမှာ ပါဝင်တက်ရောက်ကြမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပထမဆုံးအကြိမ်ကျင်းပမည့် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ်သည် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ နှစ်ရပ်လုံးအတွက် အကျိုးကျေးဇူးများစွာ ရရှိနိုင်မည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့်အတူ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာနိုင်ပြီး ပြည်တွင်း ပြည်ပဟိုတယ်လုပ်ငန်းများလည်း ဖွံ့ဖြိုးမှုရောင်ခြည်နှင့်အတူ များပြားလာတော့မည်ဖြစ်သည်။ ။



## ကျောင်းအခြေပြု ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုး

**ကျောက်တန်း ဇန်နဝါရီ ၂၀**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့ အထက်တန်းကျောင်းတွင် ဇန်နဝါရီ ၁၉ ရက်က တံတားမြို့ဆေးရုံမှ ဒေါက်တာဗိုလ်မင်းဦးဆောင်ကြီးကြပ်၍ ကျန်းမာရေးဆရာမများက ကျောင်းသား ၈၀၀ ခန့်အား ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

**သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

# ယီမင်သမ္မတကို ထောက်ခံကြရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီတောင်းဆို



**ဆာနာ (ယီမင်) ဇန်နဝါရီ ၂၁**

ယီမင်နိုင်ငံ၌ အင်္ဂါနေ့တွင် သမ္မတနန်းတော်ကို သူပုန်များက သိမ်းယူခြင်းနှင့် ပတ်သက်၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြစ်တင်ရှုတ်ချပြီး အမေရိကန်ပြည်ထောင်စု၏ မဟာမိတ် သမ္မတ အက်-ရက်ဘူးမန်ဆိုအာဟာဒီကို တစ်ကမ္ဘာလုံးက ထောက်ခံကြပါရန် တောင်းဆိုကြောင်း ယနေ့အင်န်ဘီစီသတင်းတွင် ဖော်ပြသည်။

လူကိုးဦးသေဆုံး၍ ၉၀ ကျော် ဒဏ်ရာရရှိခဲ့သည့် မြို့တော်ဆာနာအတွင်း အပြင်းထန်ဆုံး တိုက်ပွဲများအနက်မှ တစ်ပွဲဖြစ်သည့် တနင်္လာနေ့ တိုက်ပွဲပြီးဆုံးသွားပြီးနောက် နောက်တစ်ရက်တွင် ဟော့သီသူပုန်များက နန်းတော်ကို သိမ်းခြင်းဖြစ်သည်။

အစိုးရအဖွဲ့ကို ဖယ်ရှားရန်ကြိုးစားလျက်ရှိသော သူပုန်များ၏ ပစ်ခတ်မှုအောက်သို့ နန်းတော်ကျရောက်သွားခဲ့ကြောင်း ပြန်ကြားရေးဝန်ကြီးက တွစ်တာတွင် ဖော်ပြခဲ့သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက သူ့အနေဖြင့် အလွန်စိုးရိမ်ကြောင်း ပြောကြားခဲ့ပြီး လုံခြုံရေးကောင်စီ အဖွဲ့ဝင် ၁၅ နိုင်ငံက သူပုန်များကို အပြင်းအထန်ရှုတ်ချ၍ သမ္မတဟာဒီသာလျှင် ယီမင်နိုင်ငံ၏ အာဏာပိုင်ဖြစ်ကြောင်း အခိုင်အမာ ပြောကြားခဲ့ကြသည်။

ဆာနာရှိအမေရိကန်သံရုံးကို အန္တရာယ်ကျရောက်မည့် လက္ခဏာ မတွေ့ရသေးကြောင်း၊ အမေရိကန်ဝန်ထမ်းများကို လေကြောင်းမှ သယ်ထုတ်ရန် အစီအစဉ်မရှိသေးကြောင်း အမေရိကန်ကာကွယ်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနက ရွှေ့ပြောင်းပေးပါရန် မေတ္တာရပ်ခံခဲ့သော ရေတပ်စစ်သင်္ဘောယူအက်စ်အက်စ် အိုင်ဝိုဂျီမာသည် လေယာဉ်ပျံသန်းနိုင်သော အကွာအဝေးတွင် အဆင်သင့်ရှိနေကြောင်း ၎င်းတို့က ပြောကြားသည်။

**အင်န်ဘီစီ။**

## စစ်အေးတိုက်ပွဲသစ်ဖြစ်မည်ကို ရုရှားမလိုလား

**မော်စကို ဇန်နဝါရီ ၂၁**

ရုရှားနိုင်ငံသည် စစ်အေးတိုက်ပွဲသစ်ကို ရှောင်လွှဲနိုင်ရန်အတွက် အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေးကိုထိန်းထိန်းသိမ်းသိမ်းဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ဗရော့ဗ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။


"အမေရိကန်နိုင်ငံက ပိတ်ဆို့အရေးယူမှုတွေချမှတ်ပြီးတဲ့နောက်မှာ အနောက်အုပ်စုနိုင်ငံတွေဟာ ရုရှားနိုင်ငံနဲ့ ထိပ်တိုက်တွေ့ဆုံဖို့ဆန္ဒတွေ အတော်လေးရှိခဲ့ကြပါတယ်။ ဒါဟာ စစ်ဘက်နဲ့ အရပ်ဘက်ပူးပေါင်းဆောင်ရွက်ရေးကိစ္စတွေမှာ နိုင်ငံရေးသဘောသက်ဝင်တဲ့ ဆုံးဖြတ်ချက်တွေကို နှောင့်နှေးကြန့်ကြာစေပါတယ်။ အဆိုးဆုံးကတော့ ဆက်ဆံရေးနယ်ပယ်ကဏ္ဍအားလုံးမှာ အေးစက်စက်ဖြစ်သွားခဲ့တာပါပဲ"ဟု လက်ဗရော့ဗ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယင်းမှာ ရုရှားနိုင်ငံ၏ ရွေးချယ်မှုမဟုတ်သကဲ့သို့ ရုရှားနိုင်ငံအနေဖြင့် စစ်အေးတိုက်ပွဲသစ်ဖြစ်မည်ကို မလိုလားကြောင်း၊ ရုရှားနိုင်ငံ၏ အနောက်အုပ်စု မိတ်ဖက်နိုင်ငံများအနေဖြင့် နားလည်ထားရန်မှာ ကမ္ဘာ့လုံခြုံရေးကို တစ်ဖက်သတ်အရေးယူမှုနှင့် ဖိအားပေးမှုများဖြင့် တည်ဆောက်၍မရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

"အနောက်အုပ်စုနိုင်ငံများအနေနဲ့ ရုရှားနိုင်ငံကို အထီးကျန်နိုင်ငံဖြစ်အောင် ကြိုးစားနေတာဟာ အချည်းနှီးသာဖြစ်ပါတယ်"ဟု လက်ဗရော့ဗ်က ပြောကြားသည်။

လက်ဗရော့ဗ်က ယူကရိန်းပြဿနာ အပါအဝင် နိုင်ငံတကာရေးရာများ ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးပွဲများ ပြန်လည်စတင်နိုင်ရန် အမေရိကန်နှင့် ဥရောပနိုင်ငံများကို တောင်းဆိုခဲ့သည်။

**ဆင်ဟွာ။**



## တွန်ဂါ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ကျွန်းသစ်တစ်ကျွန်းပေါ်ပေါက်

**ဝယ်လင်တန် ဇန်နဝါရီ ၂၁**

တွန်ဂါနိုင်ငံ၌ မီးတောင်ပေါက်ကွဲမှုကြောင့် ကျွန်းသစ်တစ်ကျွန်း ပေါ်ပေါက်လာခဲ့ကြောင်း၊ ယင်းကျွန်းသစ်ကို အနီးကပ်လေ့လာကြည့်ရှုနိုင်ရန် နယူးဇီလန် မီးတောင်ဗေဒပညာရှင်တစ်ဦးက ကြိုးပမ်းခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၁ ရက်တွင် သတင်းထုတ်ပြန်သည်။



တွန်ဂါနိုင်ငံ မြို့တော် နုကူယာလိုမာ အနောက်မြောက်ဘက် ၆၅ ကီလိုမီတာ (မိုင် ၄၀) ခန့်အကွာရှိ မီးတောင်သည် သမုဒ္ဒရာအတွင်း ပေါက်ကွဲလျက်ရှိသည်မှာ တစ်လမျှရှိခဲ့ပြီဖြစ်ကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် ပစိဖိတ်ကျွန်းစုနိုင်ငံဖြစ်သော တွန်ဂါနိုင်ငံသို့ ပျံသန်းသည့် နိုင်ငံတကာလေကြောင်းခရီးစဉ်များကို လွန်ခဲ့သည့် ရက်သတ္တပတ်က ဖျက်သိမ်းခဲ့ရကြောင်း သတင်းတွင် ဖော်ပြသည်။

နယူးဇီလန်နိုင်ငံမှ မီးတောင်ဗေဒပညာရှင် နီကိုးမော်နီယာသည် မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော ကျွန်းအသစ်တစ်ကျွန်းကို အနီးကပ်လေ့လာနိုင်ရန် ကျွန်းသစ်မှ တစ်မိုင်ခန့်အကွာသို့ လှေဖြင့် ချဉ်းကပ်ခဲ့သည်။

အဆိုပါကျွန်းကို ချော်ခဲများဖြင့် ဖွဲ့စည်းထားပြီး ကျွန်း၏ အရွယ်အစားမှာ အရှေ့မှ အနောက်သို့ ၁ ဒသမ ၈ ကီလိုမီတာ(၁ ဒသမ ၁မိုင်)၊ တောင်မှ မြောက်သို့ ၁ ဒသမ ၅ ကီလိုမီတာ (သုည ဒသမ ၉ မိုင်)ခန့်ရှိကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၁၀၀ ခန့် အထိ ထိုးထွက်နေသောကျွန်းဖြစ်ကြောင်း မော်နီယာက ပြောကြားသည်။ ယင်းကျွန်းသည် ခိုင်မာမှုမရှိသဖြင့် မကြာမီ ပျောက်ကွယ်သွားနိုင်ကြောင်း ၎င်းကပြောသည်။

**ပီတီအိုင်။**

## အိုင်အက်စ်အဖွဲ့သို့ဝင်ရန် ကြိုးပမ်းခဲ့သည့် တောင်ကိုရီးယားလူငယ် ပျောက်ဆုံးနေ

**ဆိုးလ် ဇန်နဝါရီ ၂၁**

အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက်ရန် ကြိုးပမ်းသည်ဟု ယူဆရသည့်တောင်ကိုရီးယားနိုင်ငံသားတစ်ဦးသည် တူရကီနိုင်ငံသို့ သွားရောက်စဉ် ပျောက်ဆုံးနေကြောင်း တောင်ကိုရီးယားမီဒီယာများက ဖော်ပြထားသည်။

ပျောက်ဆုံးနေသော 'ကင်'မျိုးနွယ်ဝင် အသက်(၁၈)နှစ်အရွယ်လူငယ်သည် ယခုလအစောပိုင်းတွင် တူရကီနိုင်ငံသို့ ထွက်ခွာသွားခဲ့ကြောင်း တောင်ကိုရီးယား နိုင်ငံခြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော သတင်းအရ သိရသည်။

အွန်လိုင်းမှ သိကျွမ်းခဲ့သော တူရကီနိုင်ငံသားတစ်ဦးဆီသို့ အလည်အပတ်သွားမည်ဖြစ်ကြောင်း ကင်က သူ၏မိဘများထံ ပြောကြားခဲ့သည်။ သူ၏မိဘများက ဆီးရီးယားနိုင်ငံနှင့်နယ်မြေချင်း ထိစပ်နေသည့် တူရကီနိုင်ငံ ကီလစ်မြို့သို့ ရောက်ရှိနိုင်ကြောင်း ၎င်းတို့၏ထင်မြင်ချက်ကိုပြောသည်။

ကင်သည် ဇန်နဝါရီ ၂ ရက်မှစ၍ ပျောက်ဆုံးနေခဲ့သည်။ သူ၏ ကွန်ပျူတာထဲတွင် အိုင်အက်စ်အဖွဲ့သို့ ဝင်ရောက်ရန် ဆန္ဒပြုသည့် သက်သေခံစာများကို တွေ့ရသည်ဟု တူရကီအာဏာပိုင်များက ဆိုသည်။ "ဆွန်နီမူဂျဟစ်ဒန်"အမည်ရှိ ၎င်း၏တွစ်တာစာမျက်နှာကို ၂၀၁၃ ခုနှစ်တွင် စတင်သုံးစွဲခဲ့ကြောင်းသိရသည်။ အိုင်အက်စ်အဖွဲ့သို့ဝင်ရောက်ရန် မည်သို့လုပ်ဆောင်ရမလဲ ဆိုသည်ကို အင်္ဂလိပ်နှင့်အာရဗီ ဘာသာစကားနှင့် ရေးထားသော မေးခွန်းများကို အဆိုပါစာမျက်နှာတွင် တွေ့ရကြောင်း တူရကီအာဏာပိုင်များက ဆက်လက်ပြောသည်။

အိုင်အက်စ်အဖွဲ့သည် ကမ္ဘာတစ်ဝန်းရှိ လူငယ်များကို တပ်သားအဖြစ် လိုက်လံစုဆောင်းနေကြောင်း ၎င်းတို့လက်မှ မကြာသေးမီက လွတ်မြောက်လာသော လူတစ်ဦးက စီအင်န်အင်န်သို့ပြောသည်။ **စထရိတ်တိုင်းမ်။**

## ပြင်သစ်သတင်းစာ လီမွန်ဒေး၏ တွစ်တာစာမျက်နှာ နှောင့်ယှက်ခံရ

**ပါရီ ဇန်နဝါရီ ၂၁**

ပြင်သစ်သတင်းစာ တစ်စောင်ဖြစ်သော လီမွန်ဒေး၏တွစ်တာစာမျက်နှာနှင့် ဖြန့်ချိရေးအပိုင်းတွင် နှောင့်ယှက်ခံရကြောင်း သိရသည်။ ဆီးရီးယားသမ္မတ ဘာရှားအယ်လ်အာဆတ်ကို ထောက်ခံသည့် အမည်မသိနှောင့်ယှက်ကြသူများ ပူးပေါင်းပါဝင်နိုင်သည့် ဆီးရီးယန်းအီလက်ထရွန်နစ်တပ်မှ ဝင်ရောက်နှောင့်ယှက်ကြောင်း လီမွန်ဒေးမှ ပြောသည်။

အဆိုပါ သတင်းစာတွင် "ဝန်ဆောင်မှုများကို ငြင်းပယ်ခြင်း"ဟူသည့်ကဏ္ဍ မထုတ်လုပ်မီ နှောင့်ယှက်သူ ဟက်ကာများမှ လီမွန်ဒေးသတင်းစာ၏ ဖြန့်ချိရေးဆောင်ရွက်မှုအပိုင်းကို စိမ့်ဝင်ထိုးဖောက်မှုများပြုရန် စီစဉ်ခဲ့ကြောင်း သိရသည်။ လီမွန်ဒေးသတင်းစာတိုက်ရှိ ကွန်ပျူတာများကို ပြန်လည်ထိန်းချုပ်မှုများ ပြုလုပ်နိုင်ခဲ့ပြီဖြစ်ကြောင်း တွစ်တာစာမျက်နှာတွင် ဖော်ပြခဲ့ပြီး ဖောက်သည်များသို့လည်း မလျော်ကန်သည့်တင်ပြချက်များ ဖြစ်ပေါ်ခဲ့ရခြင်းအတွက် တောင်းပန်မှုများလည်း ပြုလုပ်ခဲ့သည်။

ပုံမှန်အလုပ်ချိန်ပြင်ပတွင် မှတ်ချက်ပြုမှုများမရှိကြောင်း လီမွန်ဒေးနှင့် တွစ်တာကိုယ်စားလှယ်များက ပြောသည်။ နိုဝင်ဘာလအတွင်းကလည်း ဗြိတိန်နှင့် မြောက်အမေရိကမီဒီယာအဖွဲ့အစည်းများ၊ ကနေဒါရှိ ဝေါလ်မတ်ဌာနခွဲ၏ ဝက်ဘ်ဆိုက်များကို ဆီးရီးယားအီလက်ထရွန်နစ်တပ် (SEA) က နှောင့်ယှက်ခဲ့သည်။

**ရိုက်တာ။**

## တရုတ်နိုင်ငံ၌ နှစ်သစ်ကူးပွဲတော်အကြိုကာလ လက်နက်ပုန်းတိုက်ဖျက်ရေးလုပ်ငန်းဆောင်ရွက်

**ရှန်ဟိုင်း ဇန်နဝါရီ ၂၁**

တရုတ်နိုင်ငံ၌ နှစ်သစ်ကူးပွဲတော်နှင့် နှစ်ပတ်လည် ပါလီမန်အစည်းအဝေးမတိုင်မီကာလတွင် လုံခြုံရေးပိုမိုကောင်းမွန်စေရန် ရဲတပ်ဖွဲ့က တရားမဝင် သေနတ်ကိုင်ဆောင်မှုနှင့် ပေါက်ကွဲစေနိုင်သောပစ္စည်းများအား လက်ဝယ်ထားရှိမှုတို့ကို စစ်ဆေးအရေးယူမှု တိုးမြှင့်ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၁ ရက်တွင် ရေးသားဖော်ပြသည်။

သေနတ်နှင့် ပေါက်ကွဲစေနိုင်သောပစ္စည်းများ တရားမဝင် လက်ဝယ်ထားရှိခြင်းဖြင့် အများပြည်သူ၏ လုံခြုံရေးထိခိုက်မှုမဖြစ်ပေါ်စေရန် လက်နက်ပုန်းတိုက်ဖျက်ရေး စစ်ဆင်ရေးလုပ်ငန်းကို မတ်လအထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်နိုင်ငံ၌ ပုဂ္ဂလိကသေနတ်ကိုင်ဆောင်မှုကို ဥပဒေအရ ခွင့်ပြုပေးခြင်းမရှိပေ။ ၂၀၁၄ ခုနှစ်တွင် သေနတ်နှင့် ပေါက်ကွဲစေနိုင်သော ပစ္စည်းများနှင့် ဆက်နွယ်နေသော ရာဇဝတ်မှုခင်း အရေအတွက် ၃ ဒသမ ၆ ရာခိုင်နှုန်းနှင့် ၁၅ ရာခိုင်နှုန်း အသီးသီးကျဆင်းသွားခဲ့ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားသည်။

သေနတ်နှင့် ပေါက်ကွဲစေနိုင်သော ပစ္စည်းများအား ဥပဒေမဲ့ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းနှင့် လက်ဝယ်ထားရှိခြင်းတို့ကို အရေးယူသွားမည့်အပြင် အမျိုးသားကာကွယ်ရေးဌာနများ၌ ဘေးအန္တရာယ်လုံခြုံရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ပြောကြားသည်။

**ဆင်ဟွာ။**

## အားကစားသတင်းအတိုများ

- ➢ စီရိုနယ်ဒိုက ကစားသမားဘဝကို ဘရာဇီးတွင် အဆုံးသတ်သွားမည်ဟု ပြောကြားခဲ့သည်
- ➢ လီဗာပူးအသင်းက ချဲလ်ဆီးကို အနိုင်ယူကာ ဗိုလ်လုပွဲသို့ တက်ရောက်သွားမည်ဟု ဘရန်ဒန် ရော်ဂျာက ယုံကြည်ထားသည်။
- ➢ ဘိုင်ယန်မြူးနစ်အသင်းက ဒေါ့မွန်အနေဖြင့် မကြာမီပုံမှန်ခြေစွမ်းပြန်လည်ရရှိလာလိမ့်မည်ဟု ယုံကြည်ထားကြောင်း ဖော်ပြခဲ့သည်။
- ➢ အက်သလက်တီကိုနည်းပြ ဆီမွန်နီက ရီးယဲလ်မက်ဒရစ်၏ ငွေအမြောက်အမြားသုံးစွဲသည့် အပြောင်းအရွှေ့များကို အချိန်ကုန်ခံပြီး စဉ်းစားနေမည်မဟုတ်ဟု ပြောကြားခဲ့သည်။
- ➢ လေဗာကူဆင်အသင်းက စပါးတိုက်စစ်မှူး ဆိုလ်ဒါဒိုအား ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ကြိုးပမ်းလာခဲ့ရာ စပါးနည်းပြက ဆိုလ်ဒါဒိုမှာ ရောင်းချမည့် ကစားသမားမဟုတ်ဟု ပြောကြားခဲ့သည်။
- ➢ လီဗာပူးက ရီးယဲလ်တိုက်စစ်မှူး ဘန်ဇီမာအတွက် ပေါင် ၃၈ ဒသမ ၁ သန်းပေးချေရန် အသင့်ရှိနေသည်ဟု အင်္ဂလန်မီဒီယာများက ဖော်ပြခဲ့သည်။
- ➢ ဘာစီလိုနာကွင်းလယ်ကစားသမား ဇာဗီက ကာဇိုလာအား ဘာစီလိုနာတွင်လာရောက်ကစားစေချင်သည်ဟု ဆိုခဲ့သည်။

# အာဆင်နယ်၏လက်ရှိတိုက်စစ်သည် ၂၀၀၆ အွန်နရီခေတ် တိုက်စစ်ထက်ပိုမိုကောင်းမွန်သည်ဟု ဝဲလ်ကော့ပြောကြား

အင်္ဂလန်တောင်ပံတိုက်စစ်မှူး သီယိုဝဲလ်ကော့က လက်ရှိအာဆင်နယ်အသင်း၏ တိုက်စစ်မှာ ၂၀၀၆ ခုနှစ် အွန်နရီခေတ်တိုက်စစ်ထက် ပိုမိုထက်မြက်ကောင်းမွန်သည်ဟု ပြောကြားခဲ့သည်။

ဝဲလ်ကော့သည် ဆောက်သမ်တန်မှ အာဆင်နယ်သို့ ၂၀၀၆ ခုနှစ်ကတည်းက ရောက်ရှိလာခဲ့သူဖြစ်ပြီး ပီရက်စ်၊ ယွန်းဘတ်၊ ဘားကင့်၊ အွန်နရီ၊ ရေးယက်စ်တို့ တိုက်စစ်တွဲမှာ တောင့်တင်းသော်လည်း လက်ရှိ အာဆင်နယ်၏ တိုက်စစ်အတွဲဖြစ်သော ဆန်းချက်စ်၊ ဂီရော့ဒ်၊ ဝဲလ်ဘတ်နှင့် ချိန်ဘာလိန် တိုက်စစ်အတွဲမှာ ပိုမိုတောင့်တင်းသည့် ပွဲထွက်စာရင်းဖြစ်သည်ဟု ၎င်းက ဆိုခဲ့သည်။

ဆက်လက်၍ "ဝဲလ်ဘတ်ဆိုရင် တစ်ကွင်းလုံးကို ပြေးလွှားပြီး အသင်းအတွက် တကယ့်ကို အကောင်းဆုံး လုပ်ဆောင်ပေးချင်တာပါ။ ချိန်ဘာလိန်ကလည်း ဒီလိုပါပဲ။ အခုဆို ကျွန်တော်ပြန်ပါလာပြီ။ ရမ်ဆေးရှိတယ်။ ဝီရှိုင်းယားရှိတယ်။ အဲဒီတော့ ကွင်းလယ်တိုက်စစ်မှာလည်း ဘာမှပူစရာမလိုတော့ဘူး။ ဒါကြောင့် နည်းပြအနေနဲ့ တိုက်စစ်မှာ ဘယ်သူ့ကို နေရာပေးမလဲဆိုတာ ခေါင်းခဲနေရလောက်ပြီ" ဟု ပြောကြားသည်။



ဝဲလ်ကော့သည် ဒဏ်ရာပြဿနာများကြောင့် တစ်နှစ်လုံးနီးပါး ကလပ်အသင်းအတွက် ဝင်ရောက်ကစားနိုင်ခြင်း မရှိခဲ့သော်လည်း မန်စီးတီးအား အဝေးကွင်းတွင် အနိုင်ရသော ပွဲစဉ်တွင် လူစားလဲကစားသမားအဖြစ် ဝင်ရောက်ကစားပေးနိုင်ခဲ့သည်။ အာဆင်နယ်သည် လာမည့်တနင်္ဂနွေနေ့တွင် ဘရိုက်တန်အသင်းနှင့် FA ဖလား စတုတ္ထအဆင့်ကို အဝေးကွင်းတွင် သွားရောက်ကစားရမည်ဖြစ်သည်။

# ကွင်းလယ်လူမာကိုရူးစ်အား အရခေါ်ယူနိုင်မည်ဟု မန်စီးတီးအသင်းယုံကြည်နေ

မန်စီးတီးနည်းပြ ပယ်လီဂရီနီက ဒေါ့မွန်ကွင်းလယ်ကစားသမား မာကိုရူးစ်ကို အီတီဟတ်ကွင်းသို့ အရောက်ခေါ်ယူနိုင်မည်ဟု ယုံကြည်ထားသည်။

ရူးစ်ကို ပရီမီယားလိဂ်အသင်းများဖြစ်သော ချဲလ်ဆီး၊ လီဗာပူးနှင့်မန်ချက်စတာယူနိုက်တက်အသင်းတို့ကလည်း အလိုရှိနေကြသည်။ သို့သော် ပယ်လီဂရီနီက မန်စီးတီးက အခြားသောပြိုင်ဘက်အသင်းများထက် ငွေကြေးအင်အား ပိုမိုတောင့်တင်းသောကြောင့် ရူးစ်ကိုသေချာပေါက်ခေါ်ယူနိုင်မည်ဟု ဆိုသည်။ Starsport က ဖော်ပြခဲ့ရာတွင် လက်ရှိပရီမီယာလိဂ်ချန်ပီယံအသင်းက ယင်းကစားသမားအတွက် တစ်ပတ်လျှင် လစာပေါင်နှစ်သိန်းပေးချေရန် အသင့်ရှိနေသည်။

ယင်းကွင်းလယ်ကစားသမားအနေဖြင့် ပြီးခဲ့သည့် နွေဝင်ဘာလက ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ရန် နီးစပ်ခဲ့သေးသော်လည်း ဒေါ့မွန်အားကစားဒါရိုက်တာ မိုက်ကယ်ဇော့က ရူးစ်မှာရောင်းချမည့်ကစားသမားမဟုတ်ဟု တုံ့ပြန်ပြောကြားခဲ့သည်။ သို့သော်လည်း ကစားသမားကိုယ်တိုင်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ချက်ချပြီးဖြစ်သည်။

ယခုနှစ်ဘောလုံးရာသီတွင် ဒေါ့မွန်အသင်း၏ ရလဒ်များ ဆိုးရွားများနေမှုကလည်း နောက်နှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ဝင်ခွင့်မရရန် သေချာသလောက်ရှိနေရာ ဒေါ့မွန်အနေဖြင့် မာကိုရူးစ်ကို ဆက်လက်ထိန်းသိမ်းရန်မှာ ပိုမိုခက်ခဲသော အခြေအနေတစ်ရပ်သို့ ရောက်ရှိ



စေခဲ့သည်။ ရူးစ်ကလည်း မန်စီးတီးအသင်းနှင့်ဆွေးနွေးသွားရန် စီစဉ်ပြီးဖြစ်သည်။

မာကိုရူးစ်သည် ဂျာမနီလက်ရွေးစင်အသင်းအတွက် ၂၃ ပွဲဝင်ရောက်ကစားပေးထားပြီး ၂၀၁၃ ဘောလုံးရာသီတွင် ဒေါ့မွန်အသင်းအား ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ ရောက်ရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သည်။

# လီဗာပူးမှ ဂျာရတ်ထွက်ခွာမည်ကို စိတ်မကောင်းဟု မော်ရင်ဟိုပြောကြား

ချဲလ်ဆီးနည်းပြ မော်ရင်ဟိုက လီဗာပူးအသင်းမှ ဂျာရတ်ထွက်ခွာမည်ကို ၎င်းအနေဖြင့် စိတ်မကောင်းဖြစ်မိကြောင်းပြောကြားခဲ့သည်။

၂၀၀၅ ခုနှစ်တွင် ချဲလ်ဆီးအသင်းက ဂျာရတ်အား စံချိန်တင်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း ကစားသမားကိုယ်တိုင်က လီဗာပူး၌ ဆက်နေရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ ယင်း၏ အကျိုးဆက်အဖြစ် စတီဗင်ဂျာရတ်သည် လီဗာပူးတွင် နှစ်ပေါင်းများစွာ ကစားခဲ့သော်လည်း ပရီမီယာလိဂ်ဖလားကို တစ်ကြိမ်တစ်ခါမျှ ကိုင်မြှောက်နိုင်ခဲ့ခြင်းမရှိခဲ့ပေ။

BBC ရေဒီယို ၅ နှင့် တွေ့ဆုံခန်းတွင် မော်ရင်ဟိုက "သူထွက်ခွာမှာကို ကျွန်တော်မလိုလားပါဘူး။ ပရီမီယာလိဂ်မှာ အကောင်းဆုံးကစားသမားတွေ ကစားတာကို ကျွန်တော်မြင်ချင်ပါတယ်။ ပြီးတော့ ဂျာရတ်ဟာ ပရီမီယာလိဂ်မှာ ဆက်ကစားနိုင်တဲ့ အရည်အသွေးတွေ လုံလောက်တာထက်တောင် ကျော်လွန်ပြီး ရှိနေပါသေးတယ်။ သူထွက်ခွာသွားမှာကိုတော့ ကျွန်တော် စိတ်မကောင်းဖြစ်မိတယ်"ဟု ပြောကြားခဲ့သည်။

မော်ရင်ဟိုသည် ချဲလ်ဆီးကို ၂၀၀၄-၂၀၀၅ ဘောလုံးရာသီတွင် စတင်ကိုင်တွယ်ခဲ့ရာ အင်္ဂလန်ကွင်းလယ်အတွဲဖြစ်သည့် ဂျာရတ်နှင့် လမ်းပတ်တို့ တွဲဖက်ကစားရန် ဂျာရတ်အား ခေါ်ယူရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရှိခဲ့ဘဲ နောက်ခံလူ အက်ရှ်လေကိုးကိုသာ အာဆင်နယ်မှ ခေါ်ယူနိုင်ခဲ့သည်။

## tufftzvm;pwk+tqifhfcGH

*လာမယ့် ဇန်နဝါရီ ၂၄၊ ၂၅ ရက်နေ့တွေမှာ ပရီမီယာလိဂ်ပွဲစဉ်တွေကို ရပ်နားထားပြီး အက်ဖ်အေ ဖလား စတုတ္ထအဆင့်ပွဲစဉ်တွေကို ကျင်းပသွားဖို့ရှိနေ ပါတယ်။ဒါကြောင့် အက်ဖ်အေဖလားပြိုင်ပွဲရဲ့ စတုတ္ထအဆင့် ပွဲစဉ်တွေကလည်း ပရိသတ်စိတ်ဝင်စားမယ့် အသင်းကောင်းအချို့ရဲ့ ပွဲစဉ်တွေကို ထုတ်နုတ်သုံးသပ်ပေးလိုက်ပါတယ်။*

**ကိန်းဘရစ်ချ်-မန်ယူ နံနက် ၂း၁၅(၂၄-၁-၁၅)**

လက်ရှိအချိန်မှာ မန်ယူဟာ ခြေစွမ်းပိုင်းမတည်ငြိမ်ဘူးဆိုပေမယ့် ဒီလိုပွဲစဉ်မျိုးမှာတော့ အမှားအယွင်း အဖြစ်ခံမှာ မဟုတ်ပါဘူး။ ကိန်းဘရစ်ချ်ဟာ အသင်းငယ်တစ်သင်းသာဖြစ်ပြီး လိဂ်တူးပြိုင်ပွဲမှာတောင် အဆင့် ၁၄ ရောက်နေပါတယ်။ ဖိအားတွေအောက်ကရုန်းထွက်နေတဲ့ မန်ယူကပဲ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားမှာပါ။

**ဘလက်ဘန်း-ဆွမ်ဆီး ည၇း၁၅(၂၄-၁-၁၅)**

ဘလက်ဘန်းက လိဂ်ချန်ပီယံရှစ်မှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိပါဘူး။ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲမှာတစ်ပွဲသာ အနိုင်ရတဲ့အထိ ဟန်ချက်ပျက်ယွင်းနေပါတယ်။ ဒါပေမယ့်ဘလက်ဘန်းက အိမ်ကွင်းကစားပုံ မာကျောပြီး ဆွမ်ဆီးကလည်း ပရီမီယာလိဂ်မှာ အခုနောက်ပိုင်း ခြေကျနေပါတယ်။ ဆွမ်ဆီးအနိုင်ရမယ်ဆိုရင်တောင် မပြတ်သားနိုင်ပါဘူး။

**ချဲလ်ဆီး-ဘရက်ဖို့ဒ် ည၉း၃၀(၂၄-၁-၁၅)**

ဒီနှစ်သင်းရဲ့ စုဖွဲ့မှုနဲ့ ခြေစွမ်းခြေစက ကွာဟလွန်းပေမယ့်သတိပြုရမှာက ချဲလ်ဆီးခြေကုန်ထုတ်၊ မထုတ်ပါပဲ။ ချဲလ်ဆီးအတွက် ဒီပွဲဟာ ကတ်ပီတယ်ဝမ်းဖလားဆီမီးဖိုင်နယ်နှစ်ပွဲကြားရောက်ရှိနေတာကြောင့် ချဲလ်ဆီးသာ အင်ပြည့်အားပြည့် မသုံးရင် ဘရက်ဖို့ဒ်တို့ [illegible]တမ်ဖို့ဒ်ဘရစ်ချ်မှာ အရှုံးသက်သာသွားနိုင်ပါတယ်။

**ဘာမင်ဂမ်-ဝက်စ်ဘရွန်း ည ၉း၃၀(၂၄-၁-၁၅)**

ဘာမင်ဂမ်က လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း အခုနောက်ပိုင်းပွဲစဉ်တွေမှာ ကစားပုံကောင်းလာပါတယ်။ အိမ်ကွင်းလည်းဖြစ်တာကြောင့် အားစိုက်ကစားမှာပါ။ ဒါပေမယ့် ဝက်စ်ဘရွန်းကလည်း တိုနီပူးလစ်ကို ခန့်အပ်ပြီးတဲ့ နောက်မှာ ကစားပုံကောင်းလာပါတယ်။ ဝက်စ်ဘရွန်းကပ်နိုင်သွားဖို့ရှိပါတယ်လို့ ယူဆမိပါတယ်။

**မန်စီးတီး-မစ်ဒယ်ဘရော့ ည ၉း၃၀(၂၄-၁-၁၅)**

မစ်ဒယ်ဘရော့က လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲမှာ တန်းတက်ခွင့်ရနိုင်တဲ့ အခြေအနေမျိုးအထိ ခြေစွမ်းကောင်း တွေကို ပိုင်ဆိုင်နေပါတယ်။ ဒါပေမယ့် ပရီမီယာလိဂ်မှာ ချန်ပီယံဖြစ်ဖို့ ခက်ခဲနေတဲ့ မန်စီးတီးကလည်း ဆုဖလားတစ်လုံးအတွက် အမှားခံမှာ မဟုတ်ပါဘူး။ မန်စီးတီးကပဲ နှစ်ဂိုးအသာလောက်နဲ့ အနိုင်ရသွားမှာပါ။

**စပါး-လက်စတာ ည ၉း၃၀(၂၄-၁-၁၅)**

လက်စတာဟာ ပရီမီယာလိဂ်မှာ တည်ငြိမ်မှုပျောက်ဆုံးနေရာပါတယ်။ အထူးသဖြင့် တိုက်စစ်ကဂိုး သွင်းခြေမငြိမ်ပါဘူး။ ဒါ့ကြောင့် စပါးကိုတုံ့ပြန်ဖို့ခက်နိုင်ပေမယ့် ဒီပွဲဟာ ကက်ပီတယ်ဝမ်းဆီမီးပွဲကြားမှာရောက်နေတာကြောင့် စပါးကလည်း ခြေကုန်ထုတ်ဖို့ခက်ခဲနိုင်ပါတယ်။ စပါးက ကပ်ပြီးသာနိုင်ဖို့ရှိပါတယ်။

**လီဗာပူး-ဘော်လ်တန် နံနက် ၀၀း၀၀(၂၅-၁-၁၅)**

ပရီမီယာလိဂ်အသင်းဟောင်း ဘော်လ်တန်ဟာ လက်ရှိမှာ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲအတွင်း ကစားပုံမဆိုးပါဘူး။ လီဗာပူးကတော့ ဒီပွဲမတိုင်ခင်နဲ့ ဒီပွဲအပြီးမှာ ချဲလ်ဆီးနဲ့ ကက်ပီတယ်ဝမ်းဖလားပွဲ ကစားဖို့ရှိနေတဲ့အတွက် ခြေကုန်ထုတ်ဖို့ခက်ပါတယ်။ လီဗာပူးတို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ပြီး ကပ်ပြီးသာနိုင်ခြေရှိပါတယ်။

**ဘရစ္စတိုး-ဝက်စ်ဟမ်း ည ၈း၃၀(၂၅-၁-၁၅)**

လိဂ်ဝမ်းပြိုင်ပွဲဝင် ဘရစ္စတိုးဟာ အဲ့ဒီပြိုင်ပွဲမှာ ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ၂၅ ပွဲကစားပြီးချိန်မှာ အဆင့်(၂)ရောက်နေပြီး အိမ်ကွင်းလည်းဖြစ်တာကြောင့် အားစိုက်ကစားသွားမှာပါ။ ဝက်စ်ဟမ်းကတော့ အခုအချိန် ခြေစွမ်းပိုင်းကျဆင်းနေတာကြောင့် ကစားသမားစုဖွဲ့မှု ကွာပေမယ့် ဝက်စ်ဟမ်းကပ်ပြီးသာ အနိုင်ရဖို့ရှိပါတယ်။

**ဘရိုက်တန်-အာဆင်နယ် ည ၁၀း၃၀(၂၅-၁-၁၅)**

အာဆင်နယ်ဟာ အက်ဖ်အေဖလားရဲ့ လက်ရှိချန်ပီယံဖြစ်ပေမယ့် ဖိအားဝင်နေတာကြောင့် အမှားအယွင်းအဖြစ်ခံမှာ မဟုတ်ပါဘူး။ ဘရိုက်တန်ကအိမ်ကွင်းမှာဖြစ်ပေမယ့် လိဂ်ချန်ပီယံနှစ်မှာတောင် တန်းမဆင်းရဖို့ရုန်းနေရတဲ့ အသင်းပါ။

**ရှိုင်းမင်းမင်း**

# မွန်မြတ်တဲ့ပရဟိတအလုပ်တွေမှာ မိုးစက်နဲ့အတူပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်

**နှစ်ပေါင်း ၅၀ ကျော် မြန်မာနိုင်ငံနှင့် ဝေးကွာခဲ့သော Miss Universe ပြိုင်ပွဲကြီးနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့သည့် Miss Universe Myanmar ၂၀၁၃ အလှမယ် မိုးစက်ဝိုင်သည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် မြန်မာ့နှလုံးသားပရဟိတအသင်း (Myanmar's Heart Charity Group) ကိုဦးစီးတည်ထောင်ခဲ့သည်။ ရုရှားနိုင်ငံတွင် ပြိုင်ပွဲဝင်ခဲ့သော Miss Universe ပြိုင်ပွဲကြီးပြီးကတည်းက ပရဟိတအလုပ်များ ပိုမိုလုပ်ဆောင်ဖြစ်ခဲ့သော အလှမယ်မိုးစက်ဝိုင်နှင့် ခဏတာတွေ့ဆုံချိန်တွင် သူတည်ထောင်ခဲ့သော ပရဟိတအသင်းနှင့် သူ၏လတ်တလော လှုပ်ရှားမှုများအကြောင်း မေးမြန်းဖြစ်ခဲ့ပါတယ်-**



**မေး။ ။ မိုးစက်က ပရိဟိတအလုပ်တွေတောက်လျှောက် လုပ်တာတွေ့ရတယ်နော်။**

ဖြေ။ ။ ဟုတ်ကဲ့၊ ညီမရုရှားပြိုင်ပွဲပြီးကတည်းက ပရဟိတအလုပ်တွေ လုပ်ဖြစ်ပါတယ်။ မိုးစက်ငယ်ငယ်ကတည်းက ဆင်းရဲနွမ်းပါးသူတွေကို တအား လှူချင်တယ်။ လှူလည်း လှူပေးတယ်။ အခုနောက်ပိုင်းကျတော့ ပိုပြီးဖြူစင်လေးနက်တဲ့ မိဘမဲ့ကလေးတွေကို လှူဒါန်းတာတွေ၊ ပညာရေးကူညီထောက်ပံ့တာတွေ လုပ်ပေးဖြစ်ပါတယ်။ ဆိတ်ဖူးတောင် မိဘမဲ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းမှ ကျောင်းသား သုံးဦးအတွက် ပြင်ဦးလွင်မြို့မှာ ကျောင်းထားပေးပြီး ပညာဒါနပြုပေးခဲ့ပါတယ်။

**မေး။ ။လှူဒါန်းမှုတွေအတွက် မိုးစက်ရဲ့ခံစားမှုကရော။**

ဖြေ။ ။မိုးစက်သိလာတာက ဘာလဲဆိုတော့ Miss Universe တစ်ယောက်အနေနဲ့ရော၊ ထင်ရှားသူ တစ်ယောက်အနေနဲ့ပါ ကိုယ်ပြုတဲ့ကုသိုလ်ဟာ ပိုပြီးအကျိုးသက်ရောက်မှုကိုရတယ်ဆိုတာပါ။ ဆိတ်ဖူးတောင်ကို သွားတုန်းက ကလေးတွေကို လှူဖို့ပဲသွားတာ၊ အဲဒီရောက်တော့ ကလေးသုံးယောက်ကို ကျောင်းထားဖို့ဖြစ်လာတယ်၊ ဒါနဲ့ကလေးသုံးယောက်အတွက် ပညာဒါနပြုခဲ့တယ်။ မိုးစက်နဲ့သိတဲ့သူတွေက ဖုန်းဆက်လာကြပြီး ဆိတ်ဖူးတောင်ကို ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်တောင်းကြတယ်၊ နောက်ပိုင်းမှာ မိုးစက်ထက် အဆပေါင်းများစွာ တတ်နိုင်သူတွေက ကျောင်းသားတွေအများကြီး တာဝန်ယူပြီး ကျောင်းထား ပေးကြတယ်။ မိုးစက်ပြုတဲ့ကုသိုလ်ထက် ပိုပြီးကြီးမားတဲ့ အကျိုးသက်ရောက်မှုကို ရရှိတယ်လို့ပဲထင်ပါတယ်။

**မေး။ ။မြန်မာ့နှလုံးသားပရဟိတအသင်း တည်ထောင်ဖြစ်ပုံအကြောင်း ပြောပြပေးပါ။**

ဖြေ။ ။မိုးစက်ရဲ့ပရိသတ်တွေကို ကတိပေးထားတဲ့အတိုင်း ပရဟိတအသင်းထူထောင်ခဲ့တာပါ။ မိဘမဲ့ ကလေးတွေ၊ ဆင်းရဲနွမ်းပါး ကလေးငယ်တွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးတွေမှာ ထောက်ပံ့ကူညီနိုင်ဖို့အတွက် မြန်မာ့နှလုံးသားပရဟိတအသင်း(Myanmar's Heart Charity Group) က ဆောင်ရွက်သွားမှာပါ။

**မေး။ ။ပထမဆုံးလှူဒါန်းမှုလုပ်ဆောင်ဖို့ စီစဉ်နေတာကို ပြောပြပေးပါ။**

ဖြေ။ ။မြန်မာ့နှလုံးသား ပရဟိတအသင်း (Myanmar's Heart Charity Group) အနေဖြင့် ပထမဆုံး လှူဒါန်းမှုကို ကြို့ပင်ကောက်မြို့ရဲ့ အရှေ့ဘက် မိုင် ၂၀ လောက်အကွာ ဘော်ဘင်ဆည်အနီး ပဲခူးရိုးမတောင်ခြေမှာရှိတဲ့ သင်္ခရိုင်မိဘမဲ့ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ဖေဖော်ဝါရီလထဲမှာ သွားရောက်လှူဒါန်းဖို့ စီစဉ်ထားပါတယ်။

**မေး။ ။ သင်္ခရိုင်မိဘမဲ့ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကိုလှူဖို့စီစဉ်ရတဲ့ အကြောင်းကရော။**

ဖြေ။ ။ အဲဒီကျောင်းကို လှူဖို့စီစဉ်ရတာကတော့ ပဲခူးရိုးမတောင်ခြေ ဘော်ဘင်ဆည်အနီးမှာ စွန့်ပစ်ထားတဲ့ ကလေးတွေကို သင်္ခရိုင်ကျောင်းထိုင် ဆရာတော်က ကယ်တင်ခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်မှာ ကလေးငယ် ၆၀ ကျော်ရှိခဲ့ပြီး ကလေးတွေ တဖြည်းဖြည်းများလာတာ အခုဆိုရင် ကလေးငယ်စုစုပေါင်း ၂၁၁ ဦးအထိရှိလာပါပြီ။ အဲဒီကျောင်းဟာ ခရီးဝေးကွာလို့ အလှူရှင်နည်းပါးပါတယ်။ နောက်ပြီး တစ်နေ့ကို စားစရိတ်က ခုနစ်သောင်းလောက်ရှိပေမယ့် အလှူရှင်မရှိသေးတာကြောင့် ပထမဆုံးလှူဒါန်းဖို့ စီစဉ်ရတာပါ။

**မေး။ ။ မိုးစက်ရဲ့ပရဟိတအသင်းနဲ့အတူ ဘယ်သူတွေ ပူးပေါင်းပါဝင်ကူညီကြလဲ။**

ဖြေ။ ။မိုးစက်တို့ ပရဟိတအသင်းကို ပူးပေါင်းကူညီသူတွေကတော့ Ve Ve Gold က Main Partner၊ Alpine နဲ့ Mistine White accent Power တို့က Co-Partner၊ Life Skin Care နဲ့ ရွှေနဂါးဖိနပ်ဆိုင်တို့က Partnerအဖြစ် ပါဝင်လှူဒါန်းခဲ့ပါတယ်။ မီဒီယာ Partner များအဖြစ် Skynet၊ Myanmar Media 7 နဲ့ Shwe FM တို့က ပါဝင်ကူညီခဲ့ပါတယ်။ မြန်မာ့နှလုံးသားပရဟိတအသင်းအနေနဲ့ အခြားသောကုမ္ပဏီများကိုလည်း ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်သွားမှာပါ။ ပထမဆုံးလုပ်မယ့်အလှူမှာ မိုးစက်ရဲ့ သူငယ်ချင်း စင်ကာပူနဲ့ တရုတ်နိုင်ငံက အလှမယ်တွေပါဝင်ဖို့ ဖိတ်ကြားထားပါတယ်။

**မေး။ ။လှူဒါန်းလိုသူတွေအနေနဲ့ ဘယ်လိုပူးပေါင်းပါဝင်နိုင်လဲ။**

ဖြေ။ ။ လှူဒါန်းလိုသူတွေအနေနဲ့ ညီမတို့ Myanmar'sHeart Charity Group အမှတ်တံဆိပ်ပါတဲ့ ကုန်ပစ္စည်းတွေကို ဝယ်ယူခြင်းဖြင့် ရက်အကန့်အသတ်မရှိသော လှူဒါန်းမှုတွေကို ပါဝင်လုပ်ဆောင်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီပစ္စည်းတွေက ကုမ္ပဏီတွေက လှူပြီးဖြစ်ပါတယ်။ ဒါပေမယ့် ပရဟိတအသင်းအနေနဲ့ ရောင်းဖို့လူအင်အားအခက်အခဲရှိတာကြောင့် ကုမ္ပဏီတွေက ကူညီရောင်းချပေးမှာပါ။ မိုးစက်တို့ ပရဟိတအသင်းက ကုန်ပစ္စည်းတွေမှာ ၁၀၀ ရာခိုင်နှုန်း Donation ဆိုတဲ့ စတစ်ကာတွေကပ်ပေးပြီး အလှူခံသွားမှာပါ။ နောက်တစ်မျိုးက အလှူငွေတိုက်ရိုက်ထည့်ဝင်နိုင်ဖို့ ဆောင်ရွက်ထားပါတယ်။

**မေး။ ။အလှူငွေထည့်ဝင်လိုသူတွေအနေနဲ့ ဘယ်လိုလှူဒါန်းနိုင်မလဲ။**

ဖြေ။ ။ တိုက်ရိုက်အလှူငွေထည့်ဝင်လိုသူတွေ၊ နယ်ဝေးကနေ ပါဝင်လှူဒါန်းလိုသူတွေအနေနဲ့ ကမ္ဘောဇဘဏ်၊ လမ်းမတော်ဘဏ်ခွဲအကောင့်နံပါတ် ၀၀၄၁ ၂၂၀၀ ၆၉၃၃၆သို့ ပေးပို့ပါဝင်လှူဒါန်းနိုင်ပါတယ်။

**မေး။ ။မိုးစက်ရဲ့ပရိသတ်တွေကို ပြောလိုတာကရော။**

ဖြေ။ ။မိုးစက်ကရေရှည်မှာ အနုပညာနဲ့ ရပ်တည်ဖို့မရှိပါဘူး။ Miss Universe အလှမယ်တစ်ယောက်အနေနဲ့ပဲ ရပ်တည်သွားမှာပါ။ ဒါပေမယ့် ညီမရဲ့ပရိသတ်တွေအတွက် အမှတ်တရဖြစ်စေဖို့ ရုပ်ရှင်ဇာတ်ကားတစ်ကားရိုက်ဖို့ စီစဉ်နေပါတယ်။ မိုးစက်ရဲ့ မြန်မာ့နှလုံးသားပရဟိတအသင်း (Myanmar's Heart Charity Group) နဲ့ ပူးပေါင်းပါဝင်ပြီး မွန်မြတ်တဲ့ပရဟိတအလုပ်တွေနဲ့ ကုသိုလ်ယူကြပါလို့ ဖိတ်ခေါ်လိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မင်းလှသား**

# Coronation Street ဇာတ်လမ်းတွဲမှ မင်းသမီးကြီးအန်နီကန်းဘရိုက် ကွယ်လွန်


ဗြိတိန်နာမည်ကျော် ဘဝသရုပ်ဖော် Coronation Street ရုပ်သံဇာတ်လမ်းတွဲတွင် ဒိုင်ယာဒရီ ဘာလိုဇာတ်ကောင်ကို ပီပီပြင်ပြင် အသက်သွင်းပုံဖော်ပေးခဲ့သော မင်းသမီးကြီးအန်နီကန်းဘရိုက်သည် ဇန်နဝါရီ ၁၉ ရက်တွင် အဖျားရောဂါဖြင့် အသက်(၆၀)အရွယ်မှာပင် ကွယ်လွန်သွားခဲ့ပြီဖြစ်သည်။

ITV က ပြောကြားရာတွင် ရုပ်သံဇာတ်လမ်းတွဲ လောက၌ နှစ်ပေါင်း (၄၂)နှစ်ကြာ ကျင်လည်ခဲ့သော မင်းသမီးကြီးမှာ ဒေသစံတော်ချိန် ည ၁၀ နာရီ ၃၁ မိနစ်တွင် မန်ချက်စတာဆေးရုံ၌ သက်သောင့်သက်သာပင် ကွယ်လွန်ခဲ့သည်။ သူ၏ ခင်ပွန်းဖြစ်သူ ဒေးဗစ်ဘတ်ကာနှင့် အခြားသော လုပ်ဖော်ကိုင်ဖက်များက ၎င်းတို့အတွက် အစားထိုးမရသော ဆုံးရှုံးမှုတစ်ရပ်ဖြစ်ပြီး နှလုံးသားကွဲကြေမတတ်ခံစားခဲ့ရသည်ဟု ITV က ဆက်လက်ဖော်ပြထားသည်။

ယင်း Coronation Street ဇာတ်လမ်းတွဲတွင် ခင်ပွန်းဖြစ်သူအဖြစ် သရုပ်ဆောင်ခဲ့သူ မင်းသား ဝီလျံရို့ချ်က "အန်နီနဲ့ ကျွန်တော်က နှစ်ပေါင်း ၄၀ ကျော်လောက် အတူတကွ အလုပ်လုပ်လာကြတော့ ပုဂ္ဂိုလ်ရေးအရလည်း အရမ်းကိုရင်းနှီးပါတယ်။ ပြီးတော့ သူက ချစ်စရာကောင်းပြီး မဟုတ်မခံစိတ်ရှိတဲ့ အမျိုးသမီးလည်းဖြစ်တယ်။

Coronation Street ဇာတ်လမ်းတွဲထဲက စံပြဇာတ်ကောင်တစ်ဦးကို ဆုံးရှုံးခဲ့ရပါပြီ၊ အန်နီကို ဆုံးရှုံးရတာက ကြီးမားတဲ့ ဆုံးရှုံးမှုပါပဲ"ဟု ပြောကြားခဲ့သည်။

၁၉၈၀ ပြည့်လွန်နှစ်များတွင် အကျော်ကြားဆုံးသော ရုပ်သံဇာတ်လမ်းတွဲဖြစ်သည့် ယင်းဇာတ်လမ်းတွဲတွင် အန်နီသည် လေးကြိမ်တိုင်တိုင်လက်ထပ်ထားသော အမျိုးသမီးအဖြစ် ပီပြင်စွာသရုပ်ဆောင်နိုင်ခဲ့ရာ ယင်း ဇာတ်ကောင်စရိုက်၏ ဖမ်းစားမှုကို ထိုအချိန်က တကယ့်လူမှုဘဝကိုပါ ထင်ဟပ်စေခဲ့သည်။



ထို့ကြောင့် ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲကပင် ယင်းဇာတ်လမ်းတွဲအကြောင်းကို မကြာခဏ ထည့်သွင်းပြောကြားလေ့ရှိသည်။ အန်နီသေဆုံးခဲ့သော်လည်း ပြောင်မြောက်သည့် အနုပညာဖြစ်သည့် ဒိုင်ယာဒရီဇာတ်ရုပ်မှာ အနုပညာချစ် ပရိသတ်များအတွက် ရှင်သန်နေမည်ဖြစ်သည်။

**မေလှဲ့သင်း**

## ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၂၂-၁-၂၀၁၅ (ကြာသပတေးနေ့)

### MRTV-4

- ၅း၀၀ ပဋ္ဌာန်းပါဠိတော်+ ဓဇဂ္ဂသုတ်
- ၈း၃၅ ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ
- ၉း၀၀ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၇)
- ၁၁း၅၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၂)
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ပန်းနုသွေး"(အပိုင်း-၁၂)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပန်းနှင်ပွင့်ရဲ့ဒဏ္ဍာရီ" (ဇာတ်သိမ်းပိုင်း)
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မိခင်နှစ်ဦးရဲ့မေတ္တာ"(အပိုင်း-၁)
- ၇း၁၅ မြန်မာရုပ်သံဇာတ်လမ်း "ပန်းနုသွေး"(အပိုင်း-၁၃)
- ၈း၁၀ ရသစုံညွှန်းတမ်းများ
- ၂း၁၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ကျွန်တော့်ရဲ့နှလုံးသား" (အပိုင်း-၈၈)
- ၂း၅၀ MRTV-4ရုပ်သံဇာက်လမ်းတွဲ "နတ်ဆေးသမားတော်" (အပိုင်း-၆၃)
- ၄း၀၀ World of Knowledge (Space Crab)

### မြဝတီ

- ၆း၀၃ တရားတော်
- ၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
- ၇း၂၅ သင့်အတွက်တစ်နေ့တာ
- ၈း၁၀ ရွှေဟောင်းသုတ
- ၈း၅၅ လျှပ်တစ်ပြက်
- ၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွှဲ
- ၄း၄၀ ဇာတ်လမ်းတို
- ၄း၄၅ ဗီစီဒီကျော်ကြားတေး
- ၅း၂၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အပြောင်းအလဲ" (အပိုင်း-၄၆)
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "အတိတ်ရဲ့ချစ်ခြင်း" (အပိုင်း-၆)
- ၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
- ၆း၃၅ ကာတွန်းအစီအစဉ် "ခရီးအွန်တို့ရောင်စုံကမ္ဘာ" (အပိုင်း-၂၄)
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ပန်းခူးသူဆူးစူးပါစေ" (အပိုင်း-၆) -ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဟိုတယ်ဘုရင်"(အပိုင်း-၈)

### News Channel

- ၆း၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်
- ၆း၂၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၆း၃၅ "ရွှေဘိုမြို့မှမောခေါမြင်သာမြို့ထောင်စေတီ"
- ၁၂း၅၀ သုခုမရင်ခွင်အငြိမ့်သဘင် "ရွှေဖလား FC အငြိမ့်" (မင်းသမီး-ဝမ်းကေဇင်၊ လူရွှင်တော်- ချစ်ချော၊ ပွမ်ပွမ်၊ စိမ်းလန်း၊ စိုပြေ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၇း၃၅ မျက်မှောက်ရေးရာအဖြာဖြာ ပြည်သူ့အတွက်ကြိုးပမ်းမှုပုံရိပ်များ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင် မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်

### Entertainment Channel

- -လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၁၁)
- ၆း၃၀ ဝတ်မှုံတေးဂီတဖျော်ဖြေခန်း (အပိုင်း-၅)
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၁၆)
- ၇း၁၅ ဝတ်စားဆင်ယင်မှုပြပွဲ
- ၇း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ ကြေးမုံသွင်" (အပိုင်း-၃၁)
- ၉း၁၅ တေးဂီတအစီအစဉ် (စတီရီယို)
- ၉း၂၅ ပြည်သူ့နီတိ "နှိုင်းယှဉ်၍ မရသော"
- ၉း၄၅ China In Myanmar Cultural Show
- ၁၀း၀၅ မြန်မာဗီဒီယိုဇာတ်လမ်း "မာန၏နောက်ကွယ်" (ပြေတီဦး၊ မိုးဟေကို) (ဒါရိုက်တာ-မိုက်တီး)

**တစ်နေ့(၆)နာရီစာ(၄)ကြိမ် ပြသပါမည်။**

**MYANMAR INTERNATIONAL**
**Programme in Brief**
**(22-1-2015) (Thursday)**

-Amazing; Magician Sak Kaw Ma
- Conceptual Art
- Shwe U Min Natural Cave In Kalaw
- Colonial Buildings and a New Yangon
- A Glance At A Naga Family Life
- A City Of Famous Historic Pagoda
- Trishaw Man
- Kyaikhteeyoe; My Father The Porter
- Today Myanmar "Visiting Neighbours Thailand"
- In The Studio "Lann Sa"

# ရပ်နားသင်္ဘော ကျောက်ကြိုးအား ပွဲထောင်တက်မ ချိတ်သဖြင့် နစ်မြုပ်

**နေပြည်တော်၊ ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ် စားအိုးချောင်းကျေးရွာအနီးတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၉ နာရီခန့်က စက်လှေနစ်မြုပ်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ စက်လှေနစ်မြုပ်မှု သတင်းအရ ဖျာပုံခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများ၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များ၊ ဖျာပုံမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှတပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

စစ်ဆေးချက်အရ ဖျာပုံမှ ဘုန်းကြီးသောင်ကျေးရွာသို့ ပြေးဆွဲနေသော အမာမြို့နယ် ဘုန်းကြီးသောင် ကျေးရွာနေ သန်းစိုး(၃၈)နှစ်မောင်းနှင်ပြီး ခရီးသည်လေးဦးနှင့် ကုန်ပစ္စည်းများတင်ဆောင်လာသည့်(၃၀×၁၂)ပေရှိပွဲထောင်ရေယာဉ်သည် ဖျာပုံမြစ်အတွင်း ကျောက်ချရပ်နားထားသော ငါးတင်သင်္ဘော၏ ကျောက်ကြိုးအား တက်မဖြင့်ချိတ်မိ၍ ပွဲထောင်ဝမ်းဗိုက်ပွင့်ထွက်ကာ ရေဝင်နစ်မြုပ်ခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိဘဲ ပွဲထောင်နှင့် ကုန်ပစ္စည်းများပျက်စီးသဖြင့် စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၆၀ ခန့် ဆုံးရှုံးခဲ့သောကြောင့် သန်းစိုးအား နောက်ပြန်တိုးနယ်မြေရဲစခန်းက (ပ)၃/၂၀၁၅၊ ပြစ်မှုပုဒ်မ ၂၈၀ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**



# ဘိန်းဖြူနှင့်စိတ်ကြွဆေးပြားများ လားရှိုး၌ သိမ်းဆည်းရမိ

**နေပြည်တော်၊ ဇန်နဝါရီ ၂၁**

မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၅ ရက်က လားရှိုးမြို့နယ် ဟိုပိတ်ကျေးရွာ ဘုံမွန်စိုက်ခင်းအနီးတွင် သိန်းနီမြို့ဘက်မှ လားရှိုးမြို့ဘက်သို့ ထွန်းစိန် မောင်းနှင်ပြီး လှဦးလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်အား ရှာဖွေရာ ဆိုင်ကယ်လေစစ်ဘူးအတွင်းမှ ဘိန်းဖြူ အလေးချိန် ၁၃ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၉၀ တို့ကို သိမ်းဆည်းရမိသဖြင့် ထွန်းစိန်(၃၀)နှစ်နှင့် လှဦး (၃၈)နှစ်တို့ နှစ်ဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။ **ကြေးမုံ**

# တရားမဝင်သစ်သယ်ဆောင်လာသူအား အရေးယူ

**နေပြည်တော်၊ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် အလုံရဲကင်းရဲစခန်းမှ တပ်ဖွဲ့ဝင်များနှင့် မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၁၈ ရက် နံနက် ၁၀နာရီခန့်က တရားမဝင်သစ်များသယ်ဆောင်မှုသတင်းအရ သက်သေများနှင့်အတူ မုံရွာမြို့ အလုံရပ်ကွက် ချင်းတွင်းတံတားအရှေ့ဘက် တန်ပိုဂိတ်အနီး၌စောင့်ဆိုင်းနေခဲ့သည်။

ထိုသို့ စောင့်ဆိုင်းနေစဉ် ယာကြီးဘက်မှမုံရွာဘက်သို့ မင်းကင်းမြို့နယ် တောင်တွင်းချောင်ကျေးရွာနေ မျိုးမြင့်(၃၅)နှစ်မောင်းနှင်လာသော SKAT ခြောက်ဘီးယာဉ်အား ရပ်တန့်ရှာဖွေစစ်ဆေးခဲ့သည်။

ထိုသို့ရှာဖွေစစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် တမလန်းသစ်ခွဲသား ၁၄ ချောင်း (၁ ဒသမ ၄၇၄၄) တန်၊ ပိတောက်သစ်ခွဲသားနှစ်ချောင်း (သုည ဒသမ ၁၈ တန်)တို့ ဖမ်းဆီးရမိခဲ့သဖြင့် မျိုးမြင့်အား မုံရွာမြို့မရဲစခန်းက (ပ)၂၄/၂၀၁၅၊ ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေပုဒ်မ ၆(၁)ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ရဲပြန်ကြား)**

# မင်းလှမြို့နယ်တွင် ဆိုင်ကယ်ဖြင့် မူးယစ်ဆေးဝါးများ သယ်ဆောင်သူအား သက်ဆိုင်ရာမှဖမ်းဆီးရမိ

**မင်းလှ ဇန်နဝါရီ ၂၁**

မင်းလှမြို့နယ် ကန်တုတ်-စစ္စနို့ ကားလမ်းမိုင်တိုင်အမှတ် ၁၃/၇ အနီးတွင် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီခွဲက မူးယစ်ဆေးဝါးများ သယ်ဆောင်နေကြောင်း သတင်းအရ ရေနံမနယ်မြေရဲစခန်းမှ ဒုရဲအုပ်မျိုးမင်းထွန်းနှင့်အဖွဲ့သက်သေများနှင့် ပိတ်ဆို့ရှာဖွေခဲ့စဉ် ကန်တုတ်ကျေးရွာဘက်မှ ရေနံမဘက်သို့ နိုင်ဇော်အောင်(၂၃)နှစ် ရေနံတူး ကျွန်းချောင်းရွာ ဆိပ်ဖြူမြို့နယ်နေသူ မောင်းနှင်ပြီးနောက်မှ ခမ်းပီး (၁၉) နှစ်၊ စခန်းကြီးစံပြရွာ ကလေးမြို့နယ်နေသူ လိုက်ပါလာသော ဖြူနီကျားယာမဟာ-125 ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးခဲ့သည်။

အဆိုပါ စစ်ဆေးစဉ် နိုင်ဇော်အောင် လွယ်ထားသောလွယ်အိတ်အတွင်းမှ အဝါရောင်ဖန်ပုလင်းအတွင်း၌ ပလတ်စတစ်ပိုက်ဖြင့်ထည့်ထားသည့် ဘိန်းဖြူဟုယူဆရသော အမှုန့်များထည့်ထားသည့် အရှည် ၁ ဒသမ ၅ လက်မခန့်ရှိပလတ်စတစ်ပိုက် ၁၂ ချောင်း၊ ခပ်ပုံဟုယူဆရသော အညိုရောင်အဖတ် တစ်ထုပ်၊ ခပ်ပုံဝါးရှူတံတစ်ခု၊ ဓားမြှောင်တစ်ချောင်း၊ ခမ်းပီး၏ အင်္ကျီအိတ်အတွင်းမှ စက္ကူအပိုင်းသုံးပိုင်း၊ ဂတ်စ်မီးခြစ်တစ်လုံး၊ ပိုက်လေးချောင်းနှင့် ဘောင်းဘီအိတ်အတွင်းမှ ပလတ်စတစ်ဘူးဖြင့် ဘိန်းဖြူဟုယူဆရသော အမှုန့်များထည့်ထားသည့် ဘူးတစ်ဘူး၊ ငွေကျပ် ၄၀၄၀၀၀၊ သံဓာတ်မီးတစ်လက်၊ ဟန်းဖုန်းအနက်ရောင်တစ်လုံးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နိုင်ဇော်အောင်နှင့် ခမ်းပီးတို့ နှစ်ဦးအား ဒုရဲအုပ်မျိုးမင်းထွန်းက တိုင်တန်းခဲ့ရာ မင်းလှမြို့နယ် ရေနံမနယ်မြေရဲစခန်းက မူးယစ်(ပ)၁/၂၀၁၅၊ မူး/စိတ်၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**ကျော်ဇေယျ**

# မောင်တောမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြား ၅၄ ဒသမ ၉၆၃ ပြား ဖမ်းဆီးရမိ

**နေပြည်တော်၊ ဇန်နဝါရီ ၂၁**

ရခိုင်ပြည်နယ် နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ (၁) ကျီးကန်ပြင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်ခြား စောင့်ရဲတပ်ဖွဲ့ ဂိတ် (၂) တွင် မောင်တောဘက်မှ ကြိမ်ချောင်းဘက်သို့ 1I/--- နံပါတ်ပါ HILUX SURF အမျိုးအစား မော်တော်ယာဉ်ကို စစ်ဆေးရန် ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသွားသဖြင့်လိုက်လံဖမ်းဆီးရာ အောင်ဗလာကျေးရွာဘုန်းကြီးကျောင်းအနီးတွင် ယာဉ်နှင့်အတူ ဇော်ဇော်သိန်းအား တွေ့ရှိသည်။

ထို့နောက်စစ်မေးရာ ယာဉ်ပိုင်ရှင်နှင့်မောင်းနှင်လာသူမှာ ထွန်းထွန်းဝင်းဖြစ်ပြီး နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဂိတ် (၂) တွင် ယာဉ်အားတားဆီးစဉ် မောင်းနှင်ထွက်ပြေးကာ ယာဉ်ပေါ်ပါ အထုပ်တစ်ထုပ်အား မြောင်းကူးတံတားအနီးတွင် ပစ်ချခဲ့ကြောင်း သိရှိရသဖြင့် သွားရောက်စစ်ဆေးရာ ယင်းအထုပ်အားကျီးကန်ပြင်အနောက်ကျေးရွာနေ အာရ်ကန်၊ မောင်မောင်စိုးနှင့် ရှာကေးအာလောင်တို့ သုံးဦးမှ ကောက်ယူသွားကြောင်းသိရှိရသဖြင့်လိုက်လံသိမ်းဆည်းရာ မောင်မောင်စိုးထံမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၉၈၅၀၊အာရ်ကန်ထံမှ ပလတ်စတစ်အိတ်ဖြင့်ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၅၉၅၇ ပြား၊ရှာကေးအာလောင်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၉၁၅၆ ပြား စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၅၄၉၆၃ ပြား သိမ်းဆည်းရမိသဖြင့် ထွန်းထွန်းဝင်း(ဖမ်းမမိသေး)၊ ဇော်ဇော်သိန်း(ခ)သားသား (၃၀)နှစ်၊ အာရ်ကန် (၁၉)နှစ်၊ မောင်မောင်စိုး(ခ)မာမောက်ဟူဆောင်း(၁၃) နှစ်နှင့် ရှာကေးအာလောင် (၁၉)နှစ်တို့ ငါးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(မူးယစ်ဗဟို)**





| ရွှေဆောင်(၁) 01-252232 01-388024 | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | ၂၃ . ၁ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ | နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ (၂) | မင်္ဂလာဒိုင်းမွန်း | ၁၆ . ၁ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ | ရွှေဆောင်(၂) ၀၁-၂၅၂၂၃၃ ၀၁-၃၈၈၀၂၄ | မြို့မ (နံနက် ၁၀း၀၀ နာရီ) (မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | ၉ . ၁ . ၂၀၁၅ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ |
|---|---|---|---|---|---|---|---|---|---|---|









# ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်နေမှု စစ်ဆေး

**ကလေး၊ ဇန်နဝါရီ ၂၁**

ကလေးမြို့နယ်မြစ်သာမြစ် အရှေ့ဘက်ကမ်းရှိ အူဒူ-ပေါက်တော-အင်းဒင်- ရှားတော-မန္တာကျေးရွာများကိုဖြတ်၍ ကျေးရွာချင်းဆက် မြေသားလမ်းမဖောက်လုပ်နေမှု အမြန်ဆုံးပြီးစီးနိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်၏ လမ်းညွှန်မှုဖြင့် ကလေးခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများလိုက်ပါလျက် ဇန်နဝါရီ ၁၈ ရက်တွင်ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ကလေးမြို့နယ် မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ အူဒူ-ပေါက်တော-အင်းဒင်- ရှားတော-မန္တာကျေးရွာများကိုဖြတ်၍ ဖောက်လုပ်သည့် ကျေးရွာချင်းဆက်မြေသားလမ်းမှာ အရှည် ၇ မိုင်၊ အကျယ် ၁၈ ပေ ဖြစ်ပြီး ကလေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့် ပြုရန်ပုံငွေမှ ကျပ် ၉၈ သန်း အကုန်အကျခံကာ ထက်ရတနာထွန်းကုမ္ပဏီက ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စက်ယန္တရားကြီးများဖြင့် စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

အဆိုပါမြေသားလမ်းသည် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် နယ်စပ်အဆုံး မန္တာကျေးရွာမှ မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အစ ဝင်ဝကျေးရွာနှင့် အနောက်လယ်ကြီး-အရှေ့လယ်ကြီး-စမ်းမြို့-မြစ်သား-ရွာမ- ချောင်းပေါက်ကျေးရွာများသို့ ဆက်သွယ်သွားလာနိုင်မည့် မြေသားလမ်းမကြီးဖြစ်ပြီး ယင်းမြေသားလမ်းဖောက်လုပ်ပြီးစီးပါက မြစ်သာမြစ်အရှေ့ဘက်ကမ်းရှိ ကျေးရွာများ၏ ကုန်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးများတွင် အဆင်ပြေချောမွေ့စေမည်ဖြစ်သည့်အပြင် ခရိုင်ချင်းဆက် ကျေးရွာများ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှု များစွာမြန်ဆန်လာတော့မည်ဖြစ်သည်။

**ဂျိုးနက်**




# ကျေးလက်ဒေသ လျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်း အခြေခံသင်တန်းဖွင့်လှစ်

**သာစည်၊ ဇန်နဝါရီ ၂၁**

ကျေးလက်ဒေသများ လျှပ်စစ်မီးရရှိမှုနှင့်အတူ အသုံးပြုရာတွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာဖြင့် စနစ်တကျ အသုံးပြုနိုင်ရန် ကျေးလက်ဒေသလျှပ်စစ်ဝန်ဆောင်မှုလုပ်ငန်းအခြေခံသင်တန်း (၁/၂၀၁၅)ဖွင့်ပွဲကို ဇန်နဝါရီ ၁၇ ရက်နံနက် ၁၁ နာရီခွဲက မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဖွင့်ပွဲအခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းက အမှာစကားပြောကြားပြီး ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာ ဦးစိန်ဝင်းမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခြေခံများ၊ ဓာတ်အားပြတ်တောက်မှုနှင့် ဓာတ်အားပျောက်ဆုံးမှု လျော့နည်းရေး၊ ဗို့အားကောင်းမွန်ရေး၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများထိန်းသိမ်းခြင်းလုပ်ငန်း၊ ဓာတ်အားသုံးစွဲသူများလျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ အခြေခံများ၊ အိမ်တွင်းဝါယာတပ်ဆင်ခြင်းစနစ် အခြေခံများနှင့် မီတာဖတ်ရှုမှတ်တမ်းတင်ခြင်းဆိုင်ရာ အခြေခံများကို သင်ကြားပို့ချသွားမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမိုးမြင့်သိန်းနှင့် ဦးစံထွန်း၊ ဒုတိယတိုင်းလျှပ်စစ်အင်ဂျင်နီယာဦးစိန်ဝင်းမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးညွန့်ငွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာများ၊ သင်တန်းဆရာများ၊ လျှပ်စစ်မီးရရှိပြီးကျေးရွာများနှင့် လျှပ်စစ်မီးရရှိ ရေး ဆောင်ရွက်ဆဲ ကျေးရွာများမှ သင်တန်းသားများ တက်ရောက်ကြသည်။ သာစည်မြို့နယ်တွင် ဓာတ်အားလိုင်းစနစ်ဖြင့်လျှပ်စစ်မီးရရှိပြီးကျေးရွာ ၄၈ ရွာနှင့် ဆောင်ရွက်ဆဲကျေးရွာ ၁၁ ရွာရှိသည်။

**ထွန်းထွန်း(သာစည်)**

# ဇမ္ဗူသီရိမြို့နယ် လက်ပံခါးလှကျေးရွာတွင်းလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းပြီးစီး၍ လမ်းသစ်ဖွင့်ပွဲပြုလုပ်

**နေပြည်တော်၊ ဇန်နဝါရီ ၂၁**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် လက်ပံခါးလှကျေးရွာ ရွာတွင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းက အဆိုပါလမ်းထိပ်ရှိ မင်္ဂလာနေရာ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင်နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ညွှန်ကြားရေးမှူး (အင်ဂျင်နီယာ) ဦးအောင်မိုးက ဇမ္ဗူသီရိမြို့နယ်၊ လက်ပံခါးလှကျေးရွာတွင်းလမ်း ကတ္တရာလမ်းသစ်နှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှုများအား ရှင်းလင်းတင်ပြပြီး ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးစိန်ပေါက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့သည်။

ဇမ္ဗူသီရိမြို့နယ် လက်ပံခါးလှကျေးရွာတွင်းလမ်း ကတ္တရာလမ်းသစ်အား နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဌေးနှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး လမ်းဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကာ ကတ္တရာလမ်းသစ်အား ဖြတ်သန်းကြည့်ရှုကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လက်ပံခါးလှကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဆောက်လုပ်ထားရှိမှုနှင့် အမြန်ဆုံး ဖွင့်လှစ်နိုင်ရေးတို့ကို မှာကြားခဲ့ပြီး မဟာရာမိက ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဇမ္ဗူသီရိမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဇမ္ဗူသီရိမြို့နယ်၊ လက်ပံခါးလှကျေးရွာတွင်းလမ်းသည် အရှည်ပေ ၂၀၅၀၊ အကျယ် ၁၂ ပေရှိ ကြောင်းသိရသည်။

ဒေသခံပြည်သူများ သွားလာမှုလွယ်ကူအဆင်ပြေစေရန် အတွက် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ကတ္တရာလမ်းသစ် ဖောက်လုပ်ပေးခြင်းအတွက် ပြည်သူများအနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများ နှောင့်နှေးကြန့်ကြာမှုမရှိဘဲ အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**(ရွှေကုက္ကို)**

## ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်စနစ်(Employment Permit System)အရ ကုန်ထုတ်လုပ်ငန်းများတွင် အထွေထွေလုပ်သားအဖြစ် လုပ်ကိုင်ရန် အလုပ်လျှောက်လွှာတင်ထားသူများထဲမှ ဆောက်လုပ်ရေးလုပ်ငန်းကို ပြောင်းလဲလျှောက်ထားလိုသူများအတွက် လျှောက်လွှာများ ကြော်ငြာခေါ်ယူခြင်း

၁။ ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်လုပ်ကိုင်ခွင့်စနစ်(Employment Permit System)အရ ကုန်ထုတ်လုပ် ငန်းများ (Manufacturing Industry)တွင် အထွေထွေလုပ်သားအဖြစ် အလုပ်လုပ်ကိုင်ရန် အလုပ်သမား၊ အလုပ် အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ အစိုးရပြည်ပအလုပ်အကိုင် အေဂျင်စီမှ တစ်ဆင့် စေလွှတ်လျက်ရှိပါသည်။ ယခုအခါ ကိုရီးယားသမ္မတနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းများတွင် မြန်မာဆောက်လုပ်ရေး လုပ်သားများ အလျင်အမြန်ခေါ်ယူရန်ရှိသဖြင့် ကိုရီးယားသမ္မတနိုင်ငံ အလုပ်အကိုင်နှင့် အလုပ် သမားဝန်ကြီးဌာန၊ လူ့စွမ်းအားဖွံ့ဖြိုးမှုလုပ်ငန်းအဖွဲ့(Human Resources Development Services of Korea) မှ မေတ္တာရပ်ခံချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

(က)ဆောက်လုပ်ရေးလုပ်သား၊ ခန့်ထားလိုသည့် လုပ်သားဦးရေအရ ယင်းလုပ်ငန်းတွင် အလုပ်လျှောက်ထားသူ မြန်မာလုပ်သား လက်ကျန်ဦးရေမှာ အလုပ်ရှင်များသို့ အလုပ်သမားပေးပို့စာရင်းပြုလုပ်ရန် လုံလောက်မှုမရှိဖြစ်နေသဖြင့် ကုန်ထုတ်လုပ်ငန်းတွင် အလုပ်လျှောက်လွှာတင်သွင်းထားသူများထဲမှ ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားလိုသူများရှိပါက အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ၊ အမှတ်(၈/၁) နဂါးရုံဘုရားလမ်း၊ အမှတ်(၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးသို့ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၂၇ရက် နောက်ဆုံးထား၍ ကိုယ်တိုင်လာရောက် လျှောက်ထားနိုင်ကြောင်း၊

(ခ) ကုန်ထုတ်လုပ်ငန်းတွင် အလုပ်လျှောက်လွှာတင်ထားသူများအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြောင်းရွှေ့လျှောက်ထားခြင်းကို မိမိတို့၏လွတ်လပ်သော ဆန္ဒအရသာပြုလုပ်ရန် ဖြစ်ကြောင်း။

(ဂ) ထိုသို့ လုပ်ငန်းပြောင်းလဲလျှောက်ထားခြင်းအတွက် ဦးရာလူစနစ်ဖြင့် လူဦးရေ(၅၀၀)အထိသာ အလုပ်ပြောင်းလျှောက်လွှာ လက်ခံသွားလိုကြောင်း၊

(ဃ)ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားသော်လည်း ထိုလုပ်ငန်းတွင် ကျိန်းသေအလုပ်ခန့်အပ်ခြင်းခံရမည်ဟု တာဝန်ခံနိုင်ခြင်းမရှိကြောင်း။


(င) သို့ရာတွင် ကုန်ထုတ်လုပ်ငန်းအတွက် အလုပ်လျှောက်လွှာတင်ထားပြီး တန်းစီဇယားသက်တမ်း(၂)နှစ်၊ ရှိနေသူများအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသို့ ပြောင်းလဲလျှောက်ထားခဲ့ပြီး ပထမ(၁)နှစ် သက်တမ်းကာလအတွင်း အလုပ်ခန့်ထားခြင်းမခံရပါက ဒုတိယ(၁)နှစ်သက်တမ်းအတွက် ပြန်လည်မှတ်ပုံတင်ရာတွင် မူလကုန်ထုတ်လုပ်ငန်းကို ထပ်မံပြောင်းလဲမှတ်ပုံတင်ခွင့်ရှိကြောင်း။

၂။ အသေးစိတ်သိရှိလိုပါက အထက်လိပ်စာပါ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီသို့ သတ်မှတ်ကာလအတွင်း လူကိုယ်တိုင် နိုင်ငံကူးလက်မှတ်မူရင်း/မိတ္တူ၊ EPS-TOPIK စာမေးပွဲဖြေဆိုခွင့်ကတ်ပြားမူရင်းတို့နှင့်အတူ လာရောက်စုံစမ်းနိုင်ပါသည်။

**အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီ**
**အလုပ်သမားညွှန်ကြားရေးဦးစီးဌာန**
**ဖုန်း-၀၁-၆၆၇၇၅၄၊ ၀၁-၆၅၆၈၄၃**




COHABO
ချောင်းသာ/ငွေဆောင်
စရိတ်ငြိမ်း-70000
No-၁၁/၁၃၊ ဒု ထွား၊ ၄၅လမ်း၊ ဗိုလ်တထောင်။
Ph-203519
09 516 1773, 09 731 61773




အမြန်ရောင်းမည်
၁။(၄၀×၆၀)တ/ဒဂုံစက်မှုဇုန်(၂)၊ မီးပါ။
၂။(၆၀×၁၀၀) သာကေတ ရတနာအိမ်ရာ တိုင်းရင်းသားကျေးရွာအနီး
၃။(၂.၅)ကေ၊လှည်းကူးဖောင်ကြီးလမ်းဘေး
၄။(၄၀×၆၀)ဒဂုံဆိပ်ကမ်း၊ဝ၊မြန်နန္ဒာလမ်းနီး
၅။(၂၀×၄၀)နှစ်ထပ်တိုက်၊ ဗဟန်းမြို့နယ်။
၆။(၂၀)ကေ၊ဥယျာဉ်ခြံမြေလှည်းကူးမြို့နယ်။
01-549138
095155106

ဆက်သွယ်ပါ
လှည်းကူးမြို့နယ်အတွင်း ရာသီပေါ် သီးနှံစိုက်ပျိုးရေးနှင့်မွေးမြူရေးအတွက် စိုက်ပျိုးရေးဝါသနာပါပြီး ရိုးသားစွာ လုပ်ငန်းကျွမ်းကျင်စွာဖြင့်အကျိုးတူပူးပေါင်း လုပ်ကိုင်လိုသူများဆက်သွယ်ပါ။
09250357900

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပြီးဖြစ်ကြောင်းနှင့် မိဘများနှင့်သက်ဆိုင်မှုမရှိကြောင်း အများသိစေရန်ကြေညာချက်

ဦးခင်မော်၊ ဒေါ်စိန်စိန်ဌေးတို့၏သမီး မယမင်း(ခ)အိန်ဂျယ်မိုး အသက်(၂၆)နှစ်သည် မိဘညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိခင်၏လက်ဝတ်ရတနာများကို ယူဆောင်၍ အိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက် သည့်ကိစ္စများအား မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးခင်မော်၊ ဒေါ်စိန်စိန်ဌေး

# အသက်(၁၀၃)နှစ်ရှိ ရာကျော်အဘိုးအား ချီးမြှင့်လှူဒါန်း

**ရန်ကုန်၊ ဇန်နဝါရီ ၂၁**

အင်းစိန်မြို့နယ် ရွာမအရှေ့ ရပ်ကွက် အမှတ်(၈၅) သီရိမင်္ဂလာ လမ်းတွင်နေထိုင်သည့် အသက် (၁၀၃)နှစ်ရှိ ရာကျော်အဘိုး ဦးလှရွှေအား နိုင်ငံတော်သမ္မတကြီးက ပေးအပ်ချီးမြှင့်သော အသက်တစ်ရာကျော် အဘိုးအဘွားဂုဏ်ပြု မှတ်တမ်းလွှာနှင့် ချီးမြှင့်ငွေကျပ် နှစ်သိန်းတို့ကို ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုးမင်းနှင့် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းတို့က ဇန်နဝါရီ ၁၉ ရက်တွင် နိုင်ငံတော်သမ္မတကြီး ကိုယ်စား ပေးအပ်ချီးမြှင့်လှူဒါန်းခဲ့ကြသည်။



ယင်းနောက် ဒုတိယသမ္မတများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အလှူရှင်များမှ လှူဒါန်းသော ငွေကျပ် ၁၃၃၀၀၀ နှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှလှူဒါန်းသည့် ဆေးဝါးနှင့် အသုံးအဆောင်ပစ္စည်းများ၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့၊ အင်းစိန်မြို့နယ် အမျိုးသမီးရေးရာ၊ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအဖွဲ့မှ လှူဒါန်းသည့် ဆေးဝါးနှင့်အသုံးအဆောင်ပစ္စည်းများအား အိမ်တိုင်ရာရောက်သွားရောက်လှူ ဒါန်းခဲ့ကြကြောင်းသိရသည်။

(၆၈၄)




# သဲဖြူပရိယတ္တိစာသင်တိုက်၌ တနင်္ဂနွေဗုဒ္ဓဓမ္မယဉ်ကျေးမှုသင်တန်းဆင်းပွဲပြုလုပ်

**ငါန်းဇွန်၊ ဇန်နဝါရီ ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ငါန်းဇွန်မြို့ သဲဖြူပရိယတ္တိစာသင်တိုက်၌ တနင်္ဂနွေ ဗုဒ္ဓဓမ္မယဉ်ကျေးမှုသင်တန်းဆင်းပွဲအခမ်းအနားကို ဇန်နဝါရီ ၁၈ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲနံနက်ပိုင်းတွင် ပထမတန်းမှ စတုတ္ထတန်းအထိ (Level–1)၊ ပဉ္စမတန်းမှ သတ္တမတန်း (Level-2) သင်တန်းသား၊ သင်တန်းသူများကို အားကစားပြိုင်ပွဲများ ကျင်းပပေးခဲ့သည်။ မွန်းလွဲပိုင်းတွင် နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး သဲဖြူပရိယတ္တိစာသင်တိုက်၏ နာယကဆရာတော် ဦးနရပတိက ဩဝါဒစကား မိန့်ကြားသည်။ ဆက်လက်၍ Level-2 သင်တန်းသား၊ သင်တန်းသူများ၏ သုတစုံလင်ဗုဒ္ဓဝင်ပြိုင်ပွဲနှင့် Level-1 သင်တန်းသား၊ သင်တန်းသူများ၏ ၃၈ ဖြာမင်္ဂလာကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပရာ ကြီးမှူးကျင်းပပေးသော နာယကဆရာတော်များနှင့် ဆရာ၊ ဆရာမများက ဆုများချီးမြှင့်ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားကို နာယကဆရာတော်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများနှင့် မိဘများ တက်ရောက်ကြသည်။

**သက်နောင်ဦး(ငါန်းဇွန်)**

# ဒုတိယအကြိမ် ရွှေဆံနွယ် အိမ်တွင်းမှုသက်မွေးသင်တန်းဖွင့်လှစ်

**မုံရွာ၊ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ် ဆင်တဲကျေးရွာရှိ ရွှေဆံနွယ် ဓမ္မရေဆေးရုံအတွင်း၌ ဇန်နဝါရီ ၁၇ ရက်က ဒုတိယအကြိမ် ရွှေဆံနွယ် အိမ်တွင်းမှု သက်မွေးသင်တန်း ဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရွှေဆံနွယ်ဆရာတော်က "အိမ်တွင်းမှာ အမှုကိစ္စကြီးငယ်တွေကို ဆောင်ရွက်နိုင်အောင်လို့ ဖွင့်လှစ်တဲ့ အိမ်တွင်းမှုသင်တန်း၊ သက်မွေးသင်တန်းတို့လည်း ပါတဲ့အတွက်ကြောင့် အိမ်တွင်းမှာ အိမ်မှုကိစ္စများကို ဆောင်ရွက်ရင်း မိမိတို့၏ စားဝတ်နေရေးလေးတွေကို တစ်ထောင့်တစ်နေရာက အထောက်အကူပြုနိုင်တယ်ဆိုရင် သင်တန်းဖွင့်ရကျိုးနပ်ပါပြီ" ဟု သင်တန်းဖွင့်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းမိန့်ကြားခဲ့သည်။

ယင်းမာပင်မြို့ အိမ်တွင်းမှုသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးသန်းက သင်တန်းပို့ချမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး စစ်ကိုင်းတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းချိုချိုပြုံးက ဝမ်းမြောက်ကြောင်းပြောကြားကာ ရန်ကုန်မြို့ ဆောင်းသဇင်စက်ချုပ်သင်တန်းမှ ဒေါ်လှဲ့လှဲ့ဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးမြို့မှ ဒေါ်သဥ္ဇာလီက မိတ်ကပ်ဆံပင် အလှပြုပြင်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး သင်တန်းနှင့်ပတ်သက်သော စည်းကမ်းထိန်းသိမ်းရေးဆရာတော် ဦးဝီရိယက လိုက်နာရမည့်စည်းကမ်းများကို မိန့်ကြားခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားတွင် တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အလှူငွေများပေးအပ်လှူဒါန်းရာ ရွှေဆံနွယ်ဓမ္မရေကုသိုလ်မြတ်ဆေးရုံတာဝန်ခံ ဆရာဝန်ကြီး ဒေါက်တာဝင်းထူးကျော်က လက်ခံရယူခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အသက်၁၀၀ နှစ်အထက် အဘိုးအဘွားများအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ထောက်ပံ့ငွေများချီးမြှင့်

**မကွေး၊ ဇန်နဝါရီ ၂၁**

မကွေးမြို့ မြို့တော်ခန်းမတွင် ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက နိုင်ငံတော်သမ္မတ၏ သက်ကြီးဝါကြီး အသက် ၁၀၀ နှစ်အထက် ဂုဏ်ပြုခံပုဂ္ဂိုလ်အဘိုးအဘွားကိုးဦးအနက် တက်ရောက်အပူဇော်ခံ အဘွားသုံးဦးအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေ ၃၅၀၀၀၀ ကျပ် ပေးအပ်လှူဒါန်းသည့်အခမ်းအနား ပြုလုပ်ခဲ့ကြောင်း သိရသည်။ အဆိုပါအခမ်းအနားကို NGO အဖွဲ့များနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက အဖွင့်အမှာစကားပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်မှ အပူဇော်ခံ အသက် ၁၀၀ နှစ်အထက် အဘွားသုံးဦးကို ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ချီးမြှင့်ထောက်ပံ့ငွေများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ယင်းနောက် ဂုဏ်ပြုခံအသက် ၁၀၀ နှစ်အထက် အဘွားတစ်ဦးက ဆုတောင်းဩဝါဒစကားပြောကြားခဲ့သည်။

**ဇာဇာ(မကွေး)**


# လှိုက်လှဲစွာအထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံး၏ ဇန်နဝါရီလ ၄ရက် (၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၅ဖြင့် ဦးသန်းဌေးအား နိုင်ငံတော်မှ ပေးအပ်ချီးမြှင့်သော "သုဓမ္မဇောတဓရဘွဲ့" ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန် ချီးမြှင့်အပ်နှင်းခြင်းခံရသည့်အတွက် မိသားစုနှင့်ထပ်တူ အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နောင်တွင်လည်း ကျန်းမာချမ်းသာစွာဖြင့် နိုင်ငံအကျိုး၊ သာသနာတော်အကျိုးတို့ကို ဆတက်ထမ်းပိုး ထမ်းရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးချစ်ဝင်း(ရွှေမြင့်ဝင်းကုမ္ပဏီလီမိတက်)
ဦးစိန်မြင့် **(Happy SKY Co.,Ltd.)**
ဦးဇော်ဝင်း (မန္တလေးမြို့)
ဦးမြတ်ကို **(Forever Diamond)**
ဦးလှရွှေ **(Happy Star Co.,Ltd.)**
ဦးဝါစူး (ရွှေဘုံသာလမ်း)
ဦးစံဂျေ **(New Blaze Co.,Ltd.)**

TRC Hotel and Vocational Training School
(နိုင်ငံတကာအသိအမှတ်ပြု ဟိုတယ်နှင့်အသက်မွေးမှုလုပ်ငန်းခွင်သင်တန်းကျောင်း)
01661097, 0973054685

ဟိုတယ်လုပ်ငန်းရှင်များ နှင့် ဟိုတယ်စီမံခန့်ခွဲနေသူများအတွက် အထူးစီစဉ်ပေးထားသော
" Basic Hotel Management Course အခြေခံဟိုတယ်စီမံခန့်ခွဲမှု သင်တန်း "
(မှတ်ချက်။ အသက်ကြီးငယ်မရွေး၊ အင်္ဂလိပ်စာအခြေခံရှိသူတိုင်း တက်ရောက်နိုင်ပါသည်)

အာဆီယံအဆင့်လက်မှတ်ရ ဟိုတယ်သင်တန်းများ
"ဇန်နဝါရီလကုန်တန်းခွဲသစ်များဖွင့်မည်"

☐ International Cookery Course (နိုင်ငံတကာအစားအစာချက်ပြုတ်နည်းသင်တန်း)
☐ Int'l Foods & Beverages Service Course (နိုင်ငံတကာအစားအသောက်ဝန်ဆောင်မှုသင်တန်း)
☐ Int'l Housekeeping Operation Course (နိုင်ငံတကာအိပ်ခန်းဆောင်ထိန်းသိမ်းနည်းသင်တန်း)

တိုက်(၂၀၉)၊ ပထမထပ်၊ ကမ္ဘာအေးဘုရားလမ်း၊ ကမ္ဘာအေးဘုရားမှတ်တိုင်ရှေ့၊ မရမ်းကုန်း၊ ရန်ကုန်မြို့။ ဖုန်း ၀၁၆၆၁၀၉၇၊ ၀၉၇၃၀၅၄၆၈၅

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ်-(၁၂၅၂)၊ မြေကွက်တည်နေရာအမှတ် (၁၂၅၂)၊ (၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ (ဒေါ်လူစီချန် G/RGN-၀၂၅၀၇၁) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်လူစီချန်(တရားရှုံး) ကိုယ်စား ဘီလစ်-ဒေါ်ရီရီလှ [၁၂/ဥကမ(နိုင်)၀၅၅၂၉၈]မှ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ တရားရုံး၏ တရားမကြီးမှု အမှတ်-၇၆/၂၀၁၄၏(၃၀-၁၀-၁၄)ရက်စွဲပါ စီရင်ချက် တရားမဇာရီမှုအမှတ်-၄၀/၂၀၁၄၏ တရားရုံး နေ့စဉ်မှတ်တမ်းနှင့် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာတို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင် ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ပုလောမြို့၊ အမှတ်(၃)ရပ်ကွက်၊ ဗိုလ်ဗထူးလမ်းတွင်တည်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ပုလောမြို့နယ်၊ အမှတ် (၃)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည် G- ပိတောက်ပင်အောက်၊ ဦးပိုင်အမှတ်-၉၇၊ ဧရိယာ(၀. ၀၄၄)ဧကရှိ အိမ်ရာမြေကွက်ကို မြိတ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၀/၂၀၁၃တွင် ချမှတ်ခဲ့သည့် မြိတ်ခရိုင်တရားရုံး၏ (၃၀-၁-၂၀၁၄)ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအရ တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာချက်ဒီကရီရရှိထားသူဖြစ်သည့် ဒေါ်အို(ခ)ဒေါ်ဟုံညွန့်ထံမှလည်းကောင်း၊ အဆိုပါမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ပုလောမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး အခွန်ပြေစာအရ အခွန်ခွဲတမ်းအမှတ်စဉ်-ရပ်ကွက်အမှတ်(၃)လမ်း၊ ဗိုလ်ဗထူးဟုခေါ်တွင်သောနေအိမ်ကို မြိတ်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၁၉/၂၀၁၃တွင် ချမှတ်ခဲ့သည့် မြိတ်ခရိုင်တရားရုံး၏ (၃၀-၁-၂၀၁၄)ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရ "တရားဝင်ပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဟကြေညာချက်ဒီကရီ"ရရှိထားသူများဖြစ်ကြသည့် ဒေါ်သိန်းညွန့်နှင့် ဦးထင်ဟိုတို့ထံမှလည်းကောင်း ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူမှ အရောင်းအဝယ်စာချုပ်များပြုလုပ်ချုပ်ဆိုကာ ဝယ်ယူသွားမည်ဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နေအိမ်တို့နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက မည်သူမဆို အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဒေါ်ဖြူမာညွန့် **LL.B,LLM,C.BL**
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၈၀)
၁၁၅၊ မြို့ပတ်လမ်း၊ မြိတ်တောင်ရပ်၊ မြိတ်မြို့

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညှိနှိုင်းစည်းဝေး

**ဝေါ၊ ဇန်နဝါရီ ၂၁**

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်သူ့လွှတ်တော်မှ သတ်မှတ်ပေးသော လွှတ်တော်ကိုယ်စားလှယ်များ ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ဝေါမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး မိုးယွန်းကြီးခန်းမ၌ ပြုလုပ်ခဲ့သည်။

ဝေါမြို့နယ်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ရွှေက အမှာစကားပြောကြားရာတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဝေါမြို့နယ်အတွက် ခွင့်ပြုသတ်မှတ်ပေးထားသော ဖွံ့ဖြိုးရေးရန်ပုံငွေကျပ်သိန်း ၁၀၀၀ ဖြင့် ရပ်ကွက်ကျေးရွာများတွင် ကျေးရွာလူထုအတွက် အမှန်တကယ်လိုအပ်နေသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ထိထိရောက်ရောက် ပြီးစီးအောင် စနစ်တကျ သုံးစွဲဆောင်ရွက်လုပ်ဆောင်ကြရန် ပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌနှင့် ရပ်ကွက်၊ ကျေးရွာအထောက်အကူပြုအဖွဲ့တို့က ဒေသဖွံ့ဖြိုးရေးအတွက် အမှန်တကယ်လိုအပ်သည့် လုပ်ငန်းစဉ်များ ဆွေးနွေးတင်ပြကြသည်။

ယင်းအခမ်းအနားသို့ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အထောက်အကူပြုကော်မတီများ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

**တင်စိုး(ပဲခူး)**

# လူမျိုးဘာသာမရွေး နာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲ ဟိုပန်မြို့၌ ပြုလုပ်

**ဟိုပန်၊ ဇန်နဝါရီ ၂၁**

လူမျိုးဘာသာမရွေးနာရေးကူညီမှုအသင်းသို့ အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက ဟိုပန်မြို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ တိုင်းအစည်းအဝေးခန်းမ၌ပြုလုပ်ရာ တိုင်းဦးစီးအဖွဲ့ အလုပ်အမှုဆောင် ဦးစိုင်းလှဖေက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် လူမျိုးဘာသာမရွေးနာရေးကူညီမှုအသင်းသို့ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းဦးစီးအဖွဲ့မှ အသင်းအတွက်ရန်ပုံငွေကျပ် ၂၄ သိန်းကို အဖွဲ့ကိုယ်စား ဦးစိုင်းလှဖေက ပေးအပ်ရာ နာရေးကူညီမှုအသင်းတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဆက်လက်၍ နာရေးကူညီမှုအသင်းမှ ဦးသိန်းဝင်းက အသင်းဖွဲ့စည်းထူထောင်ပြီး ပြည်သူများ၏ နာရေးကိစ္စများဆောင်ရွက်ပေးမှု၊ အသင်းဝင်အင်အား၊ ဘဏ္ဍာရေးအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တိုင်းဦးစီးအဖွဲ့အတွင်းရေးမှူးဦးမျိုးအောင်၊ အဖွဲ့ဝင်ဦးသန်းလွင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသင်းရန်ပုံငွေတိုးတက်ရေးအတွက် ကူညီဆောင်ရွက်ပေးမည့်အခြေအနေ၊ အသင်းရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်သင့်သည့် အချက်များကို ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**(ပြန်/ဆက်)**

# ကျွန်းလှမြို့နယ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးရွာချင်းဆက်လမ်းများ အကောင်အထည်ဖော်

**ကျွန်းလှ၊ ဇန်နဝါရီ ၂၁**



စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှု လျော့ကျစေရန် ရည်ရွယ်၍ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ပြည်ထောင်စုရန်ပုံ ငွေဖြင့် ကျေးလက်ဒေသဦးစီးဌာနမှ ကျေးရွာချင်းဆက်လမ်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် သဖန်းဆိပ်ဆည်အနောက်ခြမ်း အင်တိုင်း-ကျွဲတဲအင်လှ-လိပ်စင်းတောင်ကျေးရွာ မြေသားလမ်း ၅ မိုင်ကို မျိုးမြတ်ချမ်းသာကုမ္ပဏီကလည်းကောင်း၊ Desigin Mandalay ကုမ္ပဏီက ၁၀ မိုင်တို့ကို တာဝန်ယူခင်းပြီးကြောင်း၊ လိပ်စင်းတောင်-ပေပင်ချောင်-မော်ကယ်ကျေးရွာ ကျောက်ချောလမ်း ၇ မိုင်ကို Royal Goldan Power ကုမ္ပဏီက လည်းကောင်း၊ Myanmar Land ကုမ္ပဏီက ၇ မိုင်တို့ကို တာဝန်ယူခင်းကျင်းလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ သဖန်းဆိပ်ဆည် အနောက်ခြမ်းကျေးရွာများမှာ မိုးရာသီမှာ သွားလာရေးခက်ခဲပါတယ်။ ယခင်က စက်လှေကဆင်းပြီး လှည်းနဲ့ညအိပ်ခရီးသွားရပါတယ်။ အခုလို ကျေးရွာချင်းဆက်လမ်းများခင်းပေးတဲ့အတွက် ကျွန်းလှမြို့ကို နေ့ချင်းပြန်သွားလို့ရပြီး ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်" ဟု ဒေသခံပြည်သူတစ်ဦးကပြောသည်။ **မျိုးဝင်းညို(ကျွန်းလှ)**

# ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း စတင်ဆောင်ရွက်

**ကျွန်းလှ၊ ဇန်နဝါရီ ၂၁**

နိုင်ငံတစ်ဝန်း ဝက်သက်ရောဂါနှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းလုပ်ငန်း ၂၀၁၅ ကို ဇန်နဝါရီ ၁၉ ရက် နံနက် ၈ နာရီတွင် ကျွန်းလှမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်စန်းငွေးနှင့် ကျန်းမာရေးဝန်ထမ်းများက အထက (ခွဲ) ကျောင်း၌ စတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် အသက်ငါးနှစ်မှ (၁၅) နှစ်အထိ ကျောင်းနေကလေးသူငယ်များအားလုံးကို ဝက်သက်နှင့်ဂျိုက်သိုးရောဂါကာကွယ်ဆေး ထိုးနှံပေးပေးခဲ့သည်။

**ထိန်လင်း(ပြန်/ဆက်)**


## အထူးဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၁၅ခုနှစ် ဇန်နဝါရီလ ၄ရက်တွင် ဗာတီကန်နိုင်ငံ ဗာတီကန်နန်းတော်မှ ရဟန်းမင်းကြီးအရှင်သူမြတ် "ဖရန်စစ်" က ဆင်းရဲသားအယုတ်အလတ်အမြတ်မရွေး မေတ္တာတရားကို အခြေခံ၍လူသားတို့၏ ဂုဏ်သိက္ခာနှင့်အညီ သာတူညီမျှဆက်ဆံခံရရေးအတွက် ရဲဝံ့စွာဖြင့် အမှန် တရားကို ဖော်ထုတ်သင်ကြားပြသတော်မူပါသော ဂိုဏ်းချုပ်ဆရာတော်ကြီး ချား(စ်)ဦးဘိုအား ရဟန်းအမတ်အဆင့်သို့ ချီးမြှင့်ပေးသနား တော်မူခြင်းအတွက် ကက်သလစ်ဘာသာဝင်သားသမီးများမှ နှစ်ထောင်းအားရ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ကာဒီနယ်ရဟန်းအမတ်ကြီး နိုင်ငံတော်အကျိုး၊ လူမှုရေးအကျိုး၊ သာသနာ့အကျိုးအဝဝကို ဆတက်ထမ်းပိုး ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့အပ်ပါသည်။

ကျောင်းထိုင်ဘုန်းတော်ကြီး **Rev.Fr. Jacob** စောအေးသောင်း
လက်ထောက်ဘုန်းတော်ကြီး၊ သာသနာ့အကျိုးဆောင်များ၊ ကက်သလစ်ဘာသာဝင်သားသမီးများ
စိန်ဖရန်စစ်အစီစီကက်သလစ်ဘုရားကျောင်း
(၁၃၁)၊ ကျိုက္ကဆံလမ်း၊ တာမွေမြို့နယ်။



## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ယေး[၁၃/မဆတ(နိုင်)၀၀၀၄၃၆] ကိုင်ဆောင်သူမှ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ရွှေနံ့သာ(ဘားလား)သစ်ခွရွာ၊ မြေကွက်အမှတ် (D-3)၊ ရေတလဘောင်အုပ်စု၊ ကွင်းအမှတ်(၄၉၈+၄၉၇ᵏ)၊ ကွင်းတလဘောင်အရှေ့ကွင်း၊ ကျောက်တန်းမြောက်ကွင်း၊ ရတနာရွှေခတ်လမ်းနှင့် မိုးလုံးမှိုင်းလမ်းထောင့်၊ ဦးပိုင်အမှတ်(၃၂/၁၆)၊ လ/န-၃၉ (သစ်ခွခြံမြေ)ကျပြီး ဦးခင်မောင်မြင့်အမည်ပေါက် မြေဧက(၂.၀၀)ဧက မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ဦးနီအောင်ခိုင်မြင့်[၉/မရတ(နိုင်)၀၀၀၁၇၈]ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ် ပြုလုပ်မှုအား ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ဦးမောင်ယေး၏လွှဲအပ်ညွှန်ကြားချက်များအရ

ဦးမောင်ယေး
[၁၃/မဆတ(နိုင်)၀၀၀၄၃၆]
လွှဲအပ်ညွှန်ကြားသူ

ဦးထက်နေဝင်း (LL.B) စဉ်-၈၄၇၁
တရားလွှတ်တော်ရှေ့နေ
အမှတ်-၁/၅၄၊ မင်းရဲကျော်စွာလမ်း
ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။



## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်-ဏ/၄၀ရပ်ကွက်၊ မြေကွက်အမှတ် (၂/က)ဟုခေါ်တွင်သော ဦးမိုဟာမက်ယာစင် အမည်ပေါက် ပါမစ်မြေကွက်၊ အလျားပေ( ၆၀ × အနံ ပေ၂၀)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးမိုဟာမက်ယာစင်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်အစပ်ဖြင့် လက်ဝယ်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးတင်ထွေး [၁၁/မအန(နိုင်)၀၀၀၃၆၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ကိုဝင်းမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးဇော်မင်းနိုင် **LL.B,DL-101 WIPO (Switzerland)**
အထက်တန်းရှေ့နေ၊ ဖုန်း ၀၉-၇၃၉၀၃၃၀၇
ရုံး-အမှတ်(၅၀)၊ဒုတိယထပ်၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့



## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ်(၂၁)၊ မြေကွက်အမှတ်-၁၁၆၁၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ မြေကွက်အနက်မှ တရားဝင်မခွဲမစိတ် ရသေးသော ပေ (၁၈×၆၀)ရှိ မြေကွက်အား အမည်ပေါက် ဦးဟုတ်စံ [၁၂/ဒဂတ(နိုင်) ၀၁၉၄၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ၂၉-၇-၂၀၁၄ရက်စွဲပါ နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ် သဘောတူစာချုပ်ဖြင့် ဝယ်ယူလက်ရောက်ရရှိထားသည်မှာ ယနေ့တိုင်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ သဘောတူညီချက် တစ်စုံတစ်ရာမရှိဘဲ မည်သူမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းပြုလုပ်ခွင့် လုံးဝမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးအောင်ဆွေဝင်း (LL.B,D.B.L) — ဒေါ်စိုးမမငွေး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၅၅) — အထက်တန်းရှေ့နေ(စဉ်-၂၈၀၃၉)
အမှတ်-၆၂၊ ပထမထပ်၊ အခန်း-၁၁၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၀၂၂၃၈၂၇

# ဇေယျာစိမ်းလန်းမြေ(မြင်းမူ) အသင်းဝင်များ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**မြင်းမူ၊ ဇန်နဝါရီ ၂၁**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြို့ပြ သန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည့် ဇေယျာစိမ်းလန်းမြေ (မြင်းမူ) အသင်းဝင်များသည် ဇန်နဝါရီ ၁၉ ရက်က မြင်းမူမြို့ ကမ်းနားလမ်း တစ်လျှောက်တွင် အမှိုက်များကို ကောက်ယူရှင်းလင်းကြပြီး စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ရာတွင် မြင်းမူမြို့နယ် အပူပိုင်း စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ ဦးစီးအရာရှိ ဦးကျော်မင်းစိုး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဇေယျာစိမ်းလန်းမြေ (မြင်းမူ)အသင်းဝင်များ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။

ဇေယျာစိမ်းလန်းမြေ (မြင်းမူ) အသင်းသည် မြို့သန့်ရှင်းသာယာလှပရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး လုပ်ငန်းများကို မြင်းမူမြို့ရှိ ရပ်ကွက်များနှင့် ကျေးရွာများတွင် တစ်လလျှင် တစ်ကြိမ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



**မြို့နယ်ပြန်/ဆက်(မြင်းမူ)**

## တိုင်းရင်းဆေးကုဌာနမှ အခမဲ့ကုသပေး

**တွံတေး၊ ဇန်နဝါရီ ၂၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ဂယက်လမီးကျေးရွာနှင့်ကြည်တန်းကျေးရွာရှိ ကျေးလက်နေပြည်သူများအား ဇန်နဝါရီ ၁၈ ရက်နှင့် ၁၉ ရက် နံနက် ၈နာရီကတိုင်းရင်းဆေးကုဌာနမှကျေးလက်နေပြည်သူများအား အခမဲ့ဆေးကုသခြင်းများဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာမြို့နယ်တိုင်းရင်းဆေးမှူး၊ လက်ထောက်တိုင်းရင်းဆေးမှူး၊ ဒုတိယလက်ထောက်တိုင်းဆေးမှူးတို့က ကျန်းမာရေးအသိပညာပေးဟောပြောပြီး ကျန်းမာရေးအသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကျေးရွာပြည်သူ ၁၃၅ ဦးအား အခမဲ့တိုင်းရင်းဆေးကုသပေးပြီး လေငန်း၊ လေဖြတ်၊အကြောတက်၊ သွေးတိုး၊ ဆီးချိုယားနာလူနာများအား အဓိကကုသပေးခဲ့ကြောင်းသိရသည်။ **မျိုးလှိုင်(တွံတေး)**

## ဘော်လခဲမြို့တွင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်

**ဘော်လခဲ ဇန်နဝါရီ ၂၁**

ကယားပြည်နယ် ဘော်လခဲခရိုင် ဘော်လခဲမြို့နယ်အတွင်းရှိ မြို့တွင်းလမ်း၊ အနော်ရထာလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကိုဇန်နဝါရီ ၁၉ရက် နံနက် ၈နာရီ တွင် ကျင်းပခဲ့သည်။ ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာအကြီးအကဲများသည် မှတ်တမ်းဓာတ်ပုံရိုက်ကူးကြပြီး ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။ **လှရွှေ**(IPRD)

## စာကြည့်တိုက်ဆောက်လုပ်ရန် မတည်ငွေပေးအပ်

**ကျောက်တန်း၊ ဇန်နဝါရီ ၂၁**

၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်အတွက် နိုင်ငံတော်မတည်ငွေကျပ်သိန်း ၁၀ နှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရမှ ထောက်ပံ့ငွေကျပ် သိန်း ၂၀တို့ဖြင့် ကျောက်တန်းမြို့နယ် ကြာကန်ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရန် မတည်ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၁၁ နာရီကမြို့ နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးခန်းမ၌ကျင်းပခဲ့သည်

မြို့နယ်အုပ်ချုပ်ရေးမှူးဦးဇော်မင်းထွန်းက ပေးအပ်လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးခင်နွယ်ကလက်ခံခဲ့ပါသည်။ ယင်းနောက်စာကြည့်တိုက်ဆောက်လုပ်ရာစံချိန်စံညွှန်းနှင့်အညီဆောက်လုပ်ရန်၊ စာကြည့်တိုက်ကော်မတီများကလည်း စိတ်အားထက်သန်စွာဆောင်ရွက်ပေးနိုင်ပါရန် ပြောကြားခဲ့ကြောင်းသိရှိရသည်။ **နန်းအေးခိုင်**

## မှုခင်းလျော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပုသိမ်၊ ဇန်နဝါရီ ၂၁**

ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့၏ ၂၀၁၅ခုနှစ် မှုခင်းလျော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီက ပုသိမ်မြို့ တိုင်းဒေသကြီးရဲတပ်ဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်း၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီးသက်လွင်နှင့် တိုင်းရဲတပ်ဖွဲ့ရုံးမှတာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ မှုခင်းတပ်ဖွဲ့၊ မူးယစ်အထူးတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီးရေးတပ်ဖွဲ့၊ သတင်းရဲတပ်ဖွဲ့ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများ ခရိုင်နှင့် မြို့နယ်များမှ ရဲတပ်ဖွဲ့မှူးများ တက်ရောက်ကြသည်။

ရှေ့ဦးစွာ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမောင်မောင်ဝင်းက ၂၀၁၅ ခုနှစ်အတွင်း ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများနှင့် တာဝန်များ ပိုမိုထမ်းဆောင်နေရချိန်တွင် အမှုကြီး၊ အခြားအမှုများလျော့နည်းကျဆင်းရေးအတွက် မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်ငါးရပ်၊ သော့ချက်ငါးချက်ပါအတိုင်း ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ပြည်သူများ ပူးပေါင်းပါဝင်သောရဲလုပ်ငန်းစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်ပြီး ပြည်သူများ ပါဝင်လာအောင် အရပ်ဘက်အဖွဲ့အစည်းများအင်အားကို ရယူဆောင်ရွက်တို့ကိုပြောကြားခဲ့သည်။

ထို့ပြင် မှုခင်းများကျဆင်းရေးအတွက် ပြည်သူများ ပူးပေါင်းပါဝင်ပါက မှုခင်းများလျော့နည်းသွားမည်ကို သုံးသပ်ရမည်ဖြစ်ကြောင်း၊နေရာလုံခြုံရေးများ စနစ်တကျရှိစေရေး၊ အကြမ်းဖက်တိုက်ခိုက်မှုအန္တရာယ် ကာကွယ်ရေး၊လူအုပ်စုအားထိန်းသိမ်းရန်၊ စနစ်တကျစီမံခန့်ခွဲမှုများ စုဖွဲ့လေ့ကျင့်ရန်လိုအပ်ပြီး အမှန်တကယ် ထုတ်နုတ်နိုင်သည့် အင်အားဖြင့်ကျစ်လျစ်စွာ ဖွဲ့စည်းရန်လိုအပ်ကြောင်း မှာကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးအတွင်း အမှုကြီး အများဆုံးဖြစ်ပွားသော ပုသိမ်၊ သာပေါင်း၊ လပွတ္တာ၊ မြောင်းမြ၊ ဟင်္သာတမြို့နယ်တို့နှင့် အမှုကြီး အနည်းဆုံးဖြစ်ပွားသော ဒေးဒရဲ၊ လေးမျက်နှာမြို့နယ်တို့မှ မြို့နယ်ရဲတပ်ဖွဲ့မှူးများက မှုခင်းလျော့နည်းကျဆင်းရေး လုပ်ငန်းများကို ဆွေးနွေးကြကြောင်းသိရသည်။ **မောင်မောင်မြင့်**(iprd)

**အမည်ပြောင်း**

နောင်ချိုမြို့နယ် ရွှေမုဋ္ဌောအခြေခံပညာအထက်တန်းကျောင်း(ခွဲ) အဌမတန်းမှ အဖ ဦးမိုးလွင်၏ သမီး မဆည်းဆာလွင်အား မငြိမ်းစုစုလွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မငြိမ်းစုစုလွင်**

### လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ၏ အမိန့်အမှတ်(၁/၂၀၁၅)ဖြင့် နိုင်ငံတော်သမ္မတမှချီးမြှင့်သော သီရိသုဓမ္မသိင်္ဂီဘွဲ့အား ချီးမြှင့်ခြင်းခံရသော ဒေါ်နုနုငယ် အမှတ်(စီ)၊ မိုးကောင်းလမ်းသွယ်၊ ပြည်သာယာ၊ ဘောက်ထော်၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့အတွက် လိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် မိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် အမျိုးဘာသာ သာသနာအကျိုးစီးပွားကို ဆတက်ထမ်းပိုးတိုး၍ ထမ်းရွက်နိုင်ပါစေကြောင်း ဂုဏ်ပြုဆုတောင်းလိုက်ပါသည်။

ဦးထွန်းထွန်းနှင့်ဇနီးဒေါ်ဝေဝေ
သိရောမဏိကျောက်မျက်ရတနာကုမ္ပဏီလီမိတက်၊ မိသားစု

### ဂုဏ်ယူဝမ်းမြောက်ခြင်း

(၆၇)နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဦးသိန်းဝင်း(ခ)ဦးသိန်းဝင်းမြတ်အား နိုင်ငံတော်သမ္မတကြီးမှ (သုဓမ္မမဏိဇောတဓရ)ဘွဲ့ကို ချီးမြှင့်ခြင်းအတွက် ဦးသိန်းဝင်း(ခ) ဦးသိန်းဝင်းမြတ်- ဇနီး ဒေါ်သီတာမြင့် မိသားစုနှင့်ထပ်တူ ဝမ်းမြောက်ဂုဏ်ယူရပါကြောင်း၊ ရှေ့ဆက်ပြီးလည်း ဘာသာ၊ သာသနာအကျိုး ဆတက်ထမ်းပိုးတိုး၍ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးကျော်ဝင်းဒင်-ဒေါ်စန်းမြင့်သန်း
မိသားစု

### မြန်မာကော်တွန်ကုမ္ပဏီ

ငွေယာ၊ ခန်းဆင် ဝမ္ပည်းစုံနှင့် ခန်းဆီးလိုက်တားဆိုတ ချုပ်လုပ်ဖြန့်ဖြူးခြင်း

အမှတ်(၁၂၀)၊ မဟာဗန္ဓုလလမ်းနှင့် (၅၇) လမ်းထိပ်၊ ပုဇွန်တောင်မြို့နယ်၊

☎ 01 291317, 202921, 09- 8627489

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့ ၊ မင်္ဂလာဒုံမြို့နယ်(တောက်ကြန့်)၊ နွယ်ခွေ (၄)ရပ်ကွက်၊ ပတ္တမြားလမ်း၊ အမှတ် (၇၂) အိမ်နှင့်မြေ၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးအောင်မင်း (၁၂/မဂဒ(နိုင်)၀၂၆၇၈၆) မှ ပိုင်ဆိုင်လက်ရှိထားပြီး တရားဝင်ရောင်းချပိုင်ခွင့် အပြည့်အဝရှိကြောင်း တာဝန်ယူဝန်ခံကာ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်သူ မည်သူမဆို ပိုင်ဆိုင်မှု အထောက် အထား စာရွက်စာတမ်းမူရင်းစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ချိုချိုမာ (LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၆၄၀)
အမှတ် (၁၁၁၆)၊ သုမင်္ဂလာ(၆)လမ်း၊
(၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း၊ ၀၉-၄၃၀၆၃၅၈၁

### ၄-၁-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ-၂၃ပါ ဦးအောင်မျိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရဟုဆိုကာ တရားလွှတ်တော်ရှေ့နေ ဦးအောင်ကျော်စိန်နှင့် ဦးကျော်လှထွန်းတို့၏ ကြေညာချက်အပေါ် အများသိစေရန်ပြန်လည်ရှင်းလင်းကြေညာခြင်း

၂၂-၁၂-၂၀၁၄ရက်ထုတ် ကြေးမုံသတင်းစာပါ မအေးသန္တာ၏ ကြေညာချက်သည် ဖြစ်ရပ်အမှန်များဖြစ်ပါသည်။ မိခင် ဒေါ်ယက်သဲဖြူနှင့် မောင်၊ အစ်မများတို့၏ လွှဲအပ်ညွှန်ကြားချက်ဆိုသည်မှာ မမှန်ပါ။ မအေးသန္တာ၏ အသက်အန္တရာယ်ကို ထိခိုက်အောင် ညှဉ်းပမ်း၊ ခြိမ်းခြောက်လာမှုများကြောင့် မည်သူ၏ သွေးဆောင်ဖြားယောင်းမှုမှမပါဘဲ မိမိသဘောဖြင့် မလွှဲမရှောင်သာ၍ ထွက်ခွာလာရခြင်းဖြစ်ပါသည်။ ဦးအောင်မျိုးလှိုင်သည် ၂၀၀၅ခုနှစ်မှစ၍ မအေးသန္တာနှင့် သားအပေါ် ထောက်ပံ့မှု မပြုခဲ့သည့်အပြင် အိမ်ထောင်ရေးပြစ်မှုများကိုပါ ကျူးလွန်လာခဲ့၍ မိမိဘာသာ ဘဝကိုရပ်တည်ခဲ့ရပါသည်။ ရွှေ(၁၁)ကျပ်သား ပါရှိလာသည်ဆိုသည်မှာ လုပ်ကြံပြောဆိုခြင်းသာ ဖြစ်ပါသည်။ နောက်နောင် နှောင့်ယှက်မှုပြုလာပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးအောင်မျိုးလှိုင်နှင့် အများသိစေရန် ကြေညာလိုက်ပါသည်။

ဒေါ်အေးသန္တာ၏ ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဒေါ်မြဇာဇာအောင် | ဦးလှမျိုး(**LL.B**) | ဦးဇော်မင်း(နေရှင်နယ်) |
| (**LL.B,D.B.L**) | အထက်တန်းရှေ့နေ | ဝိဇ္ဇာ+ဥပဒေဝိဇ္ဇာ |
| အထက်တန်းရှေ့နေ | (စဉ်-၁၁၁၂၇) | တရားလွှတ်တော်ရှေ့နေ |
| (စဉ်-၃၅၃၈၈) | | (စဉ်-၁၃၃၀/၇၂) |

**THE NATIONAL LAW FIRM**
အမှတ်-၆/က၊ မြင်တော်သာလမ်း၊ ၄/မြောက်ရပ်ကွက်၊
သာကေတမြို့နယ်၊ ရန်ကုန်မြို့။

### ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဓ ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး
၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၃

ဒေါ်အေးအေးသက်(ခ) ဒေါ်အိအိသက် (တရားလို) နှင့် ၁။ မထက်ဇာခြည်ဝင်း ၂။ ကိုသန်းကိုကို (တရားပြိုင်များ)

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ FMI City အိမ်ရာ၊ ကန်သာယာလမ်းသွယ်(၃)၊ အမှတ် (KTA-6)နေ (၁)တရားပြိုင် မထက်ဇာခြည်ဝင်း(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက"ငွေကျပ် ၁၁၄၀၀၀၀၀/-ပြန်လည်ရလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်၊ ရုံးအခွင့် အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၃၀ရက် (၁၃၇၆ခုနှစ်၊ တပို့တွဲလဆန်း ၁၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခိုင်ခိုင်ဝင်း)
ဒုတိယခရိုင်တရားသူကြီး(၃)
ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး

ကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

**ဗိုလ်မှူးဘထွေး(ငြိမ်း)**

**အသက်(၈၄)နှစ်**

ချစ်သူငယ်ချင်း တေဇ၏ဖခင်ဖြစ်သူ ဦးဘထွေးသည် ၁၆-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဒဂုံ(၁)Eခန်းမှသူငယ်ချင်းများ**

## (၅)နှစ်ပြည့်လွမ်းဆွတ်သတိရအမျှပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်ဝင်း(မိတ္ထီလာ)**

(၂၂-၁-၂၀၁၀)-(၂၂-၁-၂၀၁၅)

ထာဝရကျေးဇူးရှင် မေမေအတွက် ရည်စူး၍ မြို့တွင်း ဆုတောင်းပြည့်ဘုရား၏ တောင်ဘက်မုခ်တွင် အာရုံခံတန်ဆောင်းအတွက် မတည်ငွေကျပ်သိန်း(၂၀)လှူဒါန်းခြင်း၊ အေးရိပ်သာတိုက်တွင် သံဃာတော်အရှင်မြတ်တို့အား အရုဏ်ဆွမ်းဟင်းနှင့် လှူဖွယ်အစုစုတို့ လှူဒါန်းအမျှပေးဝေခြင်း၊ အေးရိပ်သာမိသားစုမှ ရည်စူးပြုသမျှ အလှူဒါနများကို ဒေါ်ကြည်ကြည်ဝင်းနှင့်တကွ လူနတ်ဗြဟ္မာသတ္တဝါအပေါင်းအား အမျှပေးဝေပါ၏။

အမျှ---အမျှ---အမျှ

**ဖခင် - ဦးချစ်ဆွေ**

**သမီးများ - ဘေဘီ၊ တင်တင်ဝင်း**

**- မော်မော်ချစ်၊ အေးအေးချစ်၊ အေးရိပ်သာမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြစီ (မိတ္ထီလာ)**

**အသက်(၈၀)**

ကပ္ပတိန်နေထွန်းအောင်၊ ဒေါ်စိုးစိုးမော်တို့၏မိခင်ကြီး ဒေါ်မြမြစီ(မိတ္ထီလာ)သည် ၁၂-၁-၂၀၁၅ရက်(တနင်္လာနေ့) မွန်းလွဲ ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**MARINER ENTERPRISES LTD မိသားစုဝင်၊ လုပ်ဖော်ကိုင်ဖက်များ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်လှ**

**အသက်(၈၁)နှစ်**

သာသနာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဦးနှင့်ဇနီး ဒေါ်ချိုချိုဝင်းတို့၏မိခင်ကြီး ဒေါ်ခင်လှ အသက်(၈၁)နှစ်သည် ၁၇-၁-၂၀၁၅ရက် ည ၁၀း၃၀ နာရီတွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**သီရိမင်္ဂလာကမ္ဘာအေးစေတီတော်**

**ဂေါပကအဖွဲ့နှင့်ဝန်ထမ်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်အောင် B.Sc (FORESTRY) 1970**

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)မြန်မာ့သစ်လုပ်ငန်း၊ အသက်(၇၀)**

ရန်ကုန်မြို့၊ အမှတ်(၈၈)၊ သုခမြိုင်(၄)လမ်း၊ လှိုင်မြို့နယ်နေ ဒေါ်စိုးစိုးတင်၏ ချစ်လှစွာသော ခင်ပွန်း ဦးတင်အောင်[ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း]သည် ၁၆-၁-၂၀၁၅ ရက် နံနက် ၄း၅၅ နာရီ၌ အာရှတော်ဝင်ဆေးရုံတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဝိဇ္ဇာ/သိပ္ပံတက္ကသိုလ်(ရန်ကုန်)သိပ္ပံ(သစ်တော)ဘွဲ့ရ ၁၉၇၀ခုနှစ်ဆင်း သူငယ်ချင်းများနှင့်မိသားစုများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၀/သမိုင်း၊ မြေကွက်အမှတ်-၄/ဆ+၁၁/ခ၊ မြေကွက်တည်နေရာအမှတ်-၉၊ ပေါက်စေတီလမ်းသွယ်(၁)၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ဒေါ်မြမြသန်းအမည်ပေါက် Bမြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် မိခင် ဒေါ်မြမြသန်းမှာ ၁၇-၁၀-၂၀၁၂ရက်တွင်လည်းကောင်း၊ ဖခင်ဖြစ်သူ ဦးစံဝင်းမှာ ၂၂-၁၀-၂၀၀၃ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားသဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြသန်းဝင်း[၁၂/ကမရ(နိုင်)၀၁၂၈၁၈]မှ သေစာရင်း(၂)စောင်၊ တစ်ဦးတည်းသောသမီးဖြစ်ကြောင်း ကျမ်းကျိန်လွှာ၊ အမည်ပေါက်သည့်အရောင်းအဝယ်စာချုပ်-၂၁၅/၁၉၈၈၊ (၇-၄-၁၉၈၈)၊ အမွေပြင်စာချုပ်-၃၄/၁၉၉၀ ၂၅-၁-၁၉၉၀တို့ကိုတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးရေးစီမံချက်အတွင်းရှိ မြေတိုင်းရပ်ကွက်အမှတ်(၅၃၂/စီက+ခ)၊ မြေကွက်အမှတ်(၈၀/ဃ)၊ ဧရိယာ(၀. ၂၀၅)ဧက၊ မြေကွက်တည်နေရာ(၃/၈၀ဃ)၊ နဂါးရုံဘုရားလမ်း၊ သဃ်န်းကျွန်းကြီးကျေးရွာရှိ မြေကွက်အား ကာယရပ်ကွက်မြေဂရန်ချထားပေးရေးအထောက်အကူပြုအဖွဲ့၏ ခြံမြေကွက်များစာရင်းရှိ ငယ်စာရင်း အမည်ပေါက် ဒေါ်ခင်လေး[၉/မရမ(နိုင်)၀၆၇၅၃၃]မှ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးမှူး၊ ကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## (၅)နှစ်ပြည့်လွမ်းဆွတ်၊ သတိရ၊ အမျှပေးဝေခြင်း

**လေ ၂၆၇၄ မှူး/ဗကပြည့်ဖြိုးမျိုး(ကိုပေါက်)**

**(၁၉-၄-၁၉၇၉ မှ ၂၂-၁-၂၀၁၀)**

သားကြီးရေ----

နှစ်လတွေကြာတာနဲ့အမျှ သတိရလွမ်းဆွတ်တာလည်း ရင်နဲ့မဆံ့အောင် ခံစားရပါတယ်။

ရတနာ(၃)ပါးမြဲပြီး၊ မိဘနဲ့ဆရာသမားကို ရိုသေလေးစားသူ၊ စိတ်ထားဖြူစင်ပြီး ရိုးသားကြိုးစားခဲ့သူမို့ ကောင်းရာဘုံဘဝရောက်မှာပါပဲ။

ပြုပြုသမျှ ကုသိုလ်အားလုံး မိသားစုနဲ့ထပ်တူရဖို့ အမျှပေးဝေပါတယ်။

ကိုပေါက်ရေ---- အမျှ---အမျှ---အမျှ သာဓုခေါ်ဆိုနိုင်ပါစေ။

**ဖေကြီး-ဒုဗိုလ်မှူးကြီးမောင်မြို့(ငြိမ်း)၊ မေကြီး-ဒေါ်တင်တင်သန်း**
**ညီ-ဖြိုးဝေမျိုး၊ ငြိမ်းချမ်းစစ်လင်းမျိုး**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ကောင်းဘွန်လုံ(ခ)ဦးမောင်ဝင်း**

**အသက်(၈၈)နှစ်**

အမှတ်(၉၇)၊ ဌာနလမ်း၊ မကြီးတန်းမြောက်/အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ သူငယ်ချင်း ဦးသန်းအောင်ဇော်၏ဖခင် ကောင်းဘွန်လုံ(ခ)ဦးမောင်ဝင်း အသက်(၈၈)နှစ်သည် ၁၆-၁-၂၀၁၅ရက်(သောကြာနေ့)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**သူငယ်ချင်းများ**
**သတ္တုလုပ်ငန်းအတတ်ပညာ(Metal)၁၉၇၉**
**အမှတ်(၃)ဒေသကောလိပ်၊ ကြည့်မြင်တိုင်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မြမြစီ (မိတ္ထီလာ)**

**အသက်(၈၀)**

ဗိုလ်ချုပ်တင်စိန်(ငြိမ်း)၏ဇနီး ဒေါ်မြမြစီသည် ၁၂-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ခလရ(၉၃)တပ်တည် ရဲဘော်ရဲဘက်အရာရှိစစ်သည်ဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါက်တာတင်အုံးကျော် (၆၈)နှစ်**

**M.B,B.S(Mdy)Dip.Med.Sc(Hospital Admin)**

**ခရိုင်ဆရာဝန်ကြီး(ငြိမ်း)၊ စစ်ကိုင်းပြည်သူ့ဆေးရုံကြီး**

ရန်ကုန်မြို့၊ တိုက်(၃၃၂)၊ အခန်း(၂၂)၊ အနောက်ရန်ကင်းနေ ဒေါ်စန္ဒာတင်၏ ချစ်လှစွာသောခင်ပွန်း ဒေါက်တာတင်အုံးကျော်သည် ၁၇-၁-၂၀၁၅ရက် (စနေနေ့) နံနက် ၄ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

**ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့**
**မြန်မာနိုင်ငံဆရာဝန်အသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်ညိုဦး(ကော့မှူး)**

**အသက်(၆၃)နှစ်**

ဦးဝင်းမြင့်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)၏ဇနီးဖြစ်သူ ဒေါ်ခင်ညိုဦးသည် ၁၁-၁-၂၀၁၅ ရက်(တနင်္ဂနွေနေ့) ည ၇း၂၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမြင့်အောင်(သင်းစည်)၊ မြိတ်တောင်ရပ်၊ မြိတ်မြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဦးတင်အောင်**

**အသက်(၇၀)**

**ဒုတိယအထွေထွေမန်နေဂျာ(ငြိမ်း)၊ သစ်ထုတ်ရေးဌာန**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သုခမြိုင်(၄)လမ်း၊ အမှတ်(၈၈)နေ ဆရာမဒေါ်စိုးစိုးတင်၏ခင်ပွန်း ဦးတင်အောင်သည် ၁၆-၁-၂၀၁၅ရက် နံနက် ၄း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**သစ်ထုတ်ရေး(အငြိမ်းစား)အရာထမ်းများ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြေကွက်အမှတ်-၇၈၈၊ မြေကွက်တည်နေရာအမှတ်(၇၈၈)၊ ၃၆ ရပ်ကွက်၊ ဒဂုံမြို့သစ်၊ ဦးအောင်သန်း(MGN-၁၅၀၇၈၈)အမည်ပေါက် နှစ်(၆၀)ဂရန်မြေအားအမည်ပေါက် ဦးအောင်သန်း (လူပျို)ကွယ်လွန်သဖြင့် ဒေါ်စိန်စိန်[၁၂/တမန(နိုင်)၀၄၄၇၁၉]၊ ဦးမြင့်လွင်[၁၂/တမန(နိုင်)၀၄၅၃၂၀]က ညီ၊ ညီမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ ၁-၁၂-၂၀၁၄ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် ဤဌာနသို့ မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဤဌာန၏ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဆိပ်ကြီးခနောင်တိုမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ မြေကွက်အမှတ်(၂၉၁)၊ မြေကွက်တည်နေရာအမှတ်(၂၉၁)၊ အရှေ့ခနောင်တိုရပ်ကွက်၊ ဆိပ်ကြီးခနောင်တိုမြို့နယ်၊ ဦးသောင်းလှိုင်(TTE ၀၅၉၅၀၀) အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ထံမှ ၂၆-၁၂-၂၀၁၁ ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ကို အထောက်အထားပြု၍ ဒေါ်စပယ်ဝင်း[၁၃/တကန(နိုင်)၀၀၄၅၃၅]မှ ပါမစ်မူရင်းအရောင်းအဝယ်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဂရန်သစ်လျှောက်ထားလာရာ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒေါက်တာမေသူသန်း(ခ)မမာမာ

**Ph.D (Maths)**

**၂၂-၁-၂၀၀၉-၂၂-၁-၂၀၁၅**

သိစိတ်နှင့်ခန္ဓာရှိနေသမျှ သနားကြေကွဲ လွမ်းဆွတ်သတိရနေမှာပါ။ သမီးကိုရည်စူးပြီး ၂၂-၁-၂၀၁၄ ရက် အရုဏ်ဆွမ်းအလှူ(ရန်ကုန်)၊ ၂၄-၁-၂၀၁၄ ရက် အရုဏ်+နေ့ဆွမ်းအလှူ(မလှိုင်) ၆-၁၁-၂၀၁၄ ရက် အနန္တမေတ္တာ ကုသိုလ်ဖြစ်အသက်ကယ်အလှူတွင် အောက်စီဂျင်အိုးကြီး ပစ္စည်းမျိုးစုံနှင့် ဖြူးစေတီတော်-စေတီရံတစ်ဆူ (မိသားစု)အလှူ နေ့စဉ်၊ အပတ်စဉ်အလှူတို့သည် သမီးလေးအတွက် အားကိုးရာတရားရရန် အထောက်အပံ့ကောင်းတွေဖြစ်ပါစေ . . . .

**ဖေဖေ-မေမေ**
**မမ၊ ညီမလေး၊ မောင်လေး**
**အရှေ့ကြို့ကုန်း၊ အင်းစိန်**

## ဝမ်းနည်းကြေကွဲခြင်း

သန်လျင်နာရေးကူညီမှုအသင်းမှ ဦးတင့်အောင်(အလုပ်အမှုဆောင်)-ဒေါ်တင်တင်လှတို့၏မိခင် ဒေါ်ကျင်အေး (၈၆)နှစ်သည် ၁၈-၁-၂၀၁၅ရက်(တနင်္ဂနွေနေ့) ည ၇း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**နာယကများနှင့်အလုပ်အမှုဆောင်အဖွဲ့**
**သန်လျင်နာရေးကူညီမှုအသင်း**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်လှ (ပခုက္ကူ)**

**အသက်(၈၁)နှစ်**

သာသနာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဦး-ဒေါ်ချိုချိုဝင်းတို့၏မိခင်ကြီး ဒေါ်ခင်လှ အသက်(၈၁)နှစ်သည် ၁၇-၁-၂၀၁၅ ရက် ည ၁၀း၃၀နာရီတွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းညီအေး-ဒေါ်ဇင်မြင့်မောင်**

## ဝမ်းနည်းကြေကွဲခြင်း

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သုဝဏ္ဏ၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်(၁၆၀)နေ ဦးအောင်မျိုးသန့် G. B.G. G အဖွဲ့ဝင်၏မိခင် ဒေါ်ယဉ်ယဉ်လှ (၇၅)နှစ်သည် ၁၈-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်တကွ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Golden Brothers Golfer Group

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ခင်အေး**

**အသက်(၇၈)နှစ်**

ချစ်သူငယ်ချင်း ကိုအာကာမြင့်စိုးနှင့် မမြကေသာတို့၏အဘွား ဒေါ်ခင်အေးသည် ၁၈-၁-၂၀၁၅ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကိုအောင်ပြည့်စုံ-မမေဦး မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်လှ(ပခုက္ကူ)**

**အသက်(၈၁)နှစ်**

သာသနာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမြင့်ဦး-ဒေါ်ချိုချိုဝင်းတို့၏ ကျေးဇူးရှင် မွေးသမိခင်ဒေါ်ခင်လှ အသက်(၈၁)နှစ်သည် ၁၇-၁-၂၀၁၅ရက် ညပိုင်းတွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းမိသားစုများ**
**သာသနာရေးဦးစီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ခင်လှ(ပခုက္ကူ) (၈၁)နှစ်**

သာသနာရေးဝန်ကြီးဌာန၊ ရုံးအဖွဲ့မှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)ဦးမြင့်ဦး-ဒေါ်ချိုချိုဝင်းတို့၏ကျေးဇူးရှင် မွေးသမိခင်ဒေါ်ခင်လှ အသက်(၈၁)နှစ်သည် ၁၇-၁-၂၀၁၅ရက် ညပိုင်းတွင် ပခုက္ကူမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယပါမောက္ခချုပ်(စီမံ)နှင့်ဇနီး**
**ဌာနမှူး(စီမံ/ဘဏ္ဍာ)နှင့်ဇနီး**
**ညွှန်ကြားရေးမှူး(စီမံ)နှင့်ဇနီး**
**ဝန်ထမ်းမိသားစုများ**
**အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်**
**ရန်ကုန်တိုင်းဒေသကြီး။**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မြမြစီ(မိတ္ထီလာ)**

**အသက်(၈၀)**

ဒေါက်တာနေလင်းအောင်(ဒိုးဒိုး) (Excellent Unity Co.,Ltd)-ဒေါ်နှင်းနွယ်အေးတို့၏မိခင် ဒေါ်မြမြစီသည် ၁၂-၁-၂၀၁၅(တနင်္လာနေ့) မွန်းလွဲ၁း၁၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ထွန်းအောင်-ဒေါ်မြမြဖြိုး**
**Youth Force Group of Companies**

# ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း အိန္ဒိယသမ္မတနိုင်ငံ သမ္မတ၊ ဒုတိယသမ္မတ၊ ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံ

**နယူးဒေလီ ဇန်နဝါရီ ၂၁**

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ချစ်ကြည်ရေးခရီးရောက်ရှိနေသော ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ဇန်နဝါရီ ၂၀ ရက် ညပိုင်းတွင် မြန်မာသံရုံးနှင့် စစ်သံရုံးမိသားစုဝင်များ၊ မြန်မာပညာတော်သင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး မြန်မာသံအမတ်ကြီး တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်သည်။

ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့် အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် အိန္ဒိယနိုင်ငံ ဒုတိယသမ္မတရုံး၌ ဒုတိယသမ္မတ မစ္စတာ မိုဟာမက် ဟာမစ် အန်ဆာရီနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် အိန္ဒိယအမျိုးသားပြတိုက်သို့ ရောက်ရှိပြီး ပြတိုက်အတွင်းလှည့်လည်ကြည့်ရှုရာ ပြတိုက်အတိုင်ပင်ခံ Ms. Joyoti Roy က ပြတိုက်ဆိုင်ရာ အချက်အလက်များအား ရှင်းလင်းပြောကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အိန္ဒိယနိုင်ငံ ဝန်ကြီးချုပ်ရုံး၌ ဝန်ကြီးချုပ် မစ္စတာ နာရင်ဒရာမိုဒီနှင့် တွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့



ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်း နယူးဒေလီမြို့ Fortis Hospital တွင် လေ့လာစဉ်။ (သတင်းစဉ်)

## နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်တဲ့နေရာမှာ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်မှုအပိုင်းနဲ့ ဆက်စပ်လုပ်နေခြင်းဖြစ်

ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တွေ့ဆုံခြင်း ➢ အင်တာဗျူးစာမျက်နှာ - ၈

# ၂၀၁၅ ခုနှစ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်း ၅၀ ပြည့်တော့မည်

သတင်းနှင့်ဓာတ်ပုံ - နိုင်လင်းကြည်၊ ခင်ခင်သက်၊ စန္ဒာဝင်း(ကြေးမုံ)

နိုင်ငံတော်၏ လူမှုရေးဦးတည်ချက် လေးရပ်အနက် တစ်ရပ်အပါအဝင်ဖြစ်သည့် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးအတွက် ဆောင်ရွက်ရာတွင် အမျိုးသား ကျန်းမာရေးမူဝါဒနှင့်အညီ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ဆေးသိပ္ပံပညာဦးစီးဌာနက နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုကို အပြည့်အဝစောင့်ရှောက်ပေးမည့် အစီအစဉ်အဖြစ် ကျန်းမာရေးအရင်းအမြစ်အင်အားဖြစ်သည့် ဆရာဝန်၊ သူနာပြု၊ သားဖွားနှင့် ဆေးဘက်ဆိုင်ရာပညာရှင်များကို လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များကို တိုးမြှင့်လေ့ကျင့်မွေးထုတ်ပေးလျက်ရှိသည့် ဆေးတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်နှစ်ခုနှင့် သူနာပြုနှင့် သားဖွားနှီးနွှယ်သင်တန်းကျောင်း ၄၆ ခုရှိပြီး လက်ရှိတည်ဆောက်ဆဲ တောင်ကြီး ဆေးတက္ကသိုလ်တစ်ခု၊ နေပြည်တော်ကောင်စီနယ်မြေနှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တို့တွင် သူနာပြုနှင့်သားဖွားသင်တန်းကျောင်းတစ်ကျောင်းစီ တည်ဆောက်လျက်ရှိရာ ယခု ၂၀၁၅ ခုနှစ်တွင် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းပေါင်း ၅၀ ပြည့်တော့မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တက္ကသိုလ်များနှင့် သင်တန်းကျောင်းများတွင် ခေတ်နှင့်အညီ ထိရောက်စွာသင်ကြားပေးနိုင်ရန် သင်ကြားရေးအထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးခြင်း၊ သင်ကြားရေးဆရာများ တိုးချဲ့ခန့်ထားပေးခြင်းနှင့် သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်အညီ သုံးသပ်ပြင်ဆင်သင်ကြားပေးခြင်း၊ သူနာပြုနှင့် သားဖွားကိုလည်း သုံးနှစ် ဒီပလိုမာအဆင့်မှ သူနာပြုပါရဂူဘွဲ့အထိ တိုးမြှင့်သင်ကြားပေးခြင်းများနှင့် စပ်လျဉ်း၍

စာမျက်နှာ ၄ ကော်လံ ၁ သို့



**နေပြည်တော်ကောင်စီနယ်မြေတွင် တည်ဆောက်လျက်ရှိသည့် သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကိုတွေ့ရစဉ်။**

## ယနေ့မာတိကာ

မွန်မြတ်သည့်ပရဟိတ စာမျက်နှာ - ၂
လီဗာပူးမှ ဂျာရတ် ထွက်ခွာမည်ကို စိတ်မကောင်းဟု မော်ရင်ဟိုပြောကြား စာမျက်နှာ - ၁၃
မွန်မြတ်တဲ့ပရဟိတ အလုပ်တွေမှာ မိုးစက်နဲ့အတူ ပါဝင်ဖို့ဖိတ်ခေါ် စာမျက်နှာ - ၁၄
မှန်ကန်စွာခံယူ ကျင့်သုံးခြင်းဖြင့် အောင်မြင်မှုဆီတက်လှမ်းပါ စာမျက်နှာ - ၁၈




themirror.npt@gmail.com
www.facebook.com/themirrordaily